# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၆ ခုနှစ် ၊ နတ်တော်လဆန်း (၁) ရက် ၊ တနင်္ဂနွေနေ့ ၊ (1-12-2024) ၊ အတွဲ (၃၃) ၊ အမှတ် (၂၁၅)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ သတ္တမအကြိမ်မြောက် ထားဝယ်အမျိုးသားနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ**

စာမျက်နှာ- ၁၈

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တွံ့တေးမွေးမြူရေးဇုန် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တွံ့တေးမွေးမြူရေးဇုန်အတွင်းရှိ ဦးအောင်လင်းဦး၏ရွှေဘဲ(အသားတိုးဘဲ) မွေးမြူရေးခြံ၌ ဘဲများမွေးမြူထားရှိမှုအခြေအနေကို ကြည့်ရှုစဉ်။

နေပြည်တော် နိုဝင်ဘာ ၃၀

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး တွံ့တေးမြို့နယ်ရှိ တွံ့တေးမွေးမြူရေးဇုန်အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးအဆင့် စိုက်ပျိုးမွေးမြူရေးဆိုင်ရာ တာဝန်ရှိသူများက တိုင်းဒေသကြီးအတွင်း မွေးမြူရေးလုပ်ငန်းများဆောင်ရွက်ထားရှိမှုနှင့်ပတ်သက်၍ တိုင်းဒေသကြီးအတွင်း အသားဖူလုံရေးအတွက် ဒေသနွားနှင့် နို့စားနွား၊ ဒေသကျွဲနှင့် နို့စားကျွဲ၊ ဝက်၊ ဆိတ်၊ သိုး၊ ဥစားကြက်၊ အသားစားကြက်၊ တိုင်းရင်းကြက်၊ ဘဲ၊ မန်ဒါလီ၊ ငုံးများ မွေးမြူထားရှိမှု၊

စာမျက်နှာ ၁၆ ကော်လံ ၁ ☞




ရတနာပုံ
၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၁ ရက်
အယ်ဒီတာ့အာဘော်

# စာဆိုတော်များကို ချီးမြှင့်ဂုဏ်ဖော် လနတ်တော်

နတ်တော်လသည် မြန်မာလများတွင် ကိုးလမြောက်လဖြစ်သည်။ ဆောင်းလရာသီဖြစ်သည့် နတ်တော်လရာသီသည် ခေတ်အဆက်ဆက်ပေါ်ထွန်းခဲ့သည့် စာဆိုတော်များ ရေးဖွဲ့သီကုံးခဲ့သည့် စာပေ၏အနှစ်သာရ၊ အဆီအနှစ်များကို ပြန်လည်လှစ်ဟ ဖော်ကျူးဂုဏ်ပြုကြသည့် ကာလလည်းဖြစ်သည်။ ဤရာသီအခါသမယတွင် နိုင်ငံတော်အဆင့်ကြီးမှူးကျင်းပသော နိုင်ငံ၏အမြင့်ဆုံးစာပေဆုများဖြစ်သည့် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆု၊ စာပေဗိမာန်စာမူဆုများကို ပေးအပ်ချီးမြှင့်သည့် စာပေဆုနှင်းသဘင်ကြီးကိုလည်း နတ်တော်လဆန်းတစ်ရက် စာဆိုတော်နေ့တွင် ကြီးကျယ်ခမ်းနားစွာ ကျင်းပချီးမြှင့် ဂုဏ်ဖော်လေ့ရှိပါသည်။

မြန်မာလူမျိုးတို့၏ ယဉ်ကျေးမှုအစဉ်အလာအရ နှစ်စဉ်နှစ်တိုင်း နတ်တော်လဆန်း ၁ ရက်၌ နိုင်ငံနှင့်ပြည်သူတို့၏ ကောင်းကျိုးအဖြာဖြာအတွက် ကလောင်စွမ်းဖြင့် တတ်စွမ်းသမျှ ကြိုးပမ်းဖော်ဆောင်ခဲ့ကြသည့် စာပေပညာရှင်ကြီးများ၊ စာဆိုတော်များ၏ စာပေဂုဏ်ကျေးဇူးကို အလေးအမြတ်ထား၍ စာဆိုတော်နေ့အခမ်းအနားကို အစဉ်အလာကြီးမားစွာ ကျင်းပခဲ့ကြသည်။ မြန်မာနိုင်ငံတွင် စာဆိုတော်နေ့ဖြစ်ပေါ်လာပုံမှာ ဂျပန်ခေတ်တွင် ပညာတံခွန်အသင်းက ကွမ်းခြံကုန်းမြို့၌ အဘိဓာန်နှင့် ပညာစွယ်စုံကျမ်းများ ပြုစုရေးလုပ်ငန်းများကို ဆောင်ရွက်နေစဉ် "စာဆိုတော်ကြီး ဦးပုညနေ့"ကျင်းပရန် စီစဉ်ခဲ့ကြသည်။ ထိုစဉ် ပညာတံခွန်အသင်းကြီးက စာဆိုတော်တစ်ဦးအတွက် နေ့တစ်နေ့သတ်မှတ်ကျင်းပခြင်းထက် စာဆိုတော်အများနှင့်သက်ဆိုင်သည့် နေ့တစ်နေ့အဖြစ် ကျယ်ကျယ်ပြန့်ပြန့်သတ်မှတ်ကျင်းပသင့်ကြောင်း အကြံပြုခြင်းကြောင့် ပညာတံခွန်အသင်းမှ စာပေပညာရှင်ကြီးများ၊ မြန်မာနိုင်ငံ စာရေးဆရာအသင်းမှ ပုဂ္ဂိုလ်များသည် ၁၉၄၄ ခုနှစ် မေလ ၈ ရက်တွင် အစည်းအဝေးကျင်းပပြီး နှစ်စဉ် နတ်တော်လဆန်း ၁ ရက်၌ မြန်မာစာဆိုတော်နေ့ကျင်းပရန် ဆုံးဖြတ်ခဲ့ကြသည်။ ပထမအကြိမ် စာဆိုတော်နေ့အခမ်းအနားကို ၁၃၀၆ ခုနှစ် နတ်တော်လဆန်း ၁ ရက်တွင် စတင်ကျင်းပခဲ့ပြီး ယနေ့ထက်တိုင် အဆိုပါအစဉ်အလာကို ဆက်လက်ထိန်းသိမ်းရန် နှစ်စဉ်ကျင်းပလျက်ရှိရာ နှစ်ပေါင်း ၇၀ ကျော်ထိပင် ရှိခဲ့ပြီဖြစ်သည်။

နိုင်ငံတော်တွင် ယခုကဲ့သို့နှစ်ပေါင်း ၇၀ ကျော်တိုင်အောင် စဉ်လာမပြတ် ဂုဏ်ပြုဖော်ဆောင်ရလောက်သော စာပေပညာရှင်များနှင့် စာဆိုတော်တို့သည် စာပေအင်အားဖြင့် နိုင်ငံတိုးတက်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် ခေတ်၏လိုအပ်ချက်အတိုင်း ကလောင်လက်နက်ဖြင့် အင်တိုက်အားတိုက် ပါဝင်ကြိုးပမ်းခဲ့ကြသူများဖြစ်ကြသည်။ နိုင်ငံသူ၊ နိုင်ငံသားများ အတွေးအခေါ်မှန်ကန်စေရန်၊ နည်းလမ်းမှန်ကန်သော အသိဉာဏ် ဗဟုသုတတိုးပွားစေရန်၊ အကျင့်စာရိတ္တနှင့် ကိုယ်ကျင့်တရားကောင်းမွန်စေရန်၊ လူသားအရင်းအမြစ် အရည်အသွေးတိုးတက်တောက်ပြောင်စေရန် စာပေပညာရှင်များ၊ စာဆိုတော်များ၏ စာပေအားဖြင့် ဆက်လက်၍ထိန်းကျောင်းတည့်မတ်ပေးခြင်းဖြင့် နိုင်ငံတော်သည်လည်း အေးချမ်းသာယာ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပေသည်။

မြန်မာစာဆိုတော်များ၏ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ဖြင့် ရေးသားခဲ့ကြသည့် စာကောင်းပေမွန်များ ပေါ်ပေါက်လာခြင်းကြောင့် မြန်မာနိုင်ငံသည် ခေတ်စနစ်အမျိုးမျိုးကြားက နိုင်ငံရေးစနစ်များ မည်သို့ပင်ပြောင်းလဲစေကာမူ ကမ္ဘာ့အလယ်တွင် စာပေယဉ်ကျေးမှုဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံအဖြစ် ရပ်တည်နိုင်ခဲ့သည်။ ထို့ကြောင့် စာပေပညာရှင်များသည် ယခုကဲ့သို့ တန်ဖိုးမဖြတ်နိုင်သည့်မွန်မြတ်သော အစဉ်အလာများ လက်ဆင့်ကမ်းဖော်ဆောင်ကြပြီး အမျိုးဘာသာ သာသနာအကျိုးနှင့် နိုင်ငံ့ပုံရိပ်ကို မြှင့်တင်နိုင်သည့် စာကောင်းပေမွန်များစွာကိုလည်း ဆက်လက်ရေးသားဖွဲ့ဆိုနိုင်ကြပါစေကြောင်း ယနေ့ကျရောက်သည့် စာဆိုတော်နေ့နှင့် စာပေဆုနှင်းသဘင်အခမ်းအနားတို့ကို ဝမ်းမြောက်ကြည်နူးစွာ ဂုဏ်ပြုရေးသားလိုက်ရပါသည်။

# မန္တလေးမြို့တွင် ၂၀၂၄ ခုနှစ် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး ၁၆ ရက်တာလှုပ်ရှားမှုအထိမ်းအမှတ်အခမ်းအနား ကျင်းပ




**မန္တလေး နိုဝင်ဘာ ၃၀**

၂၀၂၄ ခုနှစ် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး ၁၆ ရက်တာ လှုပ်ရှားမှုအထိမ်းအမှတ်အခမ်းအနားကို နိုဝင်ဘာ ၂၉ ရက် နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးမြို့တော်ခန်းမ၌ကျင်းပရာ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်ဇနီး၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့်တာဝန်ရှိသူများ၊ တိုင်းဒေသကြီး အမျိုးသမီးရေးရာကော်မတီဝင်များ၊ ဌာနဆိုင်ရာများနှင့် အသင်း၊ အဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့်ဇနီးများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုရပ်တန့်ဖို့ အားလုံးပေါင်းစု ကြိုးပမ်းလို့ ဘေဂျင်း ကြေညာစာတမ်းနှင့် လုပ်ငန်းစီမံချက် နှစ် ၃၀ ပြည့်ဆီ ရောက်လှမ်းစို့ ဆောင်ပုဒ်နှင့်အညီ အမျိုးသမီးများနှင့် မိန်းကလေးငယ်များအပေါ် အကြမ်းဖက်မှု တားဆီးကာကွယ်ရေး၊ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေး၊ ငြိမ်းချမ်းရေးနှင့် ကျား၊ မ ရေးရာ တန်းတူညီမျှရေးတို့ကို အားလုံးဝိုင်းဝန်းပူးပေါင်းကာ မြှင့်တင်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ၂၀၂၄ ခုနှစ် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး ၁၆ ရက်တာလှုပ်ရှားမှုအထိမ်းအမှတ် အသိပညာပေး Video Clip ကို လည်းကောင်း၊ လူမှုဝန်ထမ်းဦးစီးဌာနရှိ အမျိုးသမီး သက်မွေးအတတ်ပညာသင်ကျောင်း၊ နားမကြားသောကလေးများကျောင်း၊ ပြည်လုံးချမ်းသာ ပရဟိတဂေဟာ၊ အမျိုးသမီးကလေးများ သင်တန်းကျောင်း၊ အေးရိပ်မွန် အမျိုးသမီးပရဟိတဂေဟာတို့မှ အမျိုးသမီးငယ်လေးများ၏ ဂုဏ်ပြုသီဆို တေးသရုပ်ဖော်ကပြမှုများကိုကြည့်ရှုအားပေးပြီး ဂုဏ်ပြုငွေများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မျိုးကျော်**

# စစ်ကိုင်းခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲပုပ် ၅၈၇၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**စစ်ကိုင်း နိုဝင်ဘာ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲပုပ် ၅၈၇၈ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲပုပ် ဧက ၁၀၃၀၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ်အောက်တိုဘာလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၅၈၇၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ စစ်ကိုင်းခရိုင်မှာ ပဲပုပ် ဧက ၁၀၃၀၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၅၈၇၈ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီစွာစိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ပိုးမွှားကျရောက်မှုမရှိစေဖို့ ပညာပေးတာတွေလဲ ဆောင်ရွက်ပေးနေပါတယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

ယခုနှစ် စစ်ကိုင်းခရိုင်တွင် မြို့နယ်အလိုက် ပဲပုပ်စိုက်ပျိုးပြီးစီးမှုအနေဖြင့် စစ်ကိုင်းမြို့နယ်တွင် ၁၉၂၈ ဧက၊ မြင်းမူမြို့နယ်တွင် ၆၅၅ ဧကနှင့် မြောင်မြို့နယ်တွင် ၃၂၉၅ ဧက စုစုပေါင်း ၅၈၇၈ ဧကတို့ဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲပုပ်စိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် စစ်ကိုင်းမြို့နယ်တွင် ၂၀၄၂ ဧက၊ မြင်းမူမြို့နယ်တွင် ၇၄၂ ဧကနှင့်မြောင်မြို့နယ်တွင် ၇၅၁၆ ဧက စုစုပေါင်း ဧက ၁၀၃၀၀ တို့ဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းခရိုင်တွင် ပဲပုပ်စိုက်တောင်သူများကို စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်း၊ မျိုးသန့်ရရှိရေး စသည့် အသိပညာပေးလျက်ရှိကြောင်း သိရသည်။ (၂၀၆)

# ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ဇီယာဆန် ၂၄ ပြည်ဝင်အိတ်ရေ ၈၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ကျိုက်လတ် နိုဝင်ဘာ ၃၀**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ၂၄ ပြည်ဝင် ဇီယာဆန် အိတ်ရေ ၈၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျိုက်လတ်မြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြင့်မြင့်အေးက ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် စက်တင်ဘာလ တစ်လအတွင်းက ဇီယာဆန် ၂၄ ပြည်ဝင် အိတ်ရေ ၅၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး အောက်တိုဘာ ၁ ရက်မှ ၃၁ ရက်ထိ တစ်လအတွင်း ဇီယာဆန်အမျိုးအစား ၂၄ ပြည်ဝင် အိတ်ရေ ၈၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

''ပြီးခဲ့တဲ့ တစ်လအတွင်း ဇီယာဆန်အမျိုးအစား အိတ်ရေအများအပြား ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ ကျိုက်လတ်မြို့နယ်ကနေ လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အများဆုံး တင်ပို့ရောင်းချနေပါတယ်။ ဇီယာဆန်အမျိုးအစားက စားကောင်းတဲ့ ဆန်အမျိုးအစားဖြစ်ပါတယ်။ အဲဒီဆန်တွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုများနေလို့အရောင်းအဝယ်ကောင်းခဲ့တာ ဖြစ်ပါတယ်။ ဇီယာဆန်အမျိုးအစားကို ရန်ကုန်ဈေးကွက်က အခုလထဲမှာလဲ အများအပြားဝယ်ယူဖို့ ချိတ်ဆက်မှုတွေရှိနေပါတယ်။ အခြား ဆန်တွေနဲ့ယှဉ်ရင် လတ်တလောအနေနဲ့ပါ ဒီဆန်အမျိုးအစားက အရောင်းအဝယ်ပိုဖြစ်နေပါတယ်''ဟု ကျိုက်လတ်မြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြင့်မြင့်အေးက ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ဇီယာဆန် တစ်အိတ်လျှင် ငွေကျပ် ၁၀၅၀၀၀ ထိ ဈေးပေါက်နေကြောင်း၊ အဆိုပါ ဇီယာဆန်အိတ်များကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေသည့်အတွက် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချ လုပ်သားများ၊ ကုန်တင်ယာဉ် အငှားလိုက်သည့် လုပ်ငန်းရှင်များ အလုပ်အကိုင် အခွင့်အလမ်းများ အဆင်ပြေလျက်ရှိကြောင်း ကျိုက်လတ်မြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြင့်မြင့်အေးက ဆက်လက်ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ကြို့ပင်ကောက်မြို့နယ် တောရကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ စစ်ဆေး

**ကြို့ပင်ကောက် နိုဝင်ဘာ ၃၀**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက တောရကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေ၊ ကျေးရွာပြည်သူများ လုပ်အားထည့်ဝင်မှုတို့ဖြင့် ကျေးရွာတွင်းလမ်း ဂဝံမြေနီခင်းခြင်း လုပ်ငန်းနှင့် ရေသန့်စင်စနစ် တပ်ဆင်ခြင်းလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို နိုဝင်ဘာ ၂၉ ရက် နံနက်ပိုင်းက ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သီသီအောင်နှင့် စီမံကိန်း တာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်အတူ တောရကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေ၊ ကျေးရွာပြည်သူများ လုပ်အားထည့်ဝင်မှုတို့ဖြင့် ကျေးရွာတွင်းလမ်း ဂဝံမြေနီခင်းခြင်းလုပ်ငန်းနှင့် ရေသန့်စင်စနစ် တပ်ဆင်ခြင်း လုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များဖြည့်စွက် မှာကြားသည်။

အဆိုပါ တောရကျေးရွာ၌ ကျေးရွာတွင်းလမ်း အရှည်ပေ ၁၈၇၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ဂဝံမြေနီခင်းခြင်းနှင့် ရေသန့်စင်စနစ်တပ်ဆင်ခြင်း လုပ်ငန်းတို့ကို မြစိမ်းရောင် ကျေးရွာစီမံကိန်း အတိုးရငွေကျပ် ၆၁ ဒသမ ၉ သိန်း၊ ကျေးရွာပြည်သူများ လုပ်အားထည့်ဝင်မှုတို့ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများက အနီးကပ်ကြီးကြပ်ကာ ကျေးရွာသူကျေးရွာသားများကိုယ်တိုင် ဇူလိုင်လ ဒုတိယပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ကျော်ဦး**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် မန္တလေးမြို့ ၃၆ လမ်း - ၃၇ လမ်းကြား၊ ၈၄ လမ်းနေ မဈွေဇင်ဝင်း မွေးနေ့အထိမ်းအမှတ်အဖြစ် ဆွမ်းအလှူငွေကျပ် ၄၇၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းအတွင်းရေးမှူး ဦးဝဏ္ဏက လက်ခံရယူစဉ်။

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်

## ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရိုက်မြင့်တင်ရေးပွဲတော် တက်ရောက်



**မန္တလေး နိုဝင်ဘာ ၃၀**

ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန် မြှင့်တင်ရေးပွဲတော်ဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၉ ရက် နံနက်ပိုင်းက အောင်မြေသာစံမြို့နယ်ရှိ အမှတ်(၁၇)အခြေခံပညာအထက်တန်းကျောင်း၌ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်ဦးမျိုးအောင်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး ပညာရေးမှူး၊ တိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးမှူးနှင့် တာဝန်ရှိသူများ၊ အလှူရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်မှခ်ဦးကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ စည်ပင်သာယာရေးဝန်ကြီး၊ တိုင်းဒေသကြီးပညာရေးမှူး၊ တိုင်းဒေသကြီးပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူးနှင့် အောင်မြေသာစံခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က စာပေဖတ်ရှုသည့် အလေ့အထများ လူငယ်များကြား ရှင်သန်ခိုင်မာစေရန် စာဖတ်ရှိန် မြှင့်တင်ရေးပွဲတော်များ၊ လူငယ်စကားဝိုင်းများ၊ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲများကို စဉ်ဆက်မပြတ်ကျင်းပပေးလျက်ရှိကြောင်း၊ ယနေ့လူငယ်များ အပါအဝင်ကျောင်းသား၊ ကျောင်းသူများ၊ ပြည်သူများ စာပေလေ့လာဖတ်ရှုနိုင်သည့် ပတ်ဝန်းကျင်များ စွာဖန်တီးပေးနိုင်ရန်၊ စာအုပ်စာစောင်များ လက်လှမ်းမီထားရှိပေးနိုင်ရန် စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ပွဲတော်တွင် ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များနှင့် ပညာရေးပြခန်းများ၊ ပြပွဲ၊ ပြိုင်ပွဲများတွင် ကျောင်းသား၊ ကျောင်းသူများ ကြည်နူးပျော်ရွှင်စွာ ပါဝင်ဆင်နွှဲနေမှုများကို လိုက်လံ ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**မျိုးကျော်**

# မက်မန်းမြို့နယ် ကွန်ဟောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မက်မန်း နိုဝင်ဘာ ၃၀**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မက်မန်းခရိုင် မက်မန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အေးကျန့်ကျေးရွာအုပ်စု ကွန်ဟောင်းကျေးရွာ၌ သတ္တမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေထုတ်ချေးခြင်းကို နိုဝင်ဘာ ၂၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မက်မန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှိုင်မင်းထွန်းက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေရန်၊ တိုးပွားလာသောရန်ပုံငွေများဖြင့် ကျေးရွာတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်စသည့် ရည်ရွယ်ချက်များဖြင့် လည်ပတ်ရန်ပုံငွေများ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင် ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ကွန်ဟောင်းကျေးရွာရှိ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်မည့် အသင်းသား၊ အသင်းသူ ၂၅ ဦးကို မြစိမ်းရောင် ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ် ရန်ပုံငွေကျပ် ၃၆၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း မက်မန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**မောင်ခိုင်**

# လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ငါးခြောက်အစုံပိဿာချိန် ၈၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**လပွတ္တာ နိုဝင်ဘာ ၃၀**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ငါးခြောက်အစုံ ပိဿာချိန် ၈၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း လပွတ္တာမြို့နယ် ငါးခြောက်မျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းဌေးကပြောပြ၍ သိရသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် စက်တင်ဘာလအတွင်း ငါးခြောက်အစုံပိဿာချိန် ၆၀၀၀၀ ထိသာ ရောင်းချနိုင်ခဲ့ပြီး အောက်တိုဘာ ၁ ရက်မှ ၃၁ ရက်ထိ တစ်လအတွင်း ငါးခြောက်အစုံပိဿာချိန် ၈၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ တင်ပို့ရောင်းချခဲ့သည့် ငါးခြောက်များသည် ငါးကွမ်းရှပ် (ငါးညို) ခြောက်၊ ငါးလိပ်ခြောက်၊ ပင်လယ်ငါးပြေမခြောက်၊ ငါးဖောင်ရိုးခြောက် အာပွဲ့ခြောက် စသည့်ငါးခြောက်အမျိုးအစားများကို အများဆုံးတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

''ဒေသကထွက်တဲ့ ပင်လယ်ငါးခြောက်အစုံကို စနစ်တကျထုတ်လုပ်ပြီး ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့ တစ်လအတွင်းငါးခြောက်အစုံပိဿာချိန် ၈၂၀၀၀ ထိ ရောင်းချခဲ့ရပါတယ်။ ဒေသထွက် ငါးခြောက်အစုံကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုများပြားနေလို့ အရောင်းအဝယ်ကောင်းခဲ့တာဖြစ်ပါတယ်။ အခုလို အရောင်းအဝယ်ကောင်းလာတော့ ငါးခြောက်လုပ်ငန်းနဲ့ ဆက်စပ်သူတွေအတွက် အဆင်ပြေလာပါတယ်''ဟု လပွတ္တာမြို့နယ် ငါးခြောက်မျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းဌေးက ပြောပြသည်။

အဆိုပါ တင်ပို့ရောင်းချခဲ့သည့် ငါးခြောက် တစ်ပိဿာဈေးနှုန်းမှာ ငါးဖောင်ရိုးခြောက် တစ်ပိဿာလျှင် ငွေကျပ် ၂၇၅၀၀၊ ငါးကွမ်းရှပ်(ငါးညို) တစ်ပိဿာလျှင်ငွေကျပ် ၅၅၀၀၀၊ ပင်လယ်ငါးပြေမ ငါးခြောက်တစ်ပိဿာလျှင် ငွေကျပ် ၅၅၀၀၀၊ ငါးလိပ်ခြောက် တစ်ပိဿာလျှင် ငွေကျပ် ၄၅၀၀၀၊ အာပွဲ့ခြောက်တစ်ပိဿာလျှင် ငွေကျပ် ၂၈၅၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# စီးပွားရေးအောင်မြင်ဖို့ မိမိလုပ်ငန်းကို သုံးသပ်စို့

မျိုးသူ(ကုန်သွယ်မြှင့်)

**❖မိမိလုပ်ငန်း၏ တည်နေရာ၊ စက်ရုံအလုပ်ရုံရှိလျှင် အဆိုပါ စက်ရုံအလုပ်ရုံ၏ အခြေအနေ၊ စွမ်းအား၊ ပိုင်ဆိုင်မှုတန်ဖိုး၊ အရောင်းဆိုင်များရှိလျှင်မည်မျှရှိ၍ မည်သည့်နေရာတွင်ရှိသည်၊ ရောင်းအားနှင့် သွားလာရန်လွယ်ကူမှု စသည့်အချက်များ၊ ထုတ်လုပ်သည့်ကုန်ပစ္စည်း တစ်မျိုးချင်း၏ အခြေအနေများ၊ ရောင်းအားများ၊ ကုန်လက်ကျန်များ၊ ဈေးနှုန်းများ စသည်ဖြင့် အသေးစိတ်တစ်ခုချင်းကို လေ့လာ သုံးသပ်ရမည်။ ထို့ပြင် သဘောထားခံယူချက်ဆိုလျှင်လည်း လုပ်ငန်း ပိုင်ရှင်မှစ၍ လုပ်ငန်းအတွင်း ပါဝင်ပတ်သက်သူများအားလုံး၏ သဘောထားခံယူချက်များ၊ ဖောက်သည်များ၊ ဝယ်ယူသူများ၏ သဘောထားခံယူချက်များကအစ ပါဝင်ရမည်ဖြစ်သည်။ ❖**

စီးပွားရေးလုပ်ငန်းငယ်များတွင် လှော်ရင်းနစ်ဆိုသကဲ့သို့ လုပ်ရင်းကိုင်ရင်း အရင်းပြုတ်သွားရသည် အများအပြားကို တွေ့နိုင်သည်။ လုပ်ငန်းငယ်အများစုသည် တည်ထောင်ခါစတွင် လုပ်ငန်းတည်မြဲရေးအတွက် ကြိုးစားရမှုသည် ပိုမိုခက်ခဲတတ်သည်။ လုပ်ငန်းငယ်အများစုသည် လုပ်ငန်းစတင်ခါစ ငါးနှစ်အတွင်း လုပ်ငန်းရပ်တန့်ရသည်ကို ကြုံရတတ်သည်ဟု သိရသည်။ ရှင်သန်ကျန်ရစ်သူက အနည်းစုသာဖြစ်တတ်သည်။ ထိုသို့ ကျန်ရစ်သူများတွင် ပါဝင်လာရန်နှင့် ဖွံ့ဖြိုးတိုးတက်လာရန်အတွက် လုပ်ငန်းတစ်ခုသည် များစွာကြိုးစားကြရသည်။ ထိုအထဲတွင် မိမိလုပ်ငန်းကို အောင်မြင်နေသည်၊ အကျိုးအမြတ်များရရှိနေသည်ဟုလည်း ထင်တတ်ကြသည်။ အမြတ်ကိုကြိုခန့်မှန်းတွက်ချက်ကြည့်ပြီး အမြတ်များပြားနေသည်ဟု ထင်တတ်သည်။ စာရင်းချုပ်သည့်အခါမှ အကြွေးများ၊ မပေးရသေးသော စရိတ်စကများပေါ်လာပြီး ရှုံးနေသည်ကိုလည်း တွေ့ရတတ်သည်။

ထို့ကြောင့် လုပ်ငန်းတိုင်းသည် လုပ်ငန်းစတင်ရန် ကြိုတင်လေ့လာခြင်း၊ လုပ်ငန်းအကောင်အထည်ဖော်ခြင်း၊ ပြန်လည်သုံးသပ်ခြင်းနှင့် ပြင်ဆင်ခြင်း၊ ဆက်လက်အကောင်အထည်ဖော်ခြင်းဟု ဆောင်ရွက်ရလေ့ရှိသည်။ အနည်းဆုံးတစ်နှစ်လျှင် တစ်ကြိမ်ခန့် ပြန်လည်သုံးသပ်တတ်သည်။ ပြင်ဆင်စရာရှိသည်များ၊ ပြုပြင်စရာရှိသည်များကို ဆောင်ရွက်ပြီး လုပ်ငန်း မပျက်ရှေ့ဆက်ရသည်။ ပြန်လည်သုံးသပ်ခြင်း၊ စိစစ်ခြင်းများကို လုပ်ငန်းများတွင် စာရင်းစစ်များ ငှားရမ်းပြီး လုပ်ကိုင်တတ်ကြသကဲ့သို့ အချို့သောလုပ်ငန်းများတွင် အကြံပေးများပါ ငှားရမ်း၍ တိုးတက်ရေးကို ဆောင်ရွက်တတ်ကြသည်။ လေ့လာသည့် အကြောင်းအရာအမျိုးမျိုးရှိသော်လည်း မိမိလုပ်ငန်းကို ပြန်လည်သုံးသပ်ဆင်ခြင်သည့်အခါတွင် Situation Analysis အခြေအနေကို လေ့လာသုံးသပ်ခြင်းနည်းလမ်းကို သုံးစွဲပြီး လေ့လာသုံးသပ်ဆင်ခြင်ခြင်းက သင့်တင့်မျှတသော ရလဒ်ကိုရနိုင်သည်ဟု ထင်မြင်မိသည်။ အခြေအနေကို လေ့လာသုံးသပ်သည့် နည်းလမ်းများတွင် SWOT Analysis, PESTEL Analysis, Porter's Five Forces, 5C Analaysis, VRIO Analysis ဟူ၍ ထပ်မံကွဲပြားသည်။ အဆိုပါနည်းလမ်းများတွင် အသုံးအများဆုံးမှာ SWOT Analysis နည်းလမ်းဖြစ်သည်။

SWOT Analysis အစ

SWOT Analysis ဟူသော အခြေအနေကို လေ့လာသုံးသပ်သည့် နည်းလမ်းကို လုပ်ငန်းများ မစတင်မီတွင် သုံးစွဲလေ့လာတတ်ကြသကဲ့သို့ လုပ်ကိုင်နေသည့်လုပ်ငန်းတစ်ခုချင်းဖြစ်စေ၊ လုပ်ငန်းကြီးတစ်ခုလုံးကိုဖြစ်စေ လေ့လာသုံးသပ်တတ်ကြသည်။ ဤလေ့လာသုံးသပ်ခြင်းသည် မိမိလုပ်ငန်း၏အခြေအနေ၊ အဖြစ်အပျက်ကို အားသာချက် (Strength)၊ အားနည်းချက် (Weakness)၊ အခွင့်အလမ်းများ (Opportunity) နှင့် ခြိမ်းခြောက်မှု (Threat) များဟု လေးပိုင်း ပိုင်းခြားလေ့လာခြင်းဖြစ်သည်။ ထိုသို့ လေးပိုင်း ပိုင်းခြားထားသော Strength မှ အက်စ်၊ Weakness မှ ဒဗလျူ၊ Opportunity မှ အို၊ Threat မှ တီတို့ကိုယူပြီး S-W-O-T Analysis ဟုခေါ်ဝေါ်ကြခြင်းဖြစ်သည်။ Albert Humphrey ဆိုသော Stanford Research Institute မှ အကြံပေးပုဂ္ဂိုလ်က စတင်ခဲ့သည်ဟုဆိုသည်။ သူနှင့် သူ့အဖွဲ့သည် သုံးသပ်ခြင်းကိရိယာအဖြစ် SOFT ဟူသောနည်းလမ်းကို ၁၉၆၀ ပြည့်နှစ်နှင့် ၁၉၇၀ ပြည့်နှစ်တစ်ဝိုက်တွင် စတင်ပြီး SOFT( S = Satisfaction စိတ်တိုင်းကျခြင်း)၊ (Opportunities = အခွင့်အလမ်းများ) (F = Faults အမှားများ)(T= Threats ခြိမ်းခြောက်မှုများ) ဟူ၍ လေ့လာသုံးသပ်မှုဆောင်ရွက်ခဲ့သည်။ နောက်ပိုင်းတွင် လုပ်ငန်းတစ်ခု၏ အတွင်းကိစ္စများအပေါ် လေ့လာသုံးသပ်ခြင်းကို Satisfaction စိတ်တိုင်းကျခြင်းအစား Strength အားသာချက်အဖြစ် ပြင်ဆင်ပြီး Faults အမှားများအစား Weakness အားနည်းချက်ဟု ပြင်ဆင်ပြီး Opportunites အခွင့်အလမ်းနှင့် Threats ခြိမ်းခြောက်မှုများကို ပြင်ဆင်ခြင်းမရှိဘဲ လုပ်ငန်းပြင်ပ ပတ်ဝန်းကျင်ဆိုင်ရာကိစ္စများကို လေ့လာသုံးသပ်ချက်များအဖြစ်ထားရှိသည်။ ထို့ကြောင့် အတိုကောက်အခေါ်အဝေါ်တွင်လည်း SOFT အစား SWOT ဟု ပြင်ဆင်ခေါ်ထားကြောင်း သိရသည်။

အထူးသဖြင့် မိမိလုပ်ငန်း၏ ပြိုင်ဆိုင်နိုင်စွမ်းအား၊ ပြိုင်ဆိုင်နိုင်မှု အခြေအနေနှင့် မဟာဗျူဟာ စီမံကိန်းများဖွံ့ဖြိုးနိုင်မည့်အခြေအနေများကို သုံးသပ်နိုင်ခြင်းဖြစ်သည်။ ထိုသို့ လေ့လာသုံးသပ်ခြင်းဖြင့် မိမိလုပ်ငန်းအခြေအနေကို ခန့်မှန်းနိုင်ပြီး ပြင်ဆင်ခြင်း၊ ပြုပြင်ခြင်းများကို ဆောင်ရွက်နိုင်သည်။ တိုးတက်အောင်ဆောင်ရွက်နိုင်သည်။

**အခြေခံအချက်များ**

များသောအားဖြင့် အကွက်လေးကွက်ဖြင့်ဖော်ပြလေ့ရှိသည်။ အပေါ်တွင် အားသာချက်နှင့် အားနည်းချက်နှစ်ကွက်ရှိသည်။ ၎င်းအားသာချက်နှင့် အားနည်းချက်များသည် လုပ်ငန်းအတွင်းကိစ္စများအပေါ် လေ့လာသုံးသပ်ခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် မိမိလုပ်ငန်း၏ အခြားလုပ်ငန်းများနှင့် ပြိုင်ဆိုင်နိုင်စွမ်းနှင့် လုပ်ငန်းတွင်း စွမ်းဆောင်ရည်ကို လေ့လာခြင်းဖြစ်သည်။

**အားသာချက်နှင့် အားနည်းချက်**တွင် ပါဝင်သူများ၏ ကျန်းမာရေး၊ လူမှုရေးအခြေအနေများ၊ ရောင်းချရသော အရေအတွက်၊ ရောင်းချရသော အမျိုးအစားများ၊ မိမိလုပ်ငန်း၏ တံဆိပ်အမှတ်အသားနှင့် ပတ်သက်၍ အားကောင်းမှုအခြေအနေ၊ လုပ်ငန်းတွင် ပါဝင်သူများ၏ ခံယူချက်၊ ကျွမ်းကျင်မှုအခြေအနေ၊ အတွေ့အကြုံ၊ လုပ်ကိုင်နိုင်စွမ်းရှိမှု၊ ငွေကြေးအရင်းအနှီးနှင့် ထပ်မံရင်းနှီးမြှုပ်နှံနိုင်မည့် အခြေအနေ၊ လုပ်ငန်းစဉ်ဆောင်ရွက်မှုအခြေအနေ စသည်တို့ကို လေ့လာသုံးသပ်ကြည့်ခြင်းဖြစ်သည်။ အားနည်းချက်အပိုင်းတွင် ကျွမ်းကျင်မှုအားနည်းခြင်း၊ နည်းပညာပိုင်းအားနည်းခြင်း၊ ငွေကြေးရင်းနှီးမှုအပိုင်းနှင့် မပြည့်စုံ မလုံလောက်သော အခြေအနေများကို လေ့လာခြင်းများ ပါဝင်သည်။ အဆိုပါအခြေအနေများလေ့လာမှုကို အကြမ်းအားဖြင့် PASKEC ဖြင့် အတိုကောက်မှတ်သားတတ်ကြသည်။ PASKEC ကို အကျယ်ပြန့်ရှင်းလင်းမည်ဆိုပါက P သည် Physical ဟူသော ရုပ်ပိုင်းဆိုင်ရာကိစ္စများ၊ A သည် Attitude ဟူသော သဘောထားခံယူချက်၊ S သည် Skill ဟူသောကျွမ်းကျင်မှု၊ K သည် Knowledge ဟူသော အတတ်ပညာ၊ တတ်သိနားလည်မှု၊ E သည် Experience ဟူသော အတွေ့အကြုံရှိမှု၊ C သည် Capacity ဟူသော လုပ်ကိုင်နိုင်စွမ်းရည် စသည့်အချက်များ၏ အားသာချက်၊အားနည်းချက်များကို လေ့လာသုံးသပ်ကြည့်ခြင်းဖြစ်သည်။ အသေးစိတ်ချဲ့၍ သုံးသပ်ရသည်။ ဥပမာအားဖြင့် Physical ဟူသော ရုပ်ပိုင်းဆိုင်ရာကိစ္စများနှင့်ပတ်သက်ပါက မိမိလုပ်ငန်း၏ တည်နေရာ၊ စက်ရုံအလုပ်ရုံရှိလျှင် အဆိုပါစက်ရုံအလုပ်ရုံ၏ အခြေအနေ၊ စွမ်းအား၊ ပိုင်ဆိုင်မှုတန်ဖိုး၊ အရောင်းဆိုင်များရှိလျှင်မည်မျှရှိ၍ မည်သည့်နေရာတွင်ရှိသည်၊ ရောင်းအားနှင့် သွားလာရန်လွယ်ကူမှု စသည့်အချက်များ၊ ထုတ်လုပ်သည့် ကုန်ပစ္စည်းတစ်မျိုးချင်း၏ အခြေအနေများ၊ ရောင်းအားများ၊ ကုန်လက်ကျန်များ၊ ဈေးနှုန်းများ စသည်ဖြင့် အသေးစိတ်တစ်ခုချင်းကို လေ့လာသုံးသပ်ရမည်။ ထို့ပြင် သဘောထားခံယူချက်ဆိုလျှင်လည်း လုပ်ငန်းပိုင်ရှင်မှစ၍ လုပ်ငန်းအတွင်း ပါဝင်ပတ်သက်သူများအားလုံး၏ သဘောထားခံယူချက်များ၊ ဖောက်သည်များ ဝယ်ယူသူများ၏ သဘောထားခံယူချက်များကအစ ပါဝင်ရမည်ဖြစ်သည်။ ယခုအားသာချက်နှင့်အားနည်းချက်များကို လေ့လာခြင်းသည် လုပ်ငန်းအတွင်း၏ အခြေအနေများကို အဓိက လေ့လာသုံးသပ်ခြင်းဖြစ်သည်။

အခွင့်အလမ်းနှင့်ခြိမ်းခြောက်မှုများကိုလေ့လာခြင်းသည် မိမိလုပ်ငန်း၏ ပတ်ဝန်းကျင်နှင့် လုပ်ငန်းနှင့်ဆက်စပ်သည့် ပတ်ဝန်းကျင်၊ ဈေးကွက်အခြေအနေကို လေ့လာသုံးသပ်ခြင်းဖြစ်သည်။ အခွင့်အလမ်းနှင့်ပတ်သက်၍ ဈေးကွက်အတွင်းရှိ အခွင့်အလမ်းရှိသော၊ ဈေးကွက်က အလေးထားသော အချက်များကို သတိပြုနိုင်ရန် လိုအပ်သည်။ အထူးသဖြင့် ဈေးကွက်ဖွံ့ဖြိုးတိုးတက်ခြင်း၊ နည်းပညာအသစ်များ၊ ဖောက်သည်များ၏ လိုအပ်ချက် ပြောင်းလဲခြင်း၊ တိုးမြှင့်လာခြင်း၊ အစိုးရ၏ စီးပွားရေး ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်မှု၊ အခွင့်အရေးပေးမှုများဈေးကွက်နှင့်ဖောက်သည်များ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု စသည်များကိုလေ့လာရမည်ဖြစ်သည်။ ခြိမ်းခြောက်မှုများအပိုင်းတွင်လည်း ပြိုင်ဆိုင်မှုပြင်းထန်ခြင်း ရှိ မရှိ၊ စီးပွားရေးအရ အချက်အချာကျမှု၊ မူဝါဒနှင့် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ကြော်ငြာချက်များ ပြောင်းလဲမှု၊ သဘာဝဘေးအန္တရာယ်များ၊ အထောက်အကူပြုကွင်းဆက်ပျက်စီးခြင်းစသည့်အချက်များကိုလေ့လာသုံးသပ်နိုင်ရမည်ဖြစ်သည်။ အခွင့်အလမ်းနှင့် စိန်ခေါ်မှုများ၊ ခြိမ်းခြောက်မှုများနှင့်ပတ်သက်လျှင် PESTEL Analysis နှင့် Porter's Five Forces ဟူသော သုံးသပ်ချက်များကို ပူးတွဲ လေ့လာသုံးသပ်ပေးရမည်ဖြစ်သည်။

PESTEL Analysis ဆိုသည်မှာ နိုင်ငံအဆင့်အခြေအနေများ၊ ပြည်ပကုန်သွယ်မှုများတွင် အခြားဈေးကွက်နိုင်ငံ၏ အခြေအနေများကို အများဆုံးလေ့လာသည့်နည်းဖြစ်သည်။ ထိုအချက်များဖြင့် ဈေးကွက်နိုင်ငံ၏ အခြေအနေများကိုလေ့လာပြီး အခွင့်အလမ်းနှင့်စိန်ခေါ်မှုများ၊ ခြိမ်းခြောက်မှုများ မည်မျှရှိသည်၊ မိမိလုပ်ငန်းကို အဆိုပါဈေးကွက်အတွက် မည်သို့ဆောင်ရွက်သင့်သည်ဟု သုံးသပ်ကြခြင်းဖြစ်သည်။ PESTEL Analysis တွင် ပါဝင်သော P = Politics နိုင်ငံရေးအခြေအနေ၊ E = Economy စီးပွားရေးအခြေအနေ၊ S = Social လူမှုရေးအခြေအနေ၊ T = Technology နည်းပညာအခြေအနေ၊ E = Environment ပတ်ဝန်းကျင်ထိန်းသိမ်းရေးအခြေအနေနှင့် L = Legal မူဝါဒ၊ ဥပဒေနှင့်လုပ်ထုံးလုပ်နည်းများ အခြေအနေတို့ဖြစ်သည်။ ထိုအချက် ခြောက်ချက်ဖြင့် ဈေးကွက်နေရာ သို့မဟုတ် နိုင်ငံ၏အခွင့်အလမ်းပေးမှုနှင့် ခြိမ်းခြောက်မှုမည်မျှရှိသည်ကို လေ့လာသုံးသပ်ပြီး ဈေးကွက်တွင် ဝင်ရောက်ယှဉ်ပြိုင်ရောင်းဝယ်နိုင်မှုအခြေအနေကို လေ့လာသုံးသပ်ကြည့်ခြင်းဖြစ်သည်။

စီးပွားရေးလုပ်ငန်းတစ်ခုသည် ဈေးကွက်အတွင်း လုပ်ကိုင်ဆောင်ရွက်သည့်အခါတွင် လုပ်ငန်းတူ အခြားစီးပွားရေးလုပ်ငန်းများနှင့် ပြိုင်ဆိုင်ကြရသည်သာဖြစ်သည်။ ပြိုင်ဆိုင်မှုများသည် ပြင်းထန်သည်လည်းရှိတတ်သကဲ့သို့ သာမန်မျှလည်းရှိတတ်သည်။ ဈေးကွက်တစ်ခုအတွင်း လုပ်ငန်းပြိုင်ဆိုင်မှုများကို တရားမျှတစွာယှဉ်ပြိုင်ကြသည့်အခါတွင် ဈေးကွက်၏အခြေအနေများကို သိရှိရန်လိုအပ်သကဲ့သို့ ပြိုင်ဆိုင်ရသည့်အကြောင်းရင်း၊ ရောင်းသူနှင့် ဝယ်သူကြားအားပြိုင်မှုစသည့်အချက်များသည် အရေးပါသည့်အတွက် စီးပွားရေးလုပ်ငန်းတစ်ခုအနေဖြင့် ရှေ့လုပ်ငန်းစဉ်များကိုချမှတ်နိုင်ရန်အတွက် သိရှိထားရန် အထူးလိုအပ်သည်။

Porter's five forces Analysis ဖြင့် စီးပွားရေးလုပ်ငန်းတစ်ခုသည် ဈေးကွက်တွင် အခွင့်အလမ်းမည်မျှရှိသည်၊ ပြိုင်ဆိုင်မှုမည်မျှရှိသည်၊ ထိုးဖောက်ဝင်ရောက်ရန်လွယ်ကူမှုရှိသည်၊ မရှိသည်တို့ကိုသိရှိနိုင်သည်။ ထိုသို့သိရှိပြီးလုပ်ငန်းကိုမည်သို့ ဆက်လက်ဆောင်ရွက်ရမည်ကို ဆုံးဖြတ်နိုင်သည်။ Porter ၏ လေ့လာသုံးသပ်ချက်မှာ ဈေးကွက်ဝင်ရောက်မှုအတွက် စိန်ခေါ်မှုခြိမ်းခြောက်ချက်များ၊ အထောက်အကူများအတွက် စိန်ခေါ်မှုခြိမ်းခြောက်ချက်များ၊ ဝယ်သူ၏ စွမ်းအား၊ ရောင်းသူ၏ စွမ်းအားနှင့် ပြိုင်ဘက်များ၏ စိန်ခေါ်မှုခြိမ်းခြောက်ချက်များ ဟူ၍ဖြစ်သည်။

**အသုံးဝင်မှု**

SWOT Analysis ၏ အသုံးဝင်မှုများကို ကြည့်လျှင် အောက်ပါအတိုင်းတွေ့နိုင်သည်။

**မိမိဘာသာ နားလည်နိုင်ခြင်း။** အားသာချက်၊ အားနည်းချက်များကိုလေ့လာသုံးသပ်ခြင်းဖြင့် မိမိလုပ်ငန်း၏အခြေအနေများ၊ ဆက်လက်လုပ်ကိုင်ရန် အဆင်ပြေနိုင်မှုများကို သိရှိနိုင်သည်။ ဤနေရာတွင်

စာမျက်နှာ ၅ သို့ ➤

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။”**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## ကလေးဝမြို့နယ်တွင် မတ်ပဲ ၁၃၃၅ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကလေးဝ နိုဝင်ဘာ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးဝမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၁၃၃၅ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကလေးဝ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးဝမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ဧက ၁၈၀၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၃၃၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ကလေးဝမြို့နယ်မှာ မတ်ပဲ ဧက ၁၈၀၀ စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ၁၃၃၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မတ်ပဲစိုက်ပျိုးမှုအနေနဲ့ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ မတ်ပဲစိုက်ပျိုးချိန်မှာလဲ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ၊ ပိုးမွှားရောဂါကာကွယ်နည်းလမ်းတွေကို မြေပြင်ကွင်းဆင်း ဆောင်ရွက်ပေးနေတယ်" ဟု ကလေးဝမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးနိုင်က ပြောပြသည်။

ယခုနှစ် ကလေးဝမြို့နယ်တွင် မတ်ပဲစိုက်တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံစိုက်ပျိုးရာတွင် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများ၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးခြင်းများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၂၀၆)

➤ စာမျက်နှာ ၄ မှအဆက်

လေ့လာသုံးသပ်ရာ၌ လုပ်ငန်းသည် မိမိလုပ်ငန်းဖြစ်ပြီး သုံးသပ်ခြင်းမျိုးဖြစ်ပါက အားမနာတမ်းသုံးသပ်နိုင်ရန်လိုအပ်သည်။ ထို့ပြင် အခြားသော လုပ်ငန်းများ၊ အစီအစဉ်များဖြစ်လျှင်လည်း ဘက်မလိုက်တမ်းသုံးသပ်နိုင်ရန်လိုအပ်သည်။

**မဟာဗျူဟာစီမံကိန်းရေးဆွဲခြင်း။** လုပ်ငန်း၏ အတွင်းပိုင်းဆိုင်ရာ အားသာချက်၊ အားနည်းချက်များအပြင် စီးပွားရေးပတ်ဝန်းကျင်၏ အခွင့်အလမ်းနှင့် ခြိမ်းခြောက်မှုများကိုပါ သိရှိနိုင်သဖြင့် လုပ်ငန်း၏ မဟာဗျူဟာစီမံကိန်းများရေးဆွဲချမှတ်အကောင်အထည်ဖော်ရာတွင် များစွာအသုံးဝင်သည်။

**ပြိုင်ဆိုင်မှုဆိုင်ရာ အကျိုးကျေးဇူးရရှိခြင်း။** ဈေးကွက်အတွင်းတွင် ပြိုင်ဆိုင်မှုများကို တွေ့ကြုံရသည့် အခါတွင် ပြိုင်ဆိုင်မှုဆိုင်ရာ အကျိုးကျေးဇူးများကို ရအောင်စွမ်းဆောင်နိုင်စေသည်။ တစ်ဖက်လုပ်ငန်း၏ အားသာချက်၊ အားနည်းချက်များနှင့် မိမိလုပ်ငန်း၏ အားသာချက်၊ အားနည်းချက်များကို နှိုင်းယှဉ်သုံးသပ်ကြည့်ခြင်းဖြင့် မည်သည့်နေရာ မည်သည့်အချက်တွင် ပြိုင်ဘက်ထက် အားသာသည်ကိုမြှင့်တင်နိုင်ပြီး ပြိုင်ဘက်ထက်အားနည်းသည်ကို ပြုပြင်ပြီး ရင်ဆိုင်ခြင်းဖြင့် အောင်မြင်မှုရရှိစေသည်။

**စွန့်စားရမှုဆိုင်ရာ စီမံခန့်ခွဲခြင်း။** အခွင့်အလမ်းရှိသောစိန်ခေါ်မှုများနှင့်ပတ်သက်၍ မိမိလုပ်ငန်း၏ အားသာချက်နှင့် အခြားလုပ်ငန်းများ၏ အားနည်းချက်တို့ကိုလည်းကောင်း၊ ဈေးကွက်နေရာ၏ အခွင့်အလမ်းနှင့်အတူရှိနေသော စိန်ခေါ်မှုများကိုလည်းကောင်း ရင်ဆိုင်ပြီး စွန့်စားမှုကို စီမံခန့်ခွဲ ခြင်းဖြင့် စိန်ခေါ်မှုများကို အခွင့်အလမ်းအဖြစ် ရရှိစေနိုင်သည်။

ဤသုံးသပ်ချက်များကို မှန်ကန်တိကျစွာ ဆောင်ရွက်နိုင်စေရန် အတွက်လိုအပ်ချက်မှာ မှန်ကန်သော သတင်းအချက်အလက်များ ရရှိရေးပင်ဖြစ်သည်။ ထို့ကြောင့် မိမိလုပ်ငန်း၊ မိမိဝန်ထမ်းများ၏ အခြေအနေ၊ ဈေးကွက်အခြေအနေနှင့် ပြိုင်ဘက်လုပ်ငန်းများ၏ အခြေအနေများကို သေချာစွာလေ့လာသုံးသပ်နိုင်လျှင် အကျိုးကျေးဇူးကောင်းများကို ရရှိမည်သာဖြစ်သည်။ ထို့ပြင် မိမိလုပ်ငန်းအတွင်း သေချာစွာ တွေးတော၊ ဆင်ခြင်လုပ်ကိုင်ကြခြင်းဖြင့်လည်း သုံးသပ်ခြင်းနှင့် အကြံကောင်းများကို ရရှိစေနိုင်သည်။ သုံးသပ်ရာတွင် ဦးစားပေးခွဲခြား၍ သုံးသပ်ခြင်း၊ မှန်ကန်သောအချက်အလက်များအပေါ် သုံးသပ်ခြင်းနှင့် မဟာဗျူဟာစီမံချက်များကို ရေးဆွဲချမှတ်ပြီး အောင်မြင်သောလုပ်ငန်းတစ်ခုကို တည်ဆောက်နိုင်မည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။

**ကိုးကား**

**– Business Management Courses**

## ကြိုးစားအားထားနွှဲပျော်<br>အမျိုးသားအားကစားပွဲတော်

\- တစ်မျိုးသားလုံး ပျော်မဆုံးဘဲ
ရွှင်ပြုံးကြည်သာ ကိုယ်ခန္ဓာနှင့်
စိတ်မှာသုခ ကျန်းမာကြ၍
ဗလငါးတန် ပြည့်စုံရန်နှင့်
ကိုယ်ခံစွမ်းအား ဖွံ့သန်ထွားအောင်
ကစားခုန်စား တို့စွမ်းအားတွက်
လှုပ်ရှားလေ့ကျင့် စွမ်းရည်မြှင့်မှ
ဂုဏ်ဝင့်နိုင်မည် တို့မြန်ပြည်။

\- ကျန်းမာကြံ့ခိုင် ပြည့်မဏ္ဍိုင်မို့
နိုင်ငံလူမျိုး ဂုဏ်မညှိုးဖို့
ကြိုးစားဆောင်ရွက် လေးနက်ခိုင်ကျည်
စွမ်းရည်မြင့်မား အားကစားဖြင့်
ပြည်သားပြည်သူ ချစ်ကြည်ဖြူရေး
ညီတူတွေး၍ တို့ပေးဆပ်ကာ
ရွှေရောင်ဖြာဖို့ ခိုင်မာမြဲမြံ
သန္နိဋ္ဌာန်ဖြင့် နိုင်ငံလူမျိုး
ဂုဏ်ရောင်တိုးအောင် စွမ်းဆောင်ကြိုးစား
အားကစားတည့်။

\- ပွဲတော်သဘင် နွှဲပျော်ဆင်၍
တူယှဉ်တွဲကာ ကိုယ်ကျန်းမာ၍
နှစ်ဖြာသုခ စိတ်ကြည်မြကာ
ပြည့်ဝစွာပင် ပြုံးကာရွှင်ပြီး
ချစ်ခင်တိုင်းပြည် သာမောစည်ရေး
တူညီတွေးဆ နွေးထွေးကြကာ
မြန်မာ့ဂုဏ်ရည် စိတ်ဝမ်းညီစွာ
တူယှဉ်နွှဲပျော် တို့ဖိတ်ခေါ်
အမျိုးသားအားကစားပွဲတော်။ ။

မောင်လေပြေ(တောင်တွင်း)

## နိုင်ငံတကာ သတင်းများ

# ရုရှားထိန်းချုပ်မှုအောက်ရှိ နယ်မြေများစွန့်လွှတ်ရန် ဆန္ဒရှိကြောင်း ယူကရိန်းသမ္မတပြောကြား

**ကီယက်ဗ် နိုဝင်ဘာ ၃၀**

ယူကရိန်းစစ်ပွဲကို အဆုံးသတ်ရေးအတွက် ရုရှားထိန်းချုပ်မှုအောက်၌ရှိနေသည့် နယ်မြေများကို စွန့်လွှတ်ပေးရန်ဆန္ဒရှိကြောင်း ယူကရိန်းသမ္မတ ဇီလန်စကီးက နိုဝင်ဘာ ၂၉ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

ယူကရိန်းသမ္မတ ဇီလန်စကီး၏ အဆိုပါပြောကြားချက်သည် ယူကရိန်းစစ်ပွဲ အပြီးသတ်ရေးအတွက် ကြိုးပမ်းရာတွင် ဇီလန်စကီး၏ သဘောထားပြောင်းလဲလာမှုကို ကိုယ်စားပြုသည်။

မိမိအနေဖြင့် ယူကရိန်းစစ်ပွဲပြီးဆုံးရေးအတွက် ရုရှားက လက်ရှိထိန်းချုပ်ထားသော နယ်မြေများကို ယာယီစွန့်လွှတ်ပေး၍ အပြန်အလှန်အနေဖြင့် ယူကရိန်းထိန်းချုပ်မှုအောက်မှ နယ်မြေများအတွက် မြောက်အတ္တလန်တစ်စာချုပ်အဖွဲ့(နေတိုး)၏ အကာအကွယ် ရယူမည်ဖြစ်ကြောင်း ယူကရိန်းသမ္မတ ဇီလန်စကီးက ပြောကြားခဲ့သည်။

ရုရှားနှင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် ရယူပြီးချိန်တွင် စွန့်လွှတ်ထားရသည့် နယ်မြေများကို ပြန်လည်ရယူရေးအတွက် ရုရှားနိုင်ငံနှင့် သံတမန်နည်းလမ်းအရ ဆွေးနွေးနိုင်ရန် ယူကရိန်းသမ္မတက မျှော်လင့်ထားသည်။

အမေရိကန်သမ္မတ ရွေးကောက်ပွဲ၌ အနိုင်ရရှိထားသည့် ရီပတ်ဘလီကန်သမ္မတလောင်း ဒေါ်နယ်ထရန့် အမေရိကန်သမ္မတသစ်အဖြစ် ကျမ်းသစ္စာကျိန်ဆိုရန် ပြင်ဆင်နေစဉ်မှာပင် ယူကရိန်းသမ္မတ၏ စစ်ပွဲအဆုံးသတ်ရေးဆိုင်ရာရပ်တည်ချက် ပြောင်းလဲလာခြင်းဖြစ်ကြောင်း သိရသည်။

မိမိတို့အနေဖြင့် ရုရှားထိန်းချုပ်မှုအောက်ရှိ နယ်မြေများကို ပြန်မရမချင်း ရုရှားကို ဆက်လက်တိုက်ခိုက်မည်ဖြစ်ကြောင်း ယူကရိန်းအစိုးရက ယခင်က ပြောကြားထားကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

# အလက်ပိုမြို့တွင်းသို့ သူပုန်အုပ်စုများ ဝင်ရောက်မှု ဆီးရီးယားအစိုးရ အတည်ပြု

**ဒမတ်စကတ် နိုဝင်ဘာ ၃၀**

ဆီးရီးယားနိုင်ငံ အနောက်မြောက်ပိုင်း အလက်ပိုမြို့အတွင်းသို့ အစိုးရဆန့်ကျင်ရေး သူပုန်တပ်ဖွဲ့များ ထိုးဖောက်ဝင်ရောက်လာမှုကို ဆီးရီးယားအစိုးရက ယနေ့တွင် အတည်ပြုလိုက်သည်။

အစိုးရဆန့်ကျင်ရေး သူပုန်အဖွဲ့များသည် ၂၀၁၆ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် အလက်ပိုမြို့အတွင်းသို့ဝင်ရောက်လာခဲ့ကြခြင်းဖြစ်သည်။

ဆီးရီးယားအစိုးရသည် ၂၀၁၆ ခုနှစ်တွင် ရုရှား၊ အီရန်နှင့် ဒေသတွင်း ရှီးယိုက်စ်အုပ်စုများ၏ စစ်ရေးအကူအညီဖြင့် အလက်ပိုမြို့ကို သူပုန်အုပ်စုများလက်မှ စတင်သိမ်းယူထားနိုင်ခဲ့ခြင်းဖြစ်သည်။

အလက်ပိုမြို့တွင်းသို့ ထိုးဖောက်ဝင်ရောက်လာသည့် သူပုန်တပ်များနှင့် ဖြစ်ပွားခဲ့သည့် တိုက်ပွဲများကြောင့် အစိုးရတပ်ဖွဲ့ဝင်အများအပြား သေဆုံးခဲ့ရကြောင်း ဆီးရီးယားအစိုးရက သတင်းထုတ်ပြန်ထားသည်။

လက်ရှိအချိန်တွင် ဆီးရီးယားစစ်လေယာဉ်များနှင့် ရုရှားစစ်လေယာဉ်များကအလက်ပိုမြို့တွင်းရှိ သူပုန်အုပ်စုများကို ထိုးစစ်ဆင်တိုက်ခိုက်နေကြောင်း ဆီးရီးယားအစိုးရမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

အစိုးရဆန့်ကျင်ရေးသူပုန်အုပ်စုများသည် ဆီးရီးယား အနောက်မြောက်ပိုင်း အစိုးရထိန်းချုပ်မှုအောက်ရှိ မြို့၊ရွာများကို ယခုရက်သတ္တပတ်အတွင်း စတင်တိုက်ခိုက်ခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**



# မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန် ရုရှားကာကွယ်ရေးဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေး



**ပြုံယမ်း နိုဝင်ဘာ ၃၀**

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်သည် ပြုံယမ်းမြို့သို့ ရောက်ရှိနေသည့် ရုရှားကာကွယ်ရေးဝန်ကြီး အန်ဒရီဘယ်လိုဆော့ဗ်နှင့် ယနေ့တွင် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

ယူကရိန်းစစ်ပွဲ၌ ယူကရိန်းတပ်များက တာဝေးပစ်ဒုံးကျည်များသုံး၍ ယူကရိန်းကိုတိုက်ခိုက်လာမှုသည် အမေရိကန်နိုင်ငံက စစ်ရေးအရကြားဝင်စွက်ဖက်မှု၏ တိုက်ရိုက်အကျိုးဆက်ဖြစ်ကြောင်း မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်က ရုရှားကာကွယ်ရေးဝန်ကြီးနှင့်တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

ထို့ပြင် ရုရှားနိုင်ငံအနေဖြင့် ကိုယ့်ကိုယ်ကိုယ် ကာကွယ်ရေးအတွက် ယူကရိန်းကို တုံ့ပြန်ပိုင်ခွင့်ရှိထားကြောင်းလည်း မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအန်က ပြောကြားခဲ့သည်။

ထို့အတူ စစ်ရေးစစ်ရာကိစ္စများအပါအဝင် နယ်ပယ်ပေါင်းစုံ၌ ရုရှားနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုများ ချဲ့ထွင်မည်ဖြစ်ကြောင်းလည်း ရုရှားကာကွယ်ရေးဝန်ကြီးနှင့်တွေ့ဆုံစဉ် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်က ကတိပြုခဲ့သည်။

ပြီးခဲ့သည့်နှစ် စက်တင်ဘာလအတွင်း ရုရှားနိုင်ငံ၌ သမ္မတပူတင်နှင့် ကင်ဂျုံအန်တို့ ထိပ်သီးဆွေးနွေးပွဲကျင်းပခဲ့ပြီးနောက်ပိုင်း ရုရှားနှင့် မြောက်ကိုရီးယားတို့၏ နှစ်နိုင်ငံဆက်ဆံရေးမှာ ချက်ချင်းဆိုသလို အားကောင်းလာခဲ့သည်။

ရုရှားကာကွယ်ရေး ဝန်ကြီး ဘယ်လိုဆော့ဗ်သည် ပြုံယမ်းမြို့၌ ရောက်ရှိနေစဉ် မြောက်ကိုရီးယားကာကွယ်ရေးဝန်ကြီး နိုကွမ်ချိုလ်နှင့်လည်းသီးခြားတွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

# ဟန္နိုင်း-ဟိုချီမင်း မြန်နှုန်းမြင့်ရထားလမ်း ဗီယက်နမ်အစိုးရတည်ဆောက်မည်

**ဟန္နိုင်း နိုဝင်ဘာ ၃၀**

ဟန္နိုင်းမြို့နှင့် ဟိုချီမင်းမြို့တို့ကို ချိတ်ဆက်ပေးမည့် မြန်နှုန်းမြင့်ရထားလမ်းသစ်ကို အမေရိကန်ဒေါ်လာ ၆၇ ဘီလီယံအကုန်အကျခံ တည်ဆောက်မည် ဖြစ်ကြောင်း ဗီယက်နမ်အစိုးရက ယနေ့တွင် ကြေညာခဲ့သည်။

အရှည် ကီလိုမီတာ ၁၅၀၀ ကျော်ရှိမည့် အဆိုပါ မြန်နှုန်းမြင့်ရထားလမ်းသည် ဟန္နိုင်းနှင့် ဟိုချီမင်းတို့အကြား သွားလာရာတွင် ရထားခရီးစဉ်ကြာမြင့်ချိန်ကို လက်ရှိ နာရီ ၃၀ ကျော်မှ ငါးနာရီခန့်အထိသို့ လျှော့ချပေးနိုင်မည်ဖြစ်ကြောင်း ဗီယက်နမ်အမျိုးသားလွှတ်တော်ဝက်ဘ်ဆိုက်၌ သတင်းထုတ်ပြန်ထားသည်။



မြောက်ပိုင်းရှိ နိုင်ငံ့မြို့တော် ဟန္နိုင်းနှင့် တောင်ပိုင်းရှိစီးပွားရေးမြို့တော် ဟိုချီမင်းမြို့တို့ကို ချိတ်ဆက်ပေးမည့် ၎င်းမြန်နှုန်းမြင့်ရထားလမ်းသည် ဗီယက်နမ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုနှုန်းကို တွန်းအားပေးနိုင်မည်ဖြစ်သည်။

ဟန္နိုင်း-ဟိုချီမင်း မြန်နှုန်းမြင့်ရထားလမ်း တည်ဆောက်ရေးဆုံးဖြတ်ချက်ကို ဗီယက်နမ်အမျိုးသားလွှတ်တော်က ယနေ့တွင် အတည်ပြုခဲ့သည်။

ဗီယက်နမ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုနှုန်းမှာ လျင်မြန်လာသော်လည်း လမ်းပန်းဆက်သွယ်ရေး အခြေခံအဆောက်အအုံ ကဏ္ဍ၌ အားနည်းချက်များ ရှိနေကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံ၏ ကားလမ်းကွန်ရက်မှာ သယ်ယူပို့ဆောင်ရေးကဏ္ဍ လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန် ရုန်းကန်နေရပြီး ရထားလမ်း ကွန်ရက်မှာလည်း ဖွံ့ဖြိုးမှု အားနည်းနေဆဲဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# အမေဇုန်မိုးသစ်တော တရားမဝင်ရွှေတူးလုပ်ငန်းများမှ လာဘ်ယူခဲ့သော ဘရာဇီးရဲအရာရှိကြီးနှစ်ဦး ဖမ်းဆီးခံရ

**ရီယိုဒီဂျနေးရိုး နိုဝင်ဘာ ၃၀**

ဘရာဇီးနိုင်ငံ အမေဇုန်မိုးသစ်တောအတွင်းရှိ တရားမဝင်ရွှေတူးဖော်ရေး လုပ်ငန်းများမှ လာဘ်ငွေများရယူခဲ့သော ထိပ်တန်းရဲတပ်ဖွဲ့ အရာရှိကြီးနှစ်ဦးကို ဘရာဇီးအာဏာပိုင်များက ဖမ်းဆီးထားကြောင်း နိုဝင်ဘာ ၂၉ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

အဆိုပါရဲတပ်ဖွဲ့ အရာရှိကြီးနှစ်ဦးသည် တရားမဝင်ရွှေတူးဖော်ရေးလုပ်ငန်းများမှ လာဘ်ငွေများရယူ၍ ယင်းလုပ်ငန်းများကို အရေးမယူဘဲ မျက်ကွယ်ပြုပေးထားခဲ့ကြကြောင်း ဘရာဇီးအစိုးရရှေ့နေများက ပြောကြားထားသည်။

ထို့ပြင် ၎င်းရဲအရာရှိကြီးနှစ်ဦးသည် တရားမဝင်ရွှေတူးလုပ်ငန်းများမှ လာဘ်ငွေများရယူခဲ့သည့်အပြင် ယင်းလုပ်ငန်းများအတွက် လုံခြုံရေးပင် စီစဉ်ပေးခဲ့ကြဖွယ်ရှိကြောင်း သိရသည်။

အမေဇုန်မိုးသစ်တော တရားမဝင်ရွှေတူးလုပ်ငန်းများမှ လာဘ်ငွေရယူမှုပြဿနာနှင့်ပတ်သက်၍ ဘရာဇီးတာဝန်ရှိသူများက အခြားရဲတပ်ဖွဲ့ဝင် ၃၆ ဦးကိုလည်း ရာထူးများမှ ဖယ်ရှားထားသည်။

အဆိုပါအမှုကို ဖော်ထုတ်စဉ်အတွင်း ဘရာဇီးအာဏာပိုင်များသည် အဖိုးတန်ဇိမ်ခံကားများ၊ လက်ဝတ်ရတနာများ၊ ဆဲလ်ဖုန်းများ၊ ရွှေသားများနှင့် ငွေစက္ကူများလည်း သိမ်းဆည်းနိုင်ခဲ့သည်။

ဘရာဇီးနိုင်ငံ အမေဇုန်မိုးသစ်တောများ၌ ပြီးခဲ့သည့်နှစ်များအတွင်း တရားမဝင်ရွှေတူးလုပ်ငန်းများ အားကောင်းလာခဲ့ရာ ဘရာဇီးအစိုးရက ယင်းလုပ်ငန်းများကို ဖြိုခွင်းရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# SCIENCE AND TECHNOLOGY

## Space-X ကုမ္ပဏီက သူလျှိုဂြိုဟ်တုနှစ်စင်းနှင့် စတားလင့်ခ်အင်တာနက် ဝန်ဆောင်မှုဂြိုဟ်တုအစင်း ၂၀ ကို လွှတ်တင်ရန် စီစဉ်ထား



**ဝါရှင်တန် နိုဝင်ဘာ ၃၀**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X အာကာသနည်းပညာကုမ္ပဏီသည် သူလျှိုဂြိုဟ်တုနှစ်စင်းနှင့် စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တု အစင်း ၂၀ ကို ယနေ့တွင် လွှတ်တင်ရန် စီစဉ်ထားကြောင်း နိုဝင်ဘာ ၂၉ ရက်သတင်းများအရ သိရသည်။

အဆိုပါဂြိုဟ်တုများ သယ်ဆောင်ထားသည့် ဖယ်လ်ကွန်-၉ ဒုံးပျံကို ကယ်လီဖိုးနီးယားပြည်နယ်ဗင်ဒန်ဘာ့ဂ် လေတပ်စခန်းမှ တစ်ဆင့် လွှတ်တင်ရန် Space-X အာကာသနည်းပညာကုမ္ပဏီက စီစဉ်ထားကြောင်း သိရသည်။

NROL 126 ဟူ၍ အမည်ပေးထားသော မစ်ရှင်ဖြင့် လွှတ်တင်ပေးမည့် သူလျှိုဂြိုဟ်တုနှစ်စင်းမှာ အမေရိကန်အစိုးရ အမျိုးသားကင်းထောက်ဌာနမှ ဂြိုဟ်တုများ ဖြစ်ကြသည်။

နိုဝင်ဘာ ၃၀ ရက် မစ်ရှင်သည် Space-X အာကာသနည်းပညာကုမ္ပဏီက လွှတ်တင်ပေးမည့် ပဉ္စမမြောက် မစ်ရှင်ဖြစ်ကြောင်း သိရသည်။

Space-X ကုမ္ပဏီသည် ယခုနှစ် မေလ၊ ဇွန်လ၊ စက်တင်ဘာလနှင့် အောက်တိုဘာလတွင် အမေရိကန်အစိုးရ အမျိုးသားကင်းထောက်ဌာနအတွက် NROL ဂြိုဟ်တုမစ်ရှင်လေးခု လွှတ်တင်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

NROL 126 မစ်ရှင်သည် Space-X ကုမ္ပဏီအတွက် ယခုနှစ်၏ ၁၁၈ ကြိမ်မြောက် အာကာသမစ်ရှင်ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## လွန်စွာပူပြင်းလှသော နေအဖွဲ့အစည်းပြင်ပဂြိုဟ်တစ်စင်းကို သိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိ

**ကင်ဘာရာ နိုဝင်ဘာ ၃၀**


မိခင်ကြယ်ကို အနီးကပ်လှည့်ပတ်နေမှုကြောင့် လွန်စွာပူပြင်းလှသည့် နက်ပကျွန်းဂြိုဟ်အရွယ်အစားရှိ နေအဖွဲ့အစည်းပြင်ပဂြိုဟ်တစ်စင်းကို ဩစတြေးလျ သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း နိုဝင်ဘာ ၂၉ ရက် သတင်းများအရ သိရသည်။

TOI-3261b ဟူ၍အမည်ပေးထားသည့် အဆိုပါဂြိုဟ်၏အရွယ်အစားမှာ နေအဖွဲ့အစည်းအတွင်းရှိ နက်ပကျွန်းဂြိုဟ်၏အရွယ်အစားလောက်ပင်ရှိကြောင်း သိရသည်။

သို့ရာတွင် TOI-3261b ဂြိုဟ်၏ ပတ်လမ်းမှာ မိခင်ကြယ်နှင့်အလွန်အမင်းနီးကပ်ခြင်းကြောင့် အဆိုပါဂြိုဟ်ပေါ်၌ ကမ္ဘာမြေတစ်နှစ်တာကာလမှာ ၂၁ နာရီသာရှိကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

ဩစတြေးလျ သိပ္ပံပညာရှင်များသည် TOI-3261b ဂြိုဟ်ကို အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)က လွှတ်တင်ထားသော တက်စ်ဂြိုဟ်တု၏ အကူအညီဖြင့် ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

နိုင်ငံတကာ သိပ္ပံပညာရှင်များသည် မိခင်ကြယ်ကို ဗဟိုပြုလှည့်ပတ်ချိန် လွန်စွာတိုတောင်းသော နက်ပကျွန်းဂြိုဟ်အရွယ်အစားရှိ ဂြိုဟ်ပေါင်း လေးစင်းကို ရှာဖွေတွေ့ရှိထားပြီးဖြစ်သည်။



TOI-3261b ဂြိုဟ်၏သက်တမ်းမှာ နှစ်ပေါင်း ၆ ဒသမ ၅ ဘီလီယံခန့်ရှိနိုင်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## ဗီဂါ-စီ အမျိုးအစား ဒုံးပျံလွှတ်တင်မည့်အစီအစဉ်ကို အနည်းဆုံးတစ်ရက် ဆိုင်းငံ့ထားမည်

**ပဲရစ် နိုဝင်ဘာ ၃၀**

နည်းပညာပိုင်းဆိုင်ရာပြဿနာတစ်ရပ်ကြောင့် ဗီဂါ-စီ အမျိုးအစားဒုံးပျံ လွှတ်တင်မည့်အစီအစဉ်ကို အနည်းဆုံးတစ်ရက် ဆိုင်းငံ့ထားမည်ဖြစ်သည်ဟု ဥရောပအာကာသအေဂျင်စီက နိုဝင်ဘာ ၂၉ ရက်တွင် သတင်း ထုတ်ပြန်ထားကြောင်း သိရသည်။



ဥရောပ အာကာသအေဂျင်စီက ဗီဂါ-စီ ဒုံးပျံကို မူလကဒီဇင်ဘာ ၃ ရက်တွင် လွှတ်တင်ရန်စီစဉ်ထားကြောင်း သိရသည်။

သို့ရာတွင် မလွှတ်တင်မီအကြိုစစ်ဆေးမှုများ ထပ်မံလုပ်ဆောင်ရေးအတွက် ဗီဂါ-စီ ဒုံးပျံလွှတ်တင်မည့်ရက်ကို မူလသတ်မှတ်ရက်မှ အနည်းဆုံးတစ်ရက် နောက်ဆုတ်ထားမည်ဖြစ်သည်ဟု ဥရောပအာကာသအေဂျင်စီက ကြေညာထားကြောင်း သိရသည်။

ဥရောပ အာကာသအေဂျင်စီသည် ဗီဂါ-စီ ဒုံးပျံဖြင့် စန်တီနယ်လ်-၁ စီ သိပ္ပံပညာစူးစမ်းလေ့လာရေးဂြိုဟ်တုကို ကမ္ဘာပတ်လမ်းပေါ် ပို့ဆောင်ပေးမည်ဖြစ်သည်။

ဥရောပ အာကာသအေဂျင်စီသည် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလတွင် ဗီဂါ-စီ ဒုံးပျံကို ပထမဆုံးအကြိမ် လွှတ်တင်ခဲ့ရာ အောင်မြင်မှုမရှိခဲ့ဘဲ ဂြိုဟ်တုတစ်စင်း ဆုံးရှုံးခဲ့ရကြောင်း သိရသည်။

ဗီဂါ-စီ ဒုံးပျံများသည် အလေးချိန် ကီလိုဂရမ် ၂၃၀၀ ထိရှိသော ဂြိုဟ်တုများကို ကမ္ဘာမြေပြင်အထက် ကီလိုမီတာ ၇၀၀ အကွာရှိ ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

# HEALTH

## ပန်းနာရင်ကျပ်ရောဂါလူနာများအတွက် သုံးနှစ်အတွင်း ကုထုံးသစ်တစ်မျိုးပေါ်လာနိုင်

**လန်ဒန် နိုဝင်ဘာ ၃၀**

ပန်းနာရင်ကျပ်ရောဂါ လူနာများအတွက် လာမည့်သုံးနှစ်အတွင်း ကုထုံးသစ်တစ်မျိုး ပေါ်ထွက်လာနိုင်ကြောင်း ဗြိတိန်သုတေသနပညာရှင်များက နိုဝင်ဘာ ၂၉ ရက်တွင် ပြောကြားသည်။

ဗြိတိန် သုတေသနပညာရှင်များပြုလုပ်နေသည့် စမ်းသပ်လေ့လာမှုများမှ ပေါ်ထွက်လာသော ရလဒ်များအရ ပဋိပစ္စည်းထိုးဆေးသစ်တစ်မျိုးသည် ပန်းနာရင်ကျပ်ဖောက်မှုကို တားဆီးရာတွင် လက်ရှိသုံးစွဲနေသည့် စတီးရွိုက်ဆေးများထက် ပို၍ထိရောက်ကြောင်း သိရသည်။

Benralizumab အမည်ရှိ အဆိုပါ ပဋိပစ္စည်းထိုးဆေးသည် ရောဂါပြင်းထန်သည့် ပန်းနာရင်ကျပ်လူနာများ ရှေ့ဆက်ကုထုံးများရယူရန်လိုအပ်မှုကို လျှော့ချပေးနိုင်ကြောင်း ဗြိတိန်သုတေသနပညာရှင်များက ပြောကြားသည်။

ထို့ပြင် Benralizumab ဆေးသည် ပန်းနာရင်ကျပ်လူနာများ၌ နာတာရှည် အဆုတ်လေပြွန်ကျဉ်းရောဂါ (COPD) ပေါ်လာနိုင်ခြေကိုလည်း ၃၀ ရာခိုင်နှုန်းလျှော့ချပေးနိုင်ကြောင်း ဗြိတိန်သုတေသနပညာရှင်များက ပြောကြားသည်။

လက်ရှိအချိန်တွင် ဗြိတိန်သုတေသန ပညာရှင်များသည် Benralizumab ဆေးကို ပန်းနာရင်ကျပ်ရောဂါလူနာ ၁၅၀ ကျော်တို့ဖြင့် လက်တွေ့စမ်းသပ်နေဆဲဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## အိပ်ရာဝင်ချိန်၊ အိပ်ရာထချိန် ပုံမှန်မရှိသူများ လေဖြတ်နိုင်ခြေနှင့်နှလုံးဖောက်နိုင်ခြေ မြင့်တက်နိုင်

**လန်ဒန် နိုဝင်ဘာ ၃၀**

အိပ်ရာဝင်ချိန်၊ အိပ်ရာထချိန် ပုံမှန်မရှိသူများတွင် လေဖြတ်နိုင်ခြေနှင့် နှလုံးရုတ်တရက်ဖောက်နိုင်ခြေ မြင့်တက်လာနိုင်ကြောင်း နိုဝင်ဘာ ၂၉ ရက် သတင်းများအရ သိရသည်။

အိပ်စက်ချိန် ပုံမှန်မရှိပါက မည်မျှ အိပ်ရေးဝသည်ဖြစ်စေ အထက်ဖော်ပြပါ နှလုံးပြဿနာများ ပေါ်ထွက်လာနိုင်ခြေမှာ ပုံမှန်ထက် ၂၅ ရာခိုင်နှုန်းကျော်မြင့်တက်လာနိုင်ကြောင်း ဗြိတိန်သုတေသန ပညာရှင်များ၏ အဆိုအရ သိရသည်။

ဗြိတိန် သုတေသနပညာရှင်များသည် အသက် ၄၀ နှင့် ၇၉ နှစ်ကြား လူပေါင်း ၇၂၀၀၀ ကျော်တို့၏ အိပ်စက်မှုပုံစံများနှင့် ကျန်းမာရေး အခြေအနေများကို နှိုင်းယှဉ်လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ အိပ်ချိန်၊ ထချိန် ပုံမှန်မရှိသူများသည် အိပ်ချိန်၊ ထချိန် ပုံမှန်ရှိသူများထက် နှလုံးဖောက်ခြင်း၊ လေဖြတ်ခြင်းကဲ့သို့ နှလုံးသွေးကြောရောဂါများ ပေါ်လာနိုင်ခြေ ၂၆ ရာခိုင်နှုန်းထိ မြင့်တက်နေတတ်ကြောင်း ဗြိတိန်သုတေသန ပညာရှင်များက ပြောကြားသည်။

အိပ်ရေးပျက်မှု ပြဿနာကြောင့် ကိုယ်တွင်းရောင်ရမ်းမှု ပြဿနာပေါ်လာတတ်ပြီး သွေးကြောများအတွင်း အဆီများ စုစည်းလာတတ်ကြောင်း သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

ထို့ပြင် အိပ်စက်မှုဆိုင်ရာ ပြဿနာများသည် အရသာအာရုံနှင့်သက်ဆိုင်သည့် ဟော်မုန်းများပေါ်တွင်လည်း အကျိုးသက်ရောက်မှုရှိတတ်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

Ref : Sputnik News

Trs : KKO



## နိုင်ငံတကာ အားကစားသတင်းများ

# IBO၊ WBC အမျိုးသမီးလိုက်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံကာကွယ်ပွဲစဉ် ထိုးသတ်သွားမည်ဖြစ်ကြောင်း ကာရိုလိုင်းထုတ်ပြန်



**လန်ဒန် နိုဝင်ဘာ ၃၀**

IBO၊ WBC အမျိုးသမီး လိုက်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံ ဗြိတိန်လက်ဝှေ့မယ် ကာရိုလိုင်းသည် လာမည့် ဖေဖော်ဝါရီ ၁၁ ရက်တွင် လက်ရှိချန်ပီယံကို ကာကွယ်ထိုးသတ်သွားမည်ဖြစ်ကြောင်း ယနေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။

ကာရိုလိုင်းသည် စိန်ခေါ်သူ ကနေဒါလက်ဝှေ့မယ် ဂျက်ဆီကာနှင့် ထိုးသတ်သွားမည်ဖြစ်ပြီး အင်္ဂလန်နိုင်ငံ ရှက်ဖီးလ်မြို့တွင် ထိုးသတ်သွားမည်ဖြစ်သည်။

အသက် ၂၃ နှစ်အရွယ်သာ ရှိသေးသည့် ကာရိုလိုင်းသည် ပရော်ဖက်ရှင်နယ် လောကသို့ ဝင်ရောက်လာခဲ့ပြီး စိန်ခေါ်ပွဲ ၁၀ ပွဲသာ ထိုးသတ်ထားရသေးသော်လည်း ကမ္ဘာ့ချန်ပီယံခါးပတ် နှစ်ခုကို ရရှိထားပြီးဖြစ်သလို ရှုံးပွဲမရှိသေးသည့် ကမ္ဘာ့ချန်ပီယံတစ်ဦး ဖြစ်သည်။

IBO အမျိုးသမီးလိုက်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံကို တစ်ကြိမ် ကာကွယ် ထိုးသတ်ထားပြီးဖြစ်သလို ယင်းလက်ရှိချန်ပီယံ ကာကွယ်ပွဲစဉ်၌ WBC အမျိုးသမီး လိုက်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံ ခါးပတ်ကို ရရှိခဲ့သူဖြစ်သည်။

ကာရိုလိုင်းနှင့် ထိုးသတ်သွားမည့် ဂျက်ဆီကာသည်လည်း WBA အမျိုးသမီး Gold လိုက်ဝိတ်တန်း ချန်ပီယံတစ်ဦးဖြစ်ပြီး စိန်ခေါ်ပွဲပေါင်း ၁၇ ပွဲ ထိုးသတ်ထားသည်။

အသက် ၃၆ နှစ်အရွယ် ဂျက်ဆီကာသည် ရှုံးပွဲလေးပွဲ ရှိထားသော်လည်း နောက်ဆုံး ထိုးသတ်ခဲ့သည့် စိန်ခေါ်ပွဲ ငါးပွဲတွင် တစ်ပွဲသာ ရှုံးနိမ့်ထားသည်။

ကာရိုလိုင်း၏ Promoter ဖြစ်သူ ဘင်ရှယ်လမ်က "ကာရိုလိုင်းဟာ အမျိုးသမီး လက်ဝှေ့လောကရဲ့ အနာဂတ်ကြယ်ပွင့်ဖြစ်ပါတယ်။ လိုက်ဝိတ်တန်းမှာ ပြိုင်ဘက်ကင်း ချန်ပီယံဖြစ်ဖို့အတွက် ပစ်မှတ်ထားနေသူလဲဖြစ်ပါတယ်။ ဒါပေမယ့်လဲ အတွေ့အကြုံတွေလိုအပ်နေသေးသလို ကမ္ဘာ့အဆင့် လယ်ဗယ်တစ်ခုမှာ ပိုပြီးတော့ ရင့်ကျက်တဲ့ အတွေ့အကြုံကောင်းတွေ လိုအပ်နေသေးတယ်။ ဒါကြောင့်လဲ အတွေ့အကြုံရှိတဲ့ ဂျက်ဆီကာရဲ့ စိန်ခေါ်မှုကိုလက်ခံခဲ့ပြီးတော့ လက်ရှိချန်ပီယံ ကာကွယ်ပွဲစဉ် ထိုးသတ်သွားဖို့ ဆုံးဖြတ်ခဲ့တာဖြစ်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : AZL

## အားကစားသတင်းအတိုအထွာများ

- ရီးရဲလ်မက်ဒရစ်ဂန္ထဝင်အသင်းနှင့် ဘာစီလိုနာဂန္ထဝင်အသင်းတို့ ကစားခဲ့သည့်ပွဲစဉ်တွင် တစ်ဖက်နှစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့သောကြောင့် ပင်နယ်တီ ဆက်လက်ကစားခဲ့ရာ ဘာစီလိုနာအသင်းက လေးဂိုး နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။
- ဘိုင်ယန်မြူးနစ်အသင်းက ပွဲကစားခွင့်မပေးနိုင်သည့် လူငယ်ကစားသမား မက်သီတဲလ်ကို စတုဂတ်အသင်းက ခြောက်လ အငှားစာချုပ်ဖြင့် ခေါ်ယူမည်ဖြစ်ကြောင်း သိရသည်။
- လာမည့်ဇန်နဝါရီအပြောင်းအရွှေ့တွင် ဘင်ဖီကာအသင်း ခံစစ်ကစားသမား အန်တိုနီယိုဆေးဗားကို ခံစစ်ပိုင်းလိုအပ်ချက်အတွက် ဂျူဗင်တပ်အသင်းက ခေါ်ယူမည်ဖြစ်ကြောင်း သိရသည်။

ML

# မြန်မာနေရှင်နယ်လိဂ် ယူ-၂၀ ပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကျင်းပ ရှမ်းယူနိုက်တက် ယူ-၂၀ အသင်း ချန်ပီယံဆု ဆွတ်ခူး

**ရန်ကုန် နိုဝင်ဘာ ၃၀**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာနေရှင်နယ်လိဂ် ယူ-၂၀ ပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့ သုဝဏ္ဏ အားကစားကွင်းတွင် ကျင်းပခဲ့ရာ ရှမ်းယူနိုက်တက် ယူ-၂၀ အသင်းက ချန်ပီယံဆု ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။




မြန်မာနေရှင်နယ်လိဂ် ယူ-၂၀ ပြိုင်ပွဲ နောက်ဆုံးပွဲစဉ်တွင် Junior Lions အသင်းက ရှမ်းယူနိုက်တက် ယူ-၂၀ အသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်အတွက် Junior Lions အသင်းက ရမှတ် ၅၁ မှတ်ဖြင့် အဆင့်(၂)နေရာတွင် ရပ်တည်နိုင်ခဲ့ပြီး ISPE အသင်းက ရမှတ် ၄၆ မှတ်ဖြင့် အဆင့်(၃)နေရာတွင် ရပ်တည်ခဲ့ကာ ရှမ်းယူနိုက်တက် ယူ-၂၀ အသင်းက နောက်ဆုံးပွဲစဉ်တွင် ရှုံးနိမ့်ခဲ့သော်လည်း ရမှတ် ၅၂ မှတ်ဖြင့် ချန်ပီယံဆုဆွတ်ခူး နိုင်ခဲ့သည်။

ထို့နောက် ဆုပေးပွဲအခမ်းအနားကိုကျင်းပရာ သွင်းဂိုး ၁၅ ဂိုးဖြင့် သွင်းဂိုးအများဆုံးကစားသမားဆုရရှိခဲ့သည့် ရန်ကုန်ယူနိုက်တက် ယူ-၂၀ အသင်းမှ စိုင်းဇေယျာကျော်အား ဆုတံဆိပ်နှင့် ဆုကြေးငွေကျပ် သုံးသိန်းကို မြန်မာနေရှင်နယ်လိဂ် စီအီးအို ဦးစိုးမိုးကျော်က လည်းကောင်း၊ တတိယဆုရခဲ့သည့် ISPE အသင်းအား တစ်ဦးချင်းကြေးတံဆိပ်များကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးစည်သူဝင်းက လည်းကောင်း၊ ဆုကြေးငွေကျပ် သိန်း ၁၀၀ ကို Essential Motor by BYD မှ Head of Operations ဦးကျော်နိုင်ဦးက လည်းကောင်း၊ ဒုတိယဆုရခဲ့သည့် Junior Lions အသင်းအား တစ်ဦးချင်း ငွေတံဆိပ်ဆုများနှင့် ဆုကြေးငွေကျပ် သိန်း ၁၂၀ ကို အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုးမိုးက ချီးမြှင့်ပေးအပ်ခဲ့သည်။

ဆက်လက်ပြီး ချန်ပီယံဆု ဆွတ်ခူးနိုင်ခဲ့သည့် ရှမ်းယူနိုက်တက်အသင်းအား တစ်ဦးချင်း ရွှေတံဆိပ်ဆုနှင့်အတူ ဆုကြေးငွေကျပ် သိန်း ၁၅၀ ကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးထိပ်ခွန်နောင်မြင့်ဝေက လည်းကောင်း၊ ချန်ပီယံဆုဖလားကိုမြန်မာနေရှင်နယ်လိဂ်ကော်မတီ ဥက္ကဋ္ဌ ဦးဇော်မင်းသိန်းကလည်းကောင်း အသီးသီး ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

STA

# မန်စီးတီးအသင်းနှင့်ပွဲစဉ်ကို ခံစစ်ကစားသမားကွန်နာတီ လွဲချော်မည်

**မန်ချက်စတာ နိုဝင်ဘာ ၃၀**

လီဗာပူးအသင်း ခံစစ်ကစားသမား ကွန်နာတီသည် ရီးရဲလ်မက်ဒရစ်အသင်းနှင့် ချန်ပီယံလိဂ် ပွဲစဉ်တွင် ရရှိခဲ့သည့်ဒဏ်ရာကြောင့် မန်စီးတီးအသင်းနှင့် ပွဲစဉ်ကို လွဲချော်မည်ဟု လီဗာပူးအသင်းက အတည်ပြုထုတ်ပြန်ခဲ့သည်။



အဆိုပါပွဲစဉ်တွင် ကွန်နာတီသည် လီဗာပူးအသင်းတိုက်စစ်ကို ဦးဆောင်၍ ရီးရဲလ်မက်ဒရစ်အသင်းကို နှစ်ဂိုးပြတ်အနိုင်ရရှိအောင် ကြိုးပမ်းခဲ့သော်လည်း ပွဲကစားချိန် ပြီးဆုံးခါနီးတွင် ဒဏ်ရာပြဿနာ ကြုံတွေ့ခဲ့ခြင်းဖြစ်သည်။

ယခုအခါ ကွန်နာတီ၏ ဒဏ်ရာကို စစ်ဆေးမှုပြုလုပ်ခဲ့ရာ အပေါ့စားဒဏ်ရာဖြစ်သော်လည်း လာမည့်တနင်္ဂနွေနေ့တွင် ကစားရမည့် မန်စီးတီးအသင်းနှင့် အမှတ်ပေးပွဲစဉ်ကို လွဲချော်မည်ဟု နည်းပြစလော့က ပြောကြားခဲ့သည်။

ခံစစ်ကစားသမား ကွန်နာတီသည် နည်းပြစလော့လက်အောက်တွင် ဗန်ဒိုက်နှင့်တွဲဖက်ကာ ခြေစွမ်းပြသနိုင်ခဲ့သဖြင့် ပြိုင်ပွဲစုံ ၁၉ ပွဲတွင် အသင်းအနေဖြင့် ၁၂ ဂိုးသာခွင့်ပြုခဲ့ရပြီး clean sheet ၁၀ ကြိမ်ထိ ရရှိခဲ့သည်။

ထို့ပြင် ၎င်းသည် လီဗာပူးအသင်း ခံစစ်ကစားသမားများ ထဲတွင် အခြားကစားသမားများထက် အပိုင်အခွင့်အရေး ငါးကြိမ်ထိ တားဆီးနိုင်ခဲ့ကြောင်း သိရသည်။

Ref : Fotmob

Trs : ML

# မန်စီးတီးအသင်းမှခေါ်ယူထားသည့် ကစားသမားနှစ်ဦးကို ပြန်လည်ရောင်းချမည်ဟု အာဆင်နယ်ထုတ်ပြန်

**လန်ဒန် နိုဝင်ဘာ ၃၀**

အာဆင်နယ် အသင်းသည် မန်စီးတီးအသင်းမှ ခေါ်ယူထားသည့် တိုက်စစ်မှူးဂျီဆပ်နှင့် ဇီချန်ကိုတို့ကို လာမည့် ဇန်နဝါရီ အပြောင်းအရွှေ့ ကာလတွင် ပြန်လည်ရောင်းချမည်ဟု ထုတ်ပြန်ခဲ့သည်။

အာဆင်နယ် အသင်းသည် တိုက်စစ်မှူးဂျီဆပ်ကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၄၅ သန်းဖြင့် ခေါ်ယူခဲ့ပြီး ခံစစ်ကစားသမား ဇီချန်ကိုကို စတာလင်ပေါင် ၃၂ သန်းဖြင့် ခေါ်ယူခဲ့သော်လည်း ယခုအခါ ကစားသမားနှစ်ဦးစလုံးမှာ ခြေစွမ်းပြသရန် ရုန်းကန်နေရသောကြောင့် ပြန်လည်ရောင်းချရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး ဂျီဆပ်သည် ယခုနှစ် ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ သွင်းဂိုးတစ်ဂိုးသာ သွင်းယူနိုင်ခဲ့ပြီး ဇီချန်ကိုအနေဖြင့် ပွဲကစားခွင့်အတွက် ကာလာဖီအိုရီ၊ ကီဝီရောတို့နှင့် ယှဉ်ပြိုင်နေရပြီး ကစားသမားနှစ်ဦးစလုံး ပုံစံကောင်း ပျောက်ဆုံးနေခြင်းဖြစ်သည်။

အာဆင်နယ် အသင်းသည် တိုက်စစ်ပိုင်း လိုအပ်ချက်အတွက် နယူးကာဆယ်တိုက်စစ်မှူး အစ်ဆက်ခ်ကို ခေါ်ယူရန်ဆုံးဖြတ်ထားပြီး ဘဏ္ဍာရေးလိုအပ်ချက်အတွက် ဂျီဆပ်နှင့် ဇီချန်ကိုတို့ နှစ်ဦးကို ဇန်နဝါရီအပြောင်းအရွှေ့ ကာလတွင် အရောင်းစာရင်း တင်သွင်းရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

Ref : Goal.com

Trs : ML

# မြန်မာနေရှင်နယ်လိဂ် ယူ-၂၀ပြိုင်ပွဲ ပွဲစဉ်(၂၆)တွင် ရောဝတီယူနိုက်တက်အသင်း၊ ရတနာပုံအက်ဖ်စီအသင်းနှင့် Junior Lions အသင်းတို့ နိုင်ပွဲရရှိ



ရန်ကုန် နိုဝင်ဘာ ၃၀

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာနေရှင်နယ်လိဂ် ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၂၆) ပွဲစဉ်များကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့တွင်ကျင်းပခဲ့ရာ ရောဝတီယူနိုက်တက် အသင်း၊ ရတနာပုံအက်ဖ်စီ အသင်းနှင့် Junior Lions အသင်းတို့ နိုင်ပွဲကိုယ်စီရရှိခဲ့ကြကြောင်း သိရသည်။

မြန်မာနေရှင်နယ်လိဂ် ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၂၆) ပွဲစဉ်များအဖြစ် ယနေ့ညနေ ၃ နာရီက ပဒုမ္မာ အားကစားကွင်းတွင် ဒဂုံပေါ့အသင်းနှင့် ရောဝတီယူနိုက်တက် အသင်းတို့ကစားခဲ့ရာ ရောဝတီယူနိုက်တက်အသင်းက ခြောက်ဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ရောဝတီ ယူနိုက်တက် အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် လေးမိနစ်နှင့် ၂၉ မိနစ်တို့တွင် ကောင်းထက်ကျော်၊ ပွဲချိန် မိနစ် ၂၀ နှင့် ၉၁ မိနစ်တို့တွင် ဇင်မင်းရှိုင်း၊ ပွဲချိန် ၄၃ မိနစ်တွင် နေလင်းအောင်နှင့် ပွဲချိန် ၇၃ မိနစ်တွင် နိုင်လာတို့က သွင်းယူပေးနိုင်ခဲ့ပြီး ဒဂုံပေါ့အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၅၈ မိနစ်နှင့် ၆၇ မိနစ်တို့တွင် နိုင်ကိုကိုက သွင်းယူပေးနိုင်ခဲ့သည်။

အလားတူ ညနေ ၃ နာရီက တောင်ဒဂုံ အားကစားကွင်းတွင် ရတနာပုံအက်ဖ်စီ အသင်းနှင့် ISPE အသင်းတို့ ကစားခဲ့ရာ ရတနာပုံအက်ဖ်စီ အသင်းက တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ရတနာပုံအက်ဖ်စီအသင်းအတွက် တစ်လုံးတည်းသော သွင်းဂိုးကို ပွဲချိန် ၄၇ မိနစ်တွင် ရာဇာထွန်းက သွင်းယူပေးနိုင်ခဲ့သည်။

ဆက်လက်ပြီး ညနေ ၃ နာရီခွဲက သုဝဏ္ဏအားကစားကွင်းတွင် Junior Lions အသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ ကစားခဲ့ရာ Junior Lions အသင်းက နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး Junior Lions အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၁၆ မိနစ်တွင် အောင်သီဟနှင့် ပွဲချိန် မိနစ် ၅၀ တွင် ကြယ်ရောင်မင်းလေးတို့က သွင်းယူပေးနိုင်ခဲ့ကြောင်း သိရသည်။ STA

# တိုက်စစ်မှူးစီရော်နယ်ဒို ကစားသမားဘဝ သွင်းဂိုး ၉၁၅ ဂိုး ပြည့်မြောက်

ရီယာ့ဒ် နိုဝင်ဘာ ၃၀

အယ်နာဆာ အသင်းက အယ်ဒါမက်အသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သည့်ပွဲစဉ်တွင် အသင်းအတွက် နှစ်ဂိုးသွင်းယူခဲ့သည့် စီရော်နယ်ဒိုသည် ကစားသမားဘဝ သွင်းဂိုး ၉၁၅ ဂိုး ပြည့်မြောက်ခဲ့ကြောင်းသိရသည်။

စီရော်နယ်ဒိုသည် အယ်ဒါမက်အသင်းနှင့်ပွဲစဉ်တွင် ပွဲကစားချိန် ၁၇ မိနစ်၌ ပင်နယ်တီမှ ဦးဆောင်ဂိုးနှင့် ပွဲချိန် မိနစ် ၈၀ တွင် ဒုတိယဂိုး သွင်းယူနိုင်ခဲ့သဖြင့် ကစားသမားဘဝ သွင်းဂိုး ၉၁၅ ဂိုး ပြည့်မြောက်ခဲ့ပြီး ယခုရာသီ သွင်းဂိုး စုစုပေါင်း၁၅ဂိုးသွင်းယူနိုင်ခဲ့သည်။

လက်ရှိ ကမ္ဘာ့ဘောလုံးလောကတွင် ဂိုးသွင်းအများဆုံးကစားသမားမှာ တိုက်စစ်မှူးစီရော်နယ်ဒိုက ၉၁၅ ဂိုးဖြင့် ပထမ၊ တိုက်စစ်မှူးမက်ဆီက သွင်းဂိုး ၈၅၀ ဖြင့် ဒုတိယ၊ ဆလားဗီးယားအသင်း တိုက်စစ်မှူးဟောင်း ဂျိုးဆက်ဘိုင်ကန်က ၈၀၅ ဂိုးဖြင့် တတိယနေရာတွင် အစဉ်လိုက်ရပ်တည်နေသည်။

အဆိုပါပွဲစဉ်တွင် စီရော်နယ်ဒို၏သွင်းဂိုးကြောင့် အနိုင်ရခဲ့သည့် အယ်နာဆာအသင်းသည် အမှတ်ပေးပြိုင်ပွဲ ၁၂ ပွဲအပြီးတွင် ရမှတ် ၂၅ မှတ်ရရှိခဲ့ပြီး ရမှတ် ၃၀ ရရှိထားသည့် အဆင့် ၁ မှ အယ်အီသီဟတ်အသင်းကို ဖိအားပေးနိုင်ခဲ့ကြောင်း သိရသည်။

Ref : Goal.com

Trs : ML




# စပိန်လာလီဂါပြိုင်ပွဲ၏ နိုဝင်ဘာလအတွက် တစ်လတာအကောင်းဆုံး ကစားသမားဆုကို ရီးရဲလ်မက်ဒရစ်တိုက်စစ်မှူး ဗင်နီစီးယက်စ်ဆွတ်ခူး

မက်ဒရစ် နိုဝင်ဘာ ၃၀

စပိန်လာလီဂါပြိုင်ပွဲ၏ နိုဝင်ဘာလအတွက် တစ်လတာ အကောင်းဆုံး ကစားသမားဆုကို ရီးရဲလ်မက်ဒရစ်အသင်း တိုက်စစ်မှူး ဗင်နီစီးယက်စ်က ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

ဗင်နီစီးယက်စ်သည် နိုဝင်ဘာလအတွင်း ရီးရဲလ်မက်ဒရစ်အသင်းနှင့်အတူ နှစ်ပွဲသာ ကစားခဲ့သော်လည်း နှစ်ပွဲစလုံးတွင် အကောင်းဆုံးခြေစွမ်းပြသနိုင်ခဲ့ကာ ရီးရဲလ်မက်ဒရစ်အသင်းက အိုဆာဆူနာအသင်းကို လေးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြသနိုင်ခဲ့ပြီး ဟက်ထရစ်သွင်းဂိုး သွင်းယူနိုင်ခဲ့သည်။

အလားတူ ဒုတိယပွဲစဉ်အဖြစ် ရီးရဲလ်မက်ဒရစ် အသင်းက လီဂါနက်အသင်းကို သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင်လည်း အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြသနိုင်ခဲ့ပြီး အမ်ဘက်ပီ၏သွင်းဂိုးကို ဖန်တီးမှုပြုလုပ်နိုင်ခဲ့ပြီးနောက် နှစ်ပွဲကစားပြီး သုံးဂိုးသွင်းယူနိုင်ခဲ့ကာ တစ်ကြိမ်ဂိုးဖန်တီးမှု ပြုလုပ်နိုင်ခဲ့ပြီးနောက် စပိန်လာလီဂါပြိုင်ပွဲ၏ နိုဝင်ဘာလအတွက် တစ်လတာအကောင်းဆုံးကစားသမားဆုကို ဆွတ်ခူးနိုင်ခဲ့၍ ယခုနှစ်ဘောလုံးရာသီတွင် ဒုတိယအကြိမ် ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

အလားတူ ဗင်နီစီးယက်စ်သည် စပိန်လာလီဂါပြိုင်ပွဲ၏ နိုဝင်ဘာလအတွက် တစ်လတာ အကောင်းဆုံး ကစားသမားဆုကို ဆွတ်ခူးနိုင်ခဲ့သည့်အပြင် နိုဝင်ဘာလအတွက် ရီးရဲလ်မက်ဒရစ်အသင်း၏ တစ်လတာ အကောင်းဆုံး ကစားသမားဆုကိုလည်း ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

Ref : Fabrizio Romano

Trs : STA




# Australian Open ဂေါက်သီးရိုက်ပြိုင်ပွဲ အမှတ်ပေးဇယားကို လူးကပ်စ်ဟာဘက်နှင့် ဂျွန်စတန်တို့ ပူးတွဲဦးဆောင်

မဲလ်ဘုန်း နိုဝင်ဘာ ၃၀

ဩစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့တွင်ကျင်းပနေသော Australian Open ဂေါက်သီးရိုက် ပြိုင်ပွဲ တတိယနေ့အပြီးတွင် ဩစတြေးလျ ဂေါက်သီးရိုက် ကစားသမား လူးကပ်စ်ဟာဘက်နှင့် အမေရိကန်ဂေါက်သီးရိုက် ကစားသမား ဂျွန်စတန်တို့က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၄ ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယားကို ပူးတွဲဦးဆောင်နေကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဩစတြေးလျ ဂေါက်သီးရိုက် ကစားသမား စမိုင်လီ၊ တရုတ်ဂေါက်သီးရိုက်ကစားသမား ဒင်ဝမ်ယီ၊ ဖင်လန်ဂေါက်သီးရိုက်ကစားသမား လင်ဒ်ယါ၊ ချီလီဂေါက်သီးရိုက်ကစားသမား နီမန်းတို့က စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၂ ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ပူးတွဲရပ်တည်လျက်ရှိနေပြီး ဩစတြေးလျ ဂေါက်သီးရိုက် ကစားသမား လိုက်ရှ်မန်းအပါအဝင် ပြိုင်ပွဲဝင် လေးဦးက စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၁ ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ပူးတွဲရပ်တည်လျက်ရှိသည်။

ဂျွန်စတန်သည် ပထမနေ့မှ စတင်၍ တတိယနေ့ပြီးဆုံးသည်အထိ လက်စွမ်းပိုင်းတည်ငြိမ်ခဲ့ပြီး တတိယနေ့တွင် ရလဒ်အကောင်းဆုံးရရှိသည့် ကစားသမားဖြစ်ကာ အမှတ်ပေးဇယားထိပ်သို့ တက်ရောက်လာနိုင်ခဲ့ခြင်းဖြစ်သည်။

လူးကပ်စ်ဟာဘက်က “အခြားပြိုင်ပွဲတွင် ရလဒ်ပိုင်းတောက်လျှောက် ကောင်းမွန်လာခဲ့ပြီး ဖိအားပေးလာတယ် ဆိုပေမယ့်လဲ ကျွန်တော့်အနေနဲ့ အမှတ်ပေးဇယားကို ဆက်လက်ဦးဆောင်ထားနိုင်လို့ ဝမ်းသာပါတယ်။ ဒါပေမယ့်လဲ တတိယနေ့မှာ ကစားနိုင်ခဲ့တဲ့ စွမ်းဆောင်ရည်ပိုင်း အပေါ်မှာ စိတ်ပျက်မိပါတယ်။ အမှားတွေ အရမ်းများခဲ့တယ်။ ဒီပြိုင်ပွဲမှာ ယှဉ်ပြိုင်နေတဲ့ သုံးရက်တာကာလအတွင်း တတိယနေ့က စွမ်းဆောင်ရည်ကို တော်တော်လေးစိတ်ပျက်မိပါတယ်”ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT

Trs : AZL

# ဂျိုကိုဗစ်၏နည်းပြအဖွဲ့တွင် ဗြိတိန်တင်းနစ်ကစားသမားဟောင်း အင်ဒီမာရေး ပါဝင်လာတော့မည်

လန်ဒန် နိုဝင်ဘာ ၃၀

တင်းနစ်လောကတွင် သမိုင်းဝင် ဂရန်းစလန်းချန်ပီယံဆုဖလား အများဆုံးဆွတ်ခူးထားသည့်ကစားသမားအဖြစ် မှတ်တမ်းဝင်ထားသည့် ဆားဘီးယားတင်းနစ်ကစားသမား ဂျိုကိုဗစ်သည် ၂၀၂၅ ခုနှစ် တင်းနစ်ရာသီအတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိရာ ၎င်း၏ နည်းပြအဖွဲ့ကိုလည်း အပြောင်းအလဲများ ပြုလုပ်လာခဲ့သည်။

အသစ်ပြန်လည် ဖွဲ့စည်းမည့် နည်းပြအဖွဲ့တွင် ကစားသမားဘဝမှအနားယူထားသည့် ကမ္ဘာ့အဆင့်(၁) တင်းနစ်ကစားသမားဟောင်း အင်ဒီမာရေးပါဝင်လာတော့မည်ဟု ဂျိုကိုဗစ်က ထုတ်ဖော်ပြောကြားခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျိုကိုဗစ်သည် တင်းနစ်လောကတွင် ဂရန်းစလန်းဆုဖလား ၂၄ ကြိမ်ထိရရှိထားပြီး မှတ်တမ်းသစ်ရရှိထားသော်လည်း ဂရန်းစလန်းချန်ပီယံဆုဖလား ၂၅ ကြိမ်အထိ ရရှိရေးအတွက် ပစ်မှတ်ထားနေပြီး အင်ဒီမာရေးသည် အတွေ့အကြုံရှိသည့် ချန်ပီယံဟောင်းတစ်ဦးဖြစ်သလို ဂျိုကိုဗစ်၏ ပြိုင်ဘက်ဟောင်းတစ်ဦးလည်းဖြစ်သည်။

ဂျိုကိုဗစ်အနေဖြင့် အင်ဒီမာရေး၏ အတွေ့အကြုံများသည် ၎င်း၏ စွမ်းဆောင်ရည်ကို အကောင်းဆုံးကူညီပေးနိုင်မည်ဟု ယုံကြည်၍ နည်းပြအဖွဲ့တွင် ပါဝင်ပေးရန် ကမ်းလှမ်းခဲ့ခြင်းဖြစ်ပြီး ကစားသမားဘဝမှ အနားယူခဲ့ပြီးနောက် နည်းပြလောကသို့ ဝင်ရောက်ရန် ပြင်ဆင်နေသည့် အင်ဒီမာရေး အနေဖြင့်လည်း ဂျိုကိုဗစ်၏ နည်းပြအဖွဲ့တွင်ပါဝင်ရန် လက်ခံထားသည်။

ဂျိုကိုဗစ်၏ နည်းပြအဖွဲ့ဖြင့် ပူးပေါင်းကာ နည်းပြအတွေ့အကြုံများရယူရန် အင်ဒီမာရေးအတွက် အကောင်းဆုံး အခွင့်အရေးဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : AZL

# မျိုးချစ်စိတ်နှင့် ဇာတိမာန်များ ထုတ်ဖော်ပြသမည့် အမျိုးသားအားကစားပွဲတော်

ကိုယဉ်ချစ်(မန္တလေး)

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီးကို ဒီဇင်ဘာ ၉ ရက်မှ ဒီဇင်ဘာ ၂၀ ရက်ထိ နိုင်ငံတော်အဆင့် ခမ်းနားထည်ဝါစွာ အောက်ပါရည်ရွယ်ချက်ငါးရပ်နဲ့ ကျင်းပသွားမှာဖြစ်ပါတယ်။

- နိုင်ငံတော်၏ အားကစားအဆင့်အတန်း ပိုမိုတိုးတက်မြင့်မားလာစေရန်၊
- လာမည့်(၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် အခြားနိုင်ငံတကာပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်နိုင်ပြီး အောင်မြင်မှုရရှိစေရန်၊
- နိုင်ငံ့ဂုဏ်ဆောင်နိုင်မည့် အဆင့်မီအားကစားသမားများနှင့် အလားအလာရှိသော လူငယ်မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာစေရန်၊
- တိုင်းဒေသကြီးနှင့် ပြည်နယ်၊ ဝန်ကြီးဌာနများကြား အချင်းချင်းချစ်ကြည်ရင်းနှီးမှုရရှိပြီး အားကစားလှုပ်ရှားမှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်လာနိုင်စေရန်၊
- ပြည်သူတစ်ရပ်လုံး အားကစားကို ပိုမိုစိတ်ပါဝင်စားလာပြီး အားကစားလှုပ်ရှားမှုများတွင် ပါဝင်လာစေရန်တို့ဖြစ်ပါတယ်။

အမျိုးသားအားကစားပွဲတော်များကို ပထမအကြိမ်အဖြစ် ၁၉၉၂ ခုနှစ်က ရန်ကုန်မြို့မှာ အားကစားနည်း ၂၂ မျိုးနဲ့ စတင်ကျင်းပခဲ့ပါတယ်။ ဒုတိယအကြိမ်ကို ၁၉၉၄ ခုနှစ်က အားကစားနည်း ၂၄ မျိုးနဲ့ကျင်းပခဲ့သလို တတိယအကြိမ်ကို ၁၉၉၇ ခုနှစ်က အားကစားနည်း ၂၉ မျိုးနဲ့ ရန်ကုန်မြို့မှာပဲ ကျင်းပခဲ့ပါတယ်။ စတုတ္ထအကြိမ်ကိုတော့ ၂၀၁၅ ခုနှစ်က အားကစားနည်း ၂၇ မျိုးနဲ့ နေပြည်တော်မှာ ကျင်းပခဲ့ပြီး ယခု ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ်အမျိုးသားအားကစားပွဲတော်ကြီးကိုတော့ နေပြည်တော်မှာ ခမ်းနားထည်ဝါစွာ ကျင်းပတော့မှာဖြစ်ပါတယ်။

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီးမှာ ဝန်ကြီးဌာနအဆင့်ပြိုင်ပွဲတွေ၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်ပြိုင်ပွဲတွေနဲ့ မသန်စွမ်းအားကစားပြိုင်ပွဲတွေကို ထည့်သွင်းကျင်းပသွားမှာဖြစ်ပါတယ်။ အခု ပဉ္စမအကြိမ်အမျိုးသားအားကစားပွဲတော်ကြီးမှာ ဝန်ကြီးဌာနအဆင့်က အားကစားသမား၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်အဆင့်က အားကစားသမားနဲ့ မသန်စွမ်းအားကစားသမား စုစုပေါင်း ပြိုင်ပွဲဝင် ၁၂၀၀၀ ကျော် ယှဉ်ပြိုင်ကြမှာဖြစ်တယ်လို့ အားကစားနှင့်ကာယပညာဦးစီးဌာနမှ သိရပါတယ်။

ဝန်ကြီးဌာနအဆင့်မှာ ပြေးခုန်ပစ်(အမျိုးသား၊ အမျိုးသမီး)၊ ဘောလုံး(အမျိုးသား)၊ ဖူဆယ်(အမျိုးသား)၊ ဂေါက်သီး (အမျိုးသား)၊ ပိုက်ကျော်ခြင်း(အမျိုးသား)နဲ့ ဘော်လီဘော(အမျိုးသား) ပြိုင်ပွဲစတဲ့ အားကစားနည်းတွေကို ယှဉ်ပြိုင်သွားကြမှာဖြစ်ပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်အဆင့်မှာ အားကစားနည်း ၂၃ မျိုးအပြင် မသန်စွမ်းအားကစားနည်းလေးမျိုးကို ထည့်သွင်းကျင်းပသွားမှာဖြစ်တယ်လို့လဲ သိရပါတယ်။ ၂၀၁၅ ခုနှစ်က နေပြည်တော်မှာ ကျင်းပခဲ့တဲ့ စတုတ္ထအကြိမ် အမျိုးသားအားကစားပွဲတော်မှာ တိုင်းဒေသကြီးနဲ့ ပြည်နယ်အဆင့် အလွတ်တန်းအဆင့်တစ်မျိုးသာပါဝင်ပြီး အားကစားနည်း ၂၇ မျိုးနဲ့ မသန်စွမ်းအားကစားနည်းလေးမျိုးကိုသာ ကျင်းပခဲ့ပါတယ်။ ယခုပြိုင်ပွဲကြီးမှာ ဝန်ကြီးဌာနအဆင့်ပြိုင်ပွဲကို ထည့်သွင်းကျင်းပမှာဖြစ်ပါတယ်။

အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲအခမ်းအနားကြီးကို ၂၀၁၃ ခုနှစ်က နေပြည်တော်မှာ အိမ်ရှင်နိုင်ငံအဖြစ်ကျင်းပခဲ့တဲ့ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားပုံစံကို မှီငြမ်းပြီး ကျင်းပသွားမှာဖြစ်ပါတယ်။ အသံစနစ်၊ မီးအလင်းအမှောင်တွေနဲ့ပေါင်းစပ်ပြီး ရိုးရာယဉ်ကျေးမှုကို အသွင်ထူးခြားစွာဆောင်ရွက်မဲ့အစီအစဉ်တွေ၊ နည်းပညာပိုင်းဆိုင်ရာပြကွက်တွေ၊ မီးရှူးမီးပန်းအလှဆင် ပစ်ဖောက်တာတွေ၊ ပဉ္စမအကြိမ်အမျိုးသားအားကစားပွဲတော် မီးရှူးမီးတိုင်လက်ဆင့်ကမ်းသယ်ယူရေးအစီအစဉ်တွေ၊ သရုပ်ဖော်အကအလှတွေနဲ့ ဖျော်ဖြေရေးအစီအစဉ်တွေအပါအဝင် ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားတွေကို လူအင်အား ၁၂၀၀၀ ကျော်နဲ့ ခမ်းနားထည်ဝါစွာကျင်းပဖို့ စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ ဖွင့်ပွဲအခမ်းအနားကျင်းပမဲ့ နေပြည်တော် ဝဏ္ဏသိဒ္ဓိဘောလုံးအားကစားကွင်းထဲကို အလွတ်ခုန်လေထီးစစ်သည်တွေက အမျိုးသားအားကစားပွဲတော်အလံ၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်အလံတွေ သယ်ဆောင်ဆင်းသက်ဖို့ စက်တင်ဘာလမှစတင်ပြီး လေ့ကျင့်နေတာကိုလဲ သတင်းများအရ သိရပါတယ်။

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်မှာပါဝင်မဲ့ အားကစားသမားတွေအနေနဲ့လဲ ပြိုင်ပွဲတွေမှာ အောင်မြင်မှုတွေရနိုင်ဖို့ ကြိုတင်လေ့ကျင့်ပြင်ဆင်လျက်ရှိပါတယ်။ အောင်မြင်ရမယ်ဆိုတဲ့ ရည်မှန်းချက်တွေကိုယ်စီနဲ့ ပြိုင်ပွဲအသီးသီးမှာ အားသွန်ခွန်စိုက်ကြိုးစားယှဉ်ပြိုင်ကြမှာဖြစ်တဲ့အတွက် မြန်မာ့အားကစားလောကရဲ့ အနာဂတ်မှာ ရွှေရောင်လွှမ်းတဲ့ခေတ်တစ်ခေတ်ကို ရောက်ရှိလာနိုင်မယ်လို့လဲ မှန်းဆမိပါတယ်။ ပြိုင်ပွဲတွေမှာ တစ်ဦးချင်းရဲ့စွမ်းရည်တွေနဲ့ ယှဉ်ပြိုင်ရတဲ့အားကစားနည်းတွေပါဝင်သလို အသင်းအဖွဲ့အလိုက် ပြိုင်ပွဲတွေလဲ ပါဝင်ပါတယ်။ ဘယ်လိုပြိုင်ပွဲတွေဖြစ်ပါစေ၊ အားကစားသမားတိုင်းက အနိုင်မခံအရှုံးမပေးလိုတဲ့ စိတ်၊ ဇွဲ၊ လုံ့လ၊ ဝီရိယ၊ အားမာန်တွေ စိုက်ထုတ်ပြီး အောင်မြင်မှုတွေ ကြိုးစားရယူသွားကြရမှာဖြစ်ပါတယ်။ ပြိုင်ပွဲတွေကိုယှဉ်ပြိုင်ကြရင်း အားကစားသမားအချင်းချင်း ချစ်ကြည်ရင်းနှီးမှု၊ တိုင်းဒေသကြီးနဲ့ပြည်နယ်တွေက အားကစားသမားတိုင်းရင်းသားညီအစ်ကိုမောင်နှမတွေ ခင်မင်ရင်းနှီးမှုတွေရရှိကြပြီး ပြည်ထောင်စုစိတ်ဓာတ်ထွန်းကားရေးကိုပါ အများကြီးအထောက်အကူဖြစ်စေပါမယ်။

**❖ပြိုင်ပွဲတွေမှာ တစ်ဦးချင်းရဲ့စွမ်းရည်တွေနဲ့ ယှဉ်ပြိုင်ရတဲ့ အားကစားနည်းတွေပါဝင်သလို အသင်းအဖွဲ့အလိုက် ပြိုင်ပွဲတွေလဲ ပါဝင်ပါတယ်။ ဘယ်လိုပြိုင်ပွဲတွေဖြစ်ပါစေ၊ အားကစားသမားတိုင်းက အနိုင်မခံအရှုံးမပေးလိုတဲ့စိတ်၊ ဇွဲ၊ လုံ့လ၊ ဝီရိယ၊ အားမာန်တွေ စိုက်ထုတ်ပြီး အောင်မြင်မှုတွေ ကြိုးစားရယူသွားကြရမှာဖြစ်ပါတယ်။ ပြိုင်ပွဲတွေကိုယှဉ်ပြိုင်ကြရင်း အားကစားသမားအချင်းချင်း ချစ်ကြည်ရင်းနှီးမှု၊ တိုင်းဒေသကြီးနဲ့ပြည်နယ်တွေက အားကစားသမားတိုင်းရင်းသားညီအစ်ကိုမောင်နှမတွေ ခင်မင်ရင်းနှီးမှုတွေရရှိကြပြီး ပြည်ထောင်စုစိတ်ဓာတ်ထွန်းကားရေးကိုပါ အများကြီးအထောက်အကူဖြစ်စေပါမယ်။ ❖**

### ကျန်းမာခြင်းနဲ့အားကစား

အာရောဂျံပရမံလာဘံ ကျန်းမာခြင်းသည် လာဘ်တစ်ပါးဖြစ်တယ်လို့ဆိုစကားနဲ့အညီ လူတိုင်းဟာ ကျန်းမာစွာနေထိုင်နိုင်ခြင်းက လာဘ်တစ်ခုချီးမြှင့်ခံစားရသလို ခံစားရပါတယ်။ ကျန်းမာဖို့အတွက်ကတော့ ကိုယ်လက်လှုပ်ရှားအားကစားနည်းတစ်မျိုးမျိုးကို ဆောင်ရွက်နေကြဖို့လိုပါတယ်။ တစ်ဦးချင်းစီက ကျန်းမာနေကြရင် စိတ်ချမ်းသာမှုကိုပါ ခံစားရပါတယ်။ အနည်းဆုံးငွေကြေးကုန်ကျမှုမရှိတဲ့ လမ်းလျှောက်တာမျိုးကအစ ကိုယ်လက်လှုပ်ရှားမှုတွေကို ဆောင်ရွက်သင့်ပါတယ်။ မကျန်းမာလို့ ဆေးကုသရရင် ကုန်ကျမဲ့ငွေကြေးတွေကိုလဲလျှော့ချနိုင်မှာဖြစ်ပါတယ်။ တစ်ဦးချင်းစီကနေ ပြည်သူအများကပါ ဆောင်ရွက်လာကြမယ်ဆိုရင် ကောင်းကျိုးတွေခံစားနိုင်ကြမှာ မလွဲကေန်ဖြစ်ပါတယ်။

အားကစားဆိုတာ ခွန်အား၊ ကြံ့ခိုင်မှု၊ ဉာဏ်ရည်တွေကို အသုံးပြုလှုပ်ရှားဆောင်ရွက်ကြရတာဖြစ်လို့ ခန္ဓာကိုယ်အစိတ်အပိုင်းတွေ ကြံ့ခိုင်သန်စွမ်းစေရုံသာမကဘဲ စိတ်ဓာတ်ကြံ့ခိုင်မှုတွေကိုပါ ရရှိပိုင်ဆိုင်နိုင်မှာဖြစ်ပါတယ်။ တစ်ဦးချင်းစီက လမ်းလျှောက်တဲ့ လှုပ်ရှားမှုကအစ အားကစားနည်းတစ်မျိုးမျိုးကို အမြဲတမ်းလှုပ်ရှားနေကြဖို့ လိုအပ်ပါတယ်။

နိုင်ငံတော်အနေနဲ့ အခုလို နိုင်ငံတော်အဆင့် အားကစားပွဲတော်ကြီးအပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် အားကစားပြိုင်ပွဲတွေ၊ ကျောင်းသားအားကစားပြိုင်ပွဲတွေ၊ ဝန်ကြီးဌာနအလိုက် အားကစားပြိုင်ပွဲတွေ၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) ပြိုင်ပွဲတွေအပါအဝင် အားကစားပြိုင်ပွဲတွေကို စဉ်ဆက်မပြတ်ကျင်းပပေးနေတာဖြစ်လို့ ဒီပြိုင်ပွဲတွေကနေ မျိုးဆက်သစ်လူငယ်အားကစားသမားတွေ၊ ထူးချွန်တဲ့ အားကစားလူရည်ချွန်တွေ၊ နိုင်ငံကိုယ်စားပြုအားကစားသမားတွေ ထွက်ပေါ်လာမယ်လို့ ယုံကြည်ပါတယ်။

အားကစားဆောင်ရွက်ခြင်းက မျိုးချစ်စိတ်၊ တိုင်းချစ်ပြည်ချစ်စိတ်များနဲ့ အမျိုးသားရေးစရိုက်လက္ခဏာတို့ကို ရှင်သန်ထက်မြက်စေပြီး တစ်မျိုးသားလုံး၏ ကျန်းမာကြံ့ခိုင်ရေးကိုလဲ ဖြစ်ပေါ်စေနိုင်တဲ့အတွက် နိုင်ငံတော်ကလဲ အားကစားနဲ့ပတ်သက်ရင် အားပေးဆောင်ရွက်နေပါတယ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဦးတည်ချက်တွေထဲက လူမှုရေးဦးတည်ချက်တွေမှာ တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေးနဲ့ နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေးဆိုတဲ့ ဦးတည်ချက်တွေကို ထည့်သွင်းချမှတ်အကောင်အထည်ဖော်လျက်ရှိပါတယ်။ အမျိုးသားအားကစားပွဲတော်ကြီးဟာ လူမှုရေးဦးတည်ချက်လုပ်ငန်းတွေကို လက်တွေ့အကောင်အထည်ဖော်နေတာဖြစ်ကြောင်း ပေါ်လွင်ထင်ရှားပါတယ်။

အချုပ်အားဖြင့် အားကစားကဏ္ဍတိုးတက်အောင်မြင်ခြင်းဟာ နိုင်ငံသူ၊ နိုင်ငံသားများရဲ့ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ စွမ်းဆောင်နိုင်မှုစွမ်းရည်တွေကို မြှင့်တင်ပေးနိုင်ပါတယ်။ အားကစားကဏ္ဍကို မြှင့်တင်ခြင်းဟာ နိုင်ငံတော်ကိုကာကွယ်စောင့်ရှောက်တဲ့နည်းလမ်းတစ်မျိုးဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ လူသားအရင်းအမြစ်တွေ ဖွံ့ဖြိုးတိုးတက်မှုကိုလဲ တိုက်ရိုက်အကျိုးသက်ရောက်စေပါတယ်။ နိုင်ငံတော်ရဲ့ဂုဏ်သိက္ခာ အဆင့်အတန်းနဲ့ အခြေအနေတွေကို ထင်ဟပ်ပေါ်လွင်စေပါတယ်။

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီးဟာ မြန်မာတို့ရဲ့ မျိုးချစ်စိတ်နဲ့ ဇာတိသွေး၊ ဇာတိမာန်တွေကို ထုတ်ဖော်ပြသပေးမဲ့ အားကစားပြိုင်ပွဲကြီးဖြစ်ပါတယ်။ ပွဲတော်ကြီး အောင်မြင်စွာပြီးမြောက်နိုင်ဖို့ ဝန်ကြီးဌာနတွေ၊ တိုင်းဒေသကြီးနဲ့ပြည်နယ်အသီးသီးက အားကစားသမားတွေကလဲ မိမိတို့ ကြိုတင်ပြင်ဆင်လေ့ကျင့်ထားတဲ့ အားကစားနည်းတွေမှာ အောင်မြင်မှုတွေ ရယူနိုင်အောင် ကြိုးစားယှဉ်ပြိုင်သွားကြဖို့ တိုက်တွန်းလိုက်ရပါတယ်။

ကိုဗစ်-၁၉ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊
ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

## သရုပ်ဆောင် မိုးဟေကိုမိသားစုက နေပြည်တော်ကောင်စီနယ်မြေရှိ နဂါးဖြူဥယျာဉ်တော် ကျောင်းတိုက်၌ ကထိန်အောင်ပွဲနှင့် သိက္ခာထပ်အလှူမင်္ဂလာပြုလုပ်



ရန်ကုန် နိုဝင်ဘာ ၃၀

သရုပ်ဆောင် မိုးဟေကိုမိသားစုက နေပြည်တော်ကောင်စီနယ်မြေရှိ နဂါးဖြူဥယျာဉ်တော်ကျောင်းတိုက်တွင် ကထိန်အောင်ပွဲနှင့် သိက္ခာထပ်အလှူမင်္ဂလာကို နိုဝင်ဘာ ၂၉ ရက်က အဆိုပါနဂါးဖြူဥယျာဉ်တော် ကျောင်းတိုက်၌ ပြုလုပ်ခဲ့ကြောင်း အလှူရှင် သရုပ်ဆောင် မိုးဟေကိုက ပြောပြ၍ သိရသည်။

အဆိုပါ ကထိန်အောင်ပွဲနှင့် သိက္ခာထပ် အလှူမင်္ဂလာတွင် နဂါးဖြူဥယျာဉ်တော် ကျောင်းတိုက် ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တဝံသသီရိကို သိက္ခာထပ်အလှူနှင့် သံဃာတော်အပါး ၁၀၀ တို့ကို သင်္ကန်း၊ နဝကမ္မအလှူငွေနှင့် လှူဖွယ်ဝတ္ထုအစုစုတို့ကို လှူဒါန်းခဲ့ကြပြီး အလှူဒါန်းမှုအစုစုအတွက် တန်ဖိုးငွေကျပ် သိန်း ၇၀ ခန့်ဖြစ်ကြောင်း သိရသည်။

"နဂါးဖြူဥယျာဉ်တော်ကျောင်းတိုက် ကထိန်အောင်ပွဲနဲ့ ဒီကျောင်းတိုက် ဆရာတော်ဘုရားကြီး သိက္ခာထပ်ပွဲကိုလုပ်ခဲ့တာပါ။ မိဘနှစ်ပါးကိုရည်စူးပြီး ပြုခဲ့တဲ့ကုသိုလ်ပါ။ ၇ ရက်သားသမီးတွေလဲ အားလုံးထပ်တူ ကုသိုလ်ရစေဖို့အတွက် မိုးချစ်သော ပရိသတ်တွေကို မျှဝေပေးလိုက်ပါတယ်ရှင့်" ဟု သရုပ်ဆောင် မိုးဟေကိုက ပြောပြသည်။

သရုပ်ဆောင် မိုးဟေကို မိသားစုက ကထိန်အောင်ပွဲနှင့် သိက္ခာထပ်အလှူမင်္ဂလာ အခမ်းအနားသို့ အနုပညာနယ်ပယ်မှ သရုပ်ဆောင် အောင်ရဲလင်း၊ အဆိုတော် စိန်လင်းနှင့် အခြားအနုပညာရှင်များ ၊ ဧည့်ပရိသတ်များ တက်ရောက်ကုသိုလ်ယူခဲ့ကြကြောင်း သိရသည်။

ASH

## Voltron ဇာတ်ကား၌ စတားလင်းကေဘရောင်း၊ ရွှန်ကင်နှင့် ရီတာအော်ရာတို့ ပါဝင်သရုပ်ဆောင်မည်

နယူးယောက် နိုဝင်ဘာ ၃၀

Amazon MGM စတူဒီယို၏ Voltron ဇာတ်ကား၌ မင်းသား စတားလင်းကေဘရောင်း၊ ရွှန်ကင်နှင့် မင်းသမီး ရီတာအော်ရာတို့ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း နိုဝင်ဘာ ၂၉ ရက် သတင်းများအရ သိရသည်။

Voltron ဇာတ်ကားတွင် အထက်ပါ သရုပ်ဆောင်သုံးဦးတို့သည် မင်းသား ဟင်နရီကာဗေးနှင့် အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

အဆိုပါဇာတ်ကားသည် နာမည်ကျော် ဂျပန်ကွန်ပျူတာအင်နီမေးရှင်း ဇာတ်လမ်းတွဲများဖြစ်ကြသည့် Beast King Golion နှင့် Kikou Kantai Dairugger Xv တို့ကို ရုပ်ရှင်ဇာတ်ကားအဖြစ် ပြန်လည်ရိုက်ကူးမည့်ဇာတ်ကား ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် Voltron ဇာတ်ကား၏ ဇာတ်လမ်းဇာတ်အိမ်အသေးစိတ်ကို Amazon MGM စတူဒီယိုက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

Voltron ဇာတ်ကားကို ဒါရိုက်တာ ရော်ဆန်မာရှယ်သာဘာက တာဝန်ယူ ရိုက်ကူးပေးမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် Voltron ဇာတ်ကား ရိုက်ကူးမည့်ရက်နှင့် ရုံတင်ပြသမည့်ရက်တို့ကို Amazon MGM စတူဒီယိုက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO



## တိမ်ပန်းချီ ရုပ်ရှင်ဇာတ်ကားကို ဒီဇင်ဘာလအတွင်း မြန်မာနိုင်ငံတစ်ဝန်းရှိ အဆင့်မြင့်ရုပ်ရှင်ရုံကြီးများ၌ ရုံတင်ပြသမည်




ရန်ကုန် နိုဝင်ဘာ ၃၀

Brave Empire Entertainment and Production က ရိုက်ကူးထုတ်လုပ်သည့် တိမ်ပန်းချီ ရုပ်ရှင်ဇာတ်ကားကို ဒီဇင်ဘာလအတွင်း မြန်မာနိုင်ငံတစ်ဝန်းရှိ အဆင့်မြင့် ရုပ်ရှင်ရုံကြီးများ၌ ရုံတင်ပြသမည်ဖြစ်ကြောင်း သရုပ်ဆောင် စည်ဖြိုးက ပြောပြ၍ သိရသည်။

တိမ်ပန်းချီ ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းကို ဟမ်စိုင်း(ဆေး-မန်း)ကရေးသားထားပြီး အေးသီရိကိုက ဇာတ်ညွှန်းရေးသားထားကာ ဒါရိုက်တာ ပွင့်သိင်္ဂီဇော်(အရုဏ်ဦး)က Brave Empire Entertain-ment and Production အတွက် ရိုက်ကူးထားကြောင်း သိရသည်။

"ဒီဇာတ်ကားကတော့ သုံးပွင့်ဆိုင် အချစ်ဒရာမာဇာတ်ကား ကောင်းလေးပါ။ သာမန်မြင်နေကျမဟုတ်တဲ့ သုံးပွင့်ဆိုင် အချစ်ဇာတ်လမ်းလေး တစ်ခုကို မြင်တွေ့ကြရမှာဖြစ်ပါတယ်။ တိမ်တွေနှင့်ရာ သွားနေတဲ့ လူတစ်ယောက်ရဲ့ဘဝမှာ ခဏလေး မြင်ရတဲ့ တိမ်ပန်းချီတွေကို အမြဲမြင်ရဖို့ဆိုတာ မဖြစ်နိုင်ဘူးဆိုတဲ့ ဘယ်အရာမှ အမြဲမရှိနိုင်တဲ့ လောကဓမ္မကို အချစ်နဲ့တင်စားပြမဲ့ ဇာတ်လမ်းလေးပါ"ဟု သရုပ်ဆောင် စည်ဖြိုးက ပြောပြသည်။

အဆိုပါ ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် အေးချမ်းမောင်၊ စည်ဖြိုး၊ နေမျိုးအောင်၊ ညီနန္ဒဝတ်မှုံရွှေရည်၊ မယ်လိုဒီ၊ နှင်းယုနှင့် အခြားအနုပညာရှင်များ ပါဝင်ထားကြောင်း သိရသည်။ ASH

## ၃၆ ကြိမ်မြောက် Palm Springs ရုပ်ရှင်ပွဲတော်၌ Better Man ဇာတ်ကားကို ပွဲဦးထွက်ပြသရန်စီစဉ်

နယူးယောက် နိုဝင်ဘာ ၃၀

၃၆ ကြိမ်မြောက် Palm Springs နိုင်ငံတကာ ရုပ်ရှင်ပွဲတော်တွင် Better Man ဇာတ်ကားကို ပွဲဦးထွက်ပြသရန် Paramount ကုမ္ပဏီက စီစဉ်ထားကြောင်း နိုဝင်ဘာ ၂၉ ရက် သတင်းများအရ သိရသည်။

Better Man ဇာတ်ကားသည် ကမ္ဘာကျော်ဗြိတိသျှပေါ့အဆိုတော် ရော့ဘီဝီလျံ၏ဘဝကို အခြေခံရိုက်ကူးထားသော ဘဝအတ္ထုပ္ပတ္တိဇာတ်ကားဖြစ်ပြီး Better Man ဇာတ်ကားကို ဒါရိုက်တာ မိုက်ကယ်ဂရာဆေးက ရိုက်ကူးပေးထားကာ မင်းသား ရော့ဘီဝီလျံ၊ ဂျွန်ဒိုဒေးဗစ်၊ မင်းသမီး ကိတ်မာဗာနီတို့ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

Paramount ကုမ္ပဏီသည် Better Man ဇာတ်ကားကို Palm Springs နိုင်ငံတကာရုပ်ရှင်ပွဲတော်၌ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၂ ရက်တွင် ပွဲဦးထွက်ပြသရန် စီစဉ်ထားသည်။

အဆိုပါ ရုပ်ရှင်ပွဲတော်တွင် ကမ္ဘာ့နိုင်ငံပေါင်း ၇၁ နိုင်ငံတို့မှ ရုပ်ရှင်ဇာတ်ကားပေါင်း ၁၅၈ ကား ပြသမည်ဖြစ်ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO




## ဗဟန်းမြို့နယ်ရှိ Goethe-Institut Myanmar ၌ ယခုနှစ်အတွက် Goethe's Christmas Bazaar ဈေးရောင်းပွဲတော် ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၃၀

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ Goethe-Institut Myanmar ၌ ယခုနှစ်အတွက် Goethe's Christmas Bazaar ဈေးရောင်းပွဲတော်ကို ဒီဇင်ဘာ ၁ ရက်တွင် ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း Goethe's Christmas Bazaar ဈေးရောင်းပွဲတော်စီစဉ်သူ ဦးဇော်ဇော်နိုင်က ပြောပြ၍ သိရသည်။

အဆိုပါ Goethe's Christmas Bazaar ဈေးရောင်းပွဲတော်ကို မြန်မာ့လက်မှုနှင့် အနုပညာကို တန်ဖိုးထားသည့် ပြည်တွင်းအသေးစားလုပ်ငန်းများ အားကောင်းလာစေရန်၊ ရေရှည်တည်တံ့စေရန်နှင့် ပလတ်စတစ် အသုံးချမှုလျှော့ချရေးအတွက် ဦးတည်ဆောင်ရွက်နေသည့် အဖွဲ့အစည်းများ အချင်းချင်း ချိတ်ဆက်မိစေရန် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

"Goethe-Institut Myanmar အနေနဲ့ ဒီနှစ်အတွက် Goethe's Christmas Bazaar ကို ဒီဇင်ဘာ ၁ ရက် မနက် ၉ နာရီကနေ ညနေ ၅ နာရီထိ ကျင်းပပြုလုပ်မှာဖြစ်ပါတယ်။ ညနေပိုင်းမှာတော့ Christmas Carol သီဆိုမှုတွေလဲ ပါဝင်မှာဖြစ်ပါတယ်။ ဒီဈေးရောင်းပွဲမှာ အဓိကပါဝင်မှာကတော့ အဝတ်အထည်နဲ့ ဖက်ရှင်ပစ္စည်းတွေ၊ လက်မှုနဲ့ အနုပညာပစ္စည်းတွေ၊ အစားအသောက်နဲ့ အဖျော်ယမကာတွေ၊ အိမ်တွင်းအလှဆင်ပစ္စည်းတွေနဲ့ အမွှေးနံ့သာတွေ၊ လက်ဝတ်ရတနာနဲ့ အမှတ်တရပစ္စည်းတွေပဲ ဖြစ်ပါတယ်"ဟု Goethe's Christmas Bazaar ဈေးရောင်းပွဲတော်စီစဉ်သူ ဦးဇော်ဇော်နိုင်က ပြောပြသည်။

အဆိုပါ Goethe's Christmas Bazaar ဈေးရောင်းပွဲတော်တွင် Christmas အထိမ်းအမှတ် လက်မှုအနုပညာအလှဆင်ပစ္စည်းများကို လက်တွေ့ပြုလုပ်မည့်အစီအစဉ်များလည်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။ ASH

# Message sent by Chairman of the State Administration Council Prime Minister of the Republic of the Union of Myanmar Senior General Thadoe Maha Thray Sithu Thadoe Thiri Thudhamma Min Aung Hlaing to the ceremony to mark the seventh Anniversary of Dawei National Day

**Esteemed Dawei ethnic national brethren,**

On the occasion of the seventh Dawei National Day organized on 1st Waxing of Nataw 1386 Myanmar Era, 1 December 2024, I extend my heartfelt greetings and best wishes to all national brethren residing across Myanmar together with Dawei ethnic people for physical and mental well-being and prosperity in all aspects of their lives.

Under the leadership of the Dawei ethnic organizing committee, the Dawei National Day has been held for the seven time on 1st Waxing of Nataw yearly, since 2017. So, I am proud of having a chance to send the message of felicitations to the ceremony to mark the Dawei National Day, showing the unity of Dawei ethnic people.

All national races including Dawei ethnics have been residing in Myanmar together through unity an fraternity for many years and they have been maintaining relations among national races. During the time when Myanmar fell under colonial rule, Dawei ethnic people showed off their brilliant courage and strong Union spirit by fighting colonialist, together with other patriotic national races. Likewise, they also sacrificed life and limbs in fighting in battles to regain independence of the State together with other patriotic national races showing their solidarity during the period of independence struggle. All national races including Dawei ethnics have to sharpen pariotism and spirit of sacrifice not to lose independence which is a legacy left by forefathers.

Dawei ethnics put faith in the Theravada Buddhism, as a common religion of other national races in Myanmar. It should take pride in activities of Dawei ethnics who have been preserving cultures and customs based on the Buddhism. As such, it is necessary to protect subtle cultural and adorable traditional cultural heritages of Dawei ethnics for long term existence.

Dawei region is located in the southern part of Myanmar, blessed with plentiful coastal resources, underground and aboveground as well as underwater and above-water natural resources. It is a region with abundant sound foundations and opportunities to operate manufacturing industries based on agriculture and livestock breeding, trading and tourism industry. Dawei region possesses proper transport links with other regions, located at the focal point of land roads and waterways. Being a strategic point for the economic sector, the region is gaining development momentum year by year, contributing to the economic growth of Myanmar. Moreover, as Dawei Special Economic Zone can support development of not only Myanmar but regional countries, resident Dawei ethnic people have to strive for improvement of the economy.

Currently, the State Administration Council has adopted and is implementing the roadmap in order to strengthen the path of democracy for the State while making utmost efforts for cementing the sound foundations to develop the country and boom socioeconomy of the people. It can be seen that Dawei ethnic people support endeavours of the State and contribute to serving interest of the Union. So, Dawei ethnic people have to emphasize development of the entire Union based on economic opportunities from Dawei region.

Dawei ethnic people have to continue posting milestones in preserving fine historical records. Hence, I send this message of felicitations to the Dawei National Day while urging Dawei ethnic people to actively participate in development process of the State by correctly utilizing existing natural resources from Dawei region so as to show off their united strength based on the Union Spirit.

**Senior General Thadoe Maha Thray Sithu**
**Thadoe Thiri Thudhamma Min Aung Hlaing**
**State Administration Council Chairman, Prime Minister**

# Hamas claims responsibility for shooting attack in West Bank



**Israeli soldiers surround the house of Samer Mohammed Ahmed Hussein in the village of Einabus, south of Nablus city in northern West Bank, Nov. 29, 2024.**

**Gaza November 30**

Al-Qassam Brigades, the armed wing of Hamas, on Friday claimed responsibility for a shooting attack at a bus of Israeli settlers in the occupied West Bank that injured nine people.

The brigades, in a statement, identified the shooter as 46-year-old Samer Mohammed Ahmed Hussein from the village of Einabus, south of Nablus city in northern West Bank.

Earlier in the day, the Israeli army confirmed the attack in a statement, saying the shooter, a Palestinian man, was gunned down at the scene at the Gitti Avisar junction, west of Nablus. It noted that a manhunt was underway for possible accomplices.

Israel's Magen David Adom rescue service reported that three of the nine injured sustained severe wounds, and the others in moderate to light condition were evacuated to a hospital.

Xinhua

# 124 killed in sectarian violence in NW Pakistan

**Islamabad November 30**

The death toll of sectarian violence in Kurram district of Pakistan's northwest Khyber Pakhtunkhwa province rose to 124, local administration said on Saturday.

An official from the local administration of the district said the death toll rose after 16 more people died in armed clashes during the last 24 hours, adding that over 170 others were also injured.

The majority of the injured are admitted to different hospitals including those who are in critical condition, added the official.

The violence started after armed men attacked a convoy of passenger vehicles coming from the Parachinar area in the Mandori Uchit area of the district on Nov. 21, killing 52 people, including children and women.

The incident triggered armed clashes and attacks between two groups, including Shiite and Sunni Muslims, according to the official.

The tense situation and closure of the main highway have led to severe shortages of food, fuel, and medicine, as well as suspension of internet and mobile services, besides affecting daily life in the region as fear had gripped the population.

A high-level delegation of the provincial government visited the district after the attack on passenger coaches and held meetings with elders, leading to a ceasefire agreement, but clashes could not be stopped.

Deputy Commissioner of Kurram Javedullah Mehsud told media that efforts are being made to ensure a ceasefire by involving elders from both sides to announce a ceasefire after both sides refused to pay heed to the ceasefire arranged by the government delegation.

Xinhua

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing inspects Twantay farming zone



Senior General Min Aung Hlaing gives guidance to officials during his tour of Twantay farming zone.

**Nay Pyi Taw November 30**

Chairman of State Administration Council Prime Minister Senior General Min Aung Hlaing, accompanied the entourage, the Yangon region chief minister, the Yangn command commander and officials, inspected progress of work at Twantay breeding zone in Twanway Township, Yangon Region this morning.

The Senior General heard a report on breeding of local beef cattle and milk cows, local red beef buffaloes and milk buffaloes, pigs, goats, sheep, layers, broilers, local chicken, ducks, Muscovy ducks, quails, establishments of category-wise farms for producing farm animals, production of livestock and livestock products, production of mixed feed, zone-wise farming, fish, prawn, crab farms, fish farms and production at Shwemuyin area, plans for devemopment of farming business in the region, sector-wise implementation of Twantay breeding zone, species-wise farming and production, and water availability, presented by Yangon Region Chief Minister U Soe Thein and farming officials.

In response, the Senior General said water is the essential need in farming, pointing out the requirement of systematic calculations and plans for ensuring adequate water supply zone wise. As zone-wise transport cost for animal feed depends on distance, zones should reduce cost for animal feed inputs and production by using their own raw materials. They can recycle waste materials into animal feed.

In addition to zone-wise farms, green zone areas must also be set up. Grass and windbreakers shade trees must be planted along the roads on both sides. In striving for zone-wise power availability, harnessing of solar power will benefit the farms. Officials must conduct commercial-scale farming and not traditional farming. As caged-breeding is applied, adequate water and feed supply has become a must. Breeding and finished good production methods must be carefully taken into account for ensuring long term benefits and continuous production, followed by the establishment of agro-based industry that will produce value-added goods.

Zones must conduct careful calculation and preparations for natural disaster prevention and animal infectious disease control programs. Currently, Yangon Region's meat demand can be fulfilled to a certain degree. More efforts are needs for the success of farming.



Senior General Min Aung Hlaing inspects a duck farm.

Water sources consist of rainwater, dam water, river water, and groundwater. It is essential to ensure an adequate supply of water to support agricultural and farming activities. Examining successful international farming practices reveals that water is a critical resource. The success of agricultural and farming activities not only drives socio-economic development but also significantly contributes to the nation's economic growth. In agriculture and farming, it is not enough to rely solely on statistical achievements or high yields; true success must be achieved at the practical level. Therefore, officials from the relevant departments must ensure alignment between on-ground data and statistical data. Among the fundamental needs of human life, food is a primary factor. As the saying goes, "One needs a full stomach to keep the precepts" He urged government officials to ensure food security for the population, provide basic food products at affordable prices, and maintain a healthy environment.

Then, the Senior General, accompanied by team members, visited several farms in the Twantay Farming Zone, including U Soe Aung's goat farm, U Aung Lin Oo's broiler duck farm, U Zar Yar's layer duck farm, U Myint Naing's quail farm, U Kyaw Min's dairy cattle farm, and Daw Lei Yi Win's pig farm. During the visit, they inquired about operations and provided recommendations based on the explanations given by those in charge of the farms.

Later, the Senior General met with officials at the farming zone briefing center and stated that farming activities have now commenced in the zone. While the system has not yet reached a fully modern level, it has developed to a stage where farming can be conducted in an organized manner. Despite the farming zone being in operation for just over a year, it is essential to approach the work systematically from the outset, as the saying goes, "A good start makes a good end." With the farming system in place, food, water, and other essential needs will be adequately provided, ensuring all requirements are met.


The Twantay Farming Zone, located in Twantay Township, was established in June 2023, covering an area of 581.54 acres. The initiative aims to ensure sufficient livestock and fish production to support the welfare of the people in Yangon Region and provide access to nutritious food products. The farming zone is reported to be divided into three sections, with chickens, pigs, goats, cows, fish, quails, and ducks raised in each area. Officials and business owners are collaborating to ensure the success of the farming operations, and the state government will provide the necessary support. 100



Senior General Min Aung Hlaing inspects a pig farm.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## အမေရိကန် နည်းပညာကုမ္ပဏီနှစ်ခုက Hitchhiker ကြားဖြတ်တိုက်ခိုက်ရေးဒရုန်းကို ယူကရိန်းရှေ့တန်းစစ်မျက်နှာတွင် စမ်းသပ်တပ်ဖြန့်ခဲ့



အမေရိကန်နိုင်ငံ နည်းပညာကုမ္ပဏီနှစ်ခုသည် ၎င်းတို့တီထွင်ထုတ်လုပ်ထားသော Hitchhiker ကြားဖြတ်တိုက်ခိုက်ရေးဒရုန်းကို စစ်မြေပြင်၊ တိုက်ပွဲအခြေအနေများတွင် ထိရောက်စွာ အသုံးပြုနိုင်ခြင်းရှိ၊ မရှိ ယူကရိန်းရှေ့တန်းစစ်မျက်နှာများ၌ စမ်းသပ်တပ်ဖြန့်ခဲ့ကြောင်း The Defense Post သတင်းဌာနက နိုဝင်ဘာ ၂၈ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

AI နည်းပညာသုံး ဆိုက်ဘာလုံခြုံရေးကုမ္ပဏီတစ်ခုဖြစ်သည့် IronNet နှင့် တန်ပြန်ဒရုန်း တိုက်ဖျက်ရေးနည်းပညာများ တီထွင်ထုတ်လုပ်နေသည့် Asterion Systems ကုမ္ပဏီသည် အီရန်ထုတ် Shaheds အမျိုးအစားကဲ့သို့ တိုက်ခိုက်ရေးဒရုန်းများကို တန်ပြန်တိုက်ဖျက်နိုင်မည့် Hitchhiker ကြားဖြတ်တိုက်ခိုက်ရေးဒရုန်းကိုတီထွင်ရန် ပူးပေါင်းလုပ်ဆောင်ခဲ့ကြသည်။

အဆိုပါ ကြားဖြတ်တိုက်ခိုက်ရေးဒရုန်းသည် အဆင့်မြင့် Patriot ကဲ့သို့သော သမားရိုးကျ လေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ်များနှင့် နှိုင်းယှဉ်ပါက လည်ပတ်မှုနှင့် ပြုပြင်ထိန်းသိမ်းမှုစရိတ်အားလုံးကို လျှော့ချပေးနိုင်မည်ဖြစ်ပြီး လျှပ်စစ်တွန်းကန်အားစနစ်ကို အသုံးပြုထားခြင်းဖြစ်သည်။

Hitchhiker ကြားဖြတ်တိုက်ခိုက်ရေးဒရုန်းသည် ရန်သူ့မောင်းသူမဲ့လေယာဉ်များ (UAVs)၊ ဒရုန်းများကို တန်ပြန်တိုက်ဖျက်နိုင်ခြင်းအပြင် လေကြောင်းခြိမ်းခြောက်မှုများကို ရှာဖွေထောက်လှမ်း အမျိုးအစားခွဲခြားကာ ခြေရာခံထိန်းကျောင်းနိုင်စွမ်းရှိမည်ဖြစ်ပြီး စစ်မြေပြင်သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ ပံ့ပိုးပေးနိုင်မည်ဖြစ်သည်။

IronNet ကုမ္ပဏီ ဒါရိုက်တာ Mike Hewitt ၏ အဆိုအရ Hitchhiker ကြားဖြတ်တိုက်ခိုက်ရေး ဒရုန်းသည် ခေတ်သစ်စစ်ပွဲ၏ သဘောသဘာဝအပေါ် ပြောင်းလဲနိုင်စွမ်းရှိမည့် Game-Changer လက်နက်စွမ်းအားတစ်ခု ဖြစ်လာနိုင်ဖွယ်ရှိကြောင်း သိရသည်။ အဆိုပါ ဒရုန်းကို ယူကရိန်းစစ်ဘက်ထံ ပို့ဆောင်ထားပြီးဖြစ်သော်လည်း ယူကရိန်းတပ်ဖွဲ့များအနေဖြင့် အဆိုပါကြားဖြတ်တိုက်ခိုက်ရေးဒရုန်းသစ်ကို အသုံးပြုနေပြီလားဆိုသည်ကို မသိရှိရသေးပေ။

ယူကရိန်းပဋိပက္ခသည် ထောက်လှမ်းမှု၊ တိုက်ခိုက်မှုနှင့် စောင့်ကြည့်ထောက်လှမ်းမှုတို့အတွက် မောင်းသူမဲ့လေယာဉ်များ၊ ဒရုန်းများကို ရုရှား၊ ယူကရိန်းနှစ်နိုင်ငံစလုံးက ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနေသောကြောင့် ဒရုန်းစစ်ပွဲအဖြစ် မှတ်တမ်းတင်နိုင်ခဲ့ပြီဖြစ်သည်။

ပဋိပက္ခအစောပိုင်းတွင် ရုရှားနိုင်ငံသည် အီရန်နိုင်ငံထုတ် Shahed မောင်းသူမဲ့ တိုက်ခိုက်ရေးလေယာဉ်များကို တပ်ဖြန့်အသုံးပြုခဲ့ပြီး ယူကရိန်း၏ အရေးကြီး အခြေခံအဆောက်အအုံများကို ပစ်မှတ်ထား တိုက်ခိုက်ခဲ့ကြသည်။ ယူကရိန်းနိုင်ငံသည် တာဝေးပျံသန်းတိုက်ခိုက်နိုင်မည့် ဒရုန်းများကို အရှိန်မြှင့်လုပ်ဆောင်လာကာ ရုရှားပိုင်နက်အတွင်းထိ ဒရုန်းများအသုံးပြု၍ တိုက်ခိုက်မှုများ ဆောင်ရွက်ခဲ့ကြသည်။

၂၀၂၄ ခုနှစ် မေလတွင် ယူကရိန်းစစ်ဘက်သည် နယ်စပ်မှ ကီလိုမီတာ ၁၂၀၀ ခန့်အကွာ ရုရှားနိုင်ငံတွင်းရှိ ရေနံချက်စက်ရုံကို ဒရုန်းဖြင့် တိုက်ခိုက်မှုများ ပြုလုပ်လာခဲ့သည်။ ယူကရိန်းနိုင်ငံသည် တာဝေးရှိ ရုရှားပစ်မှတ်များကို တိုက်ခိုက်နိုင်ရန် ဒီဇိုင်းထုတ်ထားသည့် ၎င်း၏ Palianytsia တာဝေးပျံသန်းရေး ရော့ကတ်-ဒရုန်းအမျိုးအစားကိုလည်း ထုတ်ဖော် ပြသခဲ့သကဲ့သို့ ရုရှားနိုင်ငံကလည်း ယူကရိန်း၏ လောင်မီးလက်နက်သုံး ဒရုန်းကို တန်ပြန်ရန် Flamethrower မီးခိုးဗုံးဒရုန်းအမျိုးအစားသစ်ကို တီထွင်ထုတ်လုပ်နိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

**US Tech Firms Test Hitchhiker Interceptor Drone on Ukraine Front-line** ကို ဘာသာပြန်ဆိုထားပါသည်။

## ပြင်သစ်နိုင်ငံက မြေပြင်အခြေစိုက်ပဲ့ထိန်းဒုံးကျည်သစ်ကို တီထွင်ထုတ်လုပ်ရန် နည်းလမ်းကြံဆနေ

ပြင်သစ်နိုင်ငံသည် အကွာအဝေး ကီလို မီတာ ၁၀၀၀ ကျော်ထိ ပစ်လွှတ်တိုက်ခိုက်နိုင်စွမ်းရှိသော မြေပြင်အခြေစိုက် ပဲ့ထိန်းဒုံးကျည်သစ်ကို တီထွင်ထုတ်လုပ်ရန် နည်းလမ်းကြံဆနေကြောင်း Army Recognition သတင်းဌာနက နိုဝင်ဘာ ၂၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဉာဏ်ဖွံ့ဖြိုးတိုးတက်မှုသည် ပဋိပက္ခအမျိုးမျိုးတွင် ထိရောက်စွာတိုက်ပွဲဝင်နိုင်ကြောင်း သက်သေပြခဲ့သည့် ပဲ့ထိန်းဒုံးကျည်စွမ်းရည်များပေါ်တွင် တစ်ကမ္ဘာလုံးအနေဖြင့် အထင်ကြီးလိုစိတ်ကြီးထွားလာလျက်ရှိသည်။ ပြင်သစ်နိုင်ငံ၏ လက်ရှိပဲ့ထိန်းဒုံးကျည်စနစ်များသည် ရေငုပ်သင်္ဘောကို သီးသန့်အခြေခံထားသည့် စနစ်များဖြစ်ပြီး နျူကလီးယား အဟန့်အတားအတွက်သာ ဒီဇိုင်းထုတ်ထားခြင်းဖြစ်သောကြောင့် ယခုအဆိုပြုထားသော မြေပြင်အခြေစိုက် ပဲ့ထိန်းဒုံးကျည်သစ်သည် ပြင်သစ်၏ ပဲ့ထိန်းဒုံးကျည်စွမ်းဆောင်ရည်များတွင် လိုအပ်ချက်ဖြစ်နေမှုကိုဖြည့်ဆည်းနိုင်ရန် ကြိုးပမ်းလာခြင်းလည်းဖြစ်သည်။

ပြင်သစ်နိုင်ငံသည် လက်ရှိတွင် မြေပြင်အခြေစိုက်ပဲ့ထိန်းဒုံးကျည်စွမ်းရည်ပိုင်ဆိုင်ထားခြင်းမရှိသေးပေ။ ၎င်း၏ တစ်ခုတည်းသော ပဲ့ထိန်းဒုံးကျည်မှာ ရေငုပ်သင်္ဘောမှ ပစ်လွှတ်နိုင်သည့် M51 ဒုံးကျည်ဖြစ်ပြီး နျူကလီးယား အဟန့်အတားအဖြစ် ရည်ရွယ်ဖြန့်ကြက်ထားခြင်းဖြစ်သည်။ ပြင်သစ်စစ်ဘက်နှင့် စစ်လက်နက်ပစ္စည်းညွှန်ကြားရေးမှူးချုပ် (DGA) တို့ကြား ဆွေးနွေးမှုများတွင် ထရပ်ကားများကဲ့သို့သော ရွေ့လျားယာဉ်များပေါ် တင်ဆောင်မောင်းနှင်နိုင်သော မြေပြင်အခြေစိုက် ပဲ့ထိန်းဒုံးကျည်စနစ် တီထွင်ထုတ်လုပ်နိုင်ရန် အာရုံစိုက်ထားသည်။ မြေပြင်အခြေစိုက် ပဲ့ထိန်းဒုံးကျည်သည် အခြားအဆင့်မြင့်စနစ်များကဲ့သို့ Terminal-Phase အပိုင်းတွင် ရန်သူ့ကာကွယ်ရေးစနစ်များကို တိမ်းရှောင်နိုင်စွမ်းရှိနိုင်ပြီး ရန်သူက ကြားဖြတ်ပစ်ချရန် ပိုမိုခက်ခဲစေမည့် ဒီဇိုင်းပုံစံမျိုး တီထွင်မည်ဖြစ်သည်။ ပဲ့ထိန်းဒုံးကျည်များ၏ ထိရောက်မှုကို မကြာသေးမီက ပဋိပက္ခများတွင် ထင်ရှားစွာ တွေ့မြင်ခဲ့ရပြီးဖြစ်ကြောင်း သိရသည်။



ယခုအစီအစဉ်သစ်သည် ပြင်သစ်နိုင်ငံ၏ Long-Range Land Strike (FLP-T) ပဏာမခြေလှမ်းအစီအစဉ်နှင့် မတူညီပေ။ အဆိုပြုထားသော ပဲ့ထိန်းဒုံးကျည်သစ်သည် ကီလိုမီတာ ၁၀၀၀ ကျော် တိုက်ပွဲဝင်နိုင်စွမ်းရှိရမည်ဖြစ်ပြီး ပဋိပက္ခများတွင် နက်ရှိုင်းစွာ တိုက်ခိုက်နိုင်မှုများအတွက် မဟာဗျူဟာမြောက် တိုက်စွမ်းရည်ကို ပိုင်ဆိုင်ထားနိုင်စေမည်ဖြစ်သည်။ သို့သော်လည်း ပြင်သစ်နိုင်ငံ၏ စစ်ရေးအသုံးစရိတ်ကို M51 ဒုံးကျည် အဆင့်မြှင့်တင်မှုများနှင့် ASN4Gဝေဟင်ပစ် နျူကလီးယားဒုံးကျည်များ ဖွံ့ဖြိုးတိုးတက်ရေးကဲ့သို့သော ဦးစားပေးစီမံကိန်းများတွင် ရန်ပုံငွေချထားပြီးဖြစ်သောကြောင့် ယခုစီမံကိန်းအတွက် သိသာထင်ရှားသော စိန်ခေါ်မှုတစ်ရပ်မှာ ငွေကြေးသုံးစွဲမှုပင်ဖြစ်ကြောင်း သိရသည်။

ထို့ကြောင့် ပဲ့ထိန်းဒုံးကျည်သစ်စီမံကိန်းသည် ဂျာမနီ၊ အီတလီ၊ ပိုလန်၊ ဗြိတိန်နှင့် ဆွီဒင်တို့ပါဝင်သည့် ပူးပေါင်းလုပ်ဆောင်မှုတစ်ရပ်ဖြစ်သော European Long-Range Strike Approach (ELSA) နှင့်လည်း အဆင်ပြေစွာ ချိတ်ဆက်ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဒုံးကျည်သစ်ကို တီထွင်ထုတ်လုပ်နိုင်မည်ဆိုပါက ပြင်သစ်နိုင်ငံ၏ လက်ရှိ လေကြောင်းစွမ်းအားများဖြစ်သည့် Rafale တိုက်လေယာဉ်များနှင့် ခရုဇ်ဒုံးကျည်များကဲ့သို့ မဟာဗျူဟာမြောက် တိုက်စွမ်းအားများအတွက် အားဖြည့် မြှင့်တင်ပေးနိုင်လိမ့်မည်ဖြစ်ကြောင်း သိရသည်။

**France to develop new ballistic missile for addressing gaps in long-range strike capabilities** ကို ဘာသာပြန်ဆိုထားပါသည်။

**မင်းမျိုး**

# ဝါးခယ်မမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ငရုတ် ၇၂၉၃ ဧက စိုက်ပျိုးမည်



ယခင်နှစ်က ငရုတ်စိုက်ခင်းကို တွေ့ရစဉ်

**မြောင်းမြ နိုဝင်ဘာ ၃၀**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ငရုတ် ၇၂၉၃ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုး ရာသီ၌ ဝါးခယ်မမြို့နယ်တွင် ငရုတ် ၇၂၉၃ ဧကကို ယခုနှစ် ဒီဇင်ဘာလ ပထမပတ်တွင် စတင်စိုက်ပျိုးသွားမည် ဖြစ်ကြောင်း၊ အဆိုပါ ငရုတ်များ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက တောင်သူအသိပညာပေး လုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ပေးလျက် ရှိကြောင်း သိရသည်။

"အခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ဝါးခယ်မမြို့နယ်မှာ ငရုတ်ဧက ၇၂၀၀ ကျော်ထိ လျာထား စိုက်ပျိုးသွားမှာ ဖြစ်ပါတယ်။ အထွက်နှုန်းကောင်း၊ အရည်အသွေးကောင်း ငရုတ်အမျိုးအစားတွေကို စိုက်ပျိုးရေးဦးစီးဌာနက ညွှန်ကြားချက်နဲ့ အညီရွေးချယ် စိုက်ပျိုးမှာဖြစ်ပါတယ်။ ငရုတ်တွေ အပါအဝင် ဆောင်းသီးနှံတွေအားလုံး လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ စိုက်ပျိုးရေးဦးစီးဌာနနဲ့ ဆက်စပ်ဌာနတွေ ပူးပေါင်းဆောင်ရွက်နေပါတယ်" ဟု မြောင်းမြခရိုင် စိုက်ပျိုးရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ဝါးခယ်မမြို့နယ်တွင် တောင်သူများ ငရုတ်ကို အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရန်၊ အရည်အသွေးကောင်း မျိုးကောင်း၊ မျိုးသန့်များစိုက်ပျိုးနိုင်ရန်၊ ထွက်ရှိလာသည့် ငရုတ်များ အထွက်နှုန်း ညီစေရန်၊ ပိုးမွှားအန္တရာယ်မကျရောက်စေရန် စိုက်ပျိုးရေးဦးစီးဌာနက ဒေသခံတောင်သူများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်ထံမှ သိရသည်။ **ကျော်ကျော်လင်း**

# ကန့်ဘလူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၁၉၂၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**ကန့်ဘလူ နိုဝင်ဘာ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ နေကြာ၁၉၂၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကန့်ဘလူမြို့နယ်တွင် နေကြာ ၃၀၄၄ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလပထထမမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၉၂၇ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ကန့်ဘလူမြို့နယ်မှာ နေကြာဧက ၃၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက၁၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်စေရန် ဆောင်ရွက်ပေးနေပါတယ်။ ပြည်ပမှတင်သွင်းတဲ့စားအုန်းဆီကို လျှော့ချနိုင်ရန်အတွက် ဆီထွက်သီးနှံဖြစ်တဲ့ နေကြာ တိုးချဲ့စိုက်ပျိုးနိုင်စေဖို့ ဆောင်ရွက်ပေးနေပါတယ်။ ဆီထွက်သီးနှံဖြစ်တဲ့ နေကြာသီးနှံ၏ ဆီထွက်ရှိမှုက ကျန်တဲ့မြေပဲ၊ နှမ်းတွေထက် များပါတယ်"ဟု ကန့်ဘလူမြို့နယ် စိုက်ပျိုးရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြသည်။

ကန့်ဘလူမြို့နယ်တွင် နေကြာသီးနှံတိုးချဲ့စိုက်ပျိုးနိုင်ရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နေကြာစိုက်တောင်သူများ စွမ်းဆောင်ရေမြင့်မားရေးအတွက် ပညာပေးသင်တန်းများကို အရှိန်မြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



ယခုနှစ် ကန့်ဘလူမြို့နယ်တွင် နေကြာစိုက် တောင်သူများကို မျိုးစေ့များထောက်ပံ့ပေးနိုင်ရေး၊ ယူရီးယားဓာတ်မြေဩဇာများ ချိုသာသောဈေးနှုန်းဖြင့် ရောင်းချပေးနိုင်ရေး စီမံထားခြင်း၊ထွက်ရှိလာသော နေကြာမျိုးများကို တောင်သူမှ တောင်သူသို့ ဖလှယ်သည့် နည်းစနစ်များဖြင့် ဖြန့်ဖြူးပေးလျက် ရှိကြောင်း သိရသည်။ (၂၀၆)

# မိတ္ထီလာမြို့နယ် စက်ပစ်တောင်ကျေးရွာ၌ VDP စီမံကိန်းဖြင့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**မိတ္ထီလာ နိုဝင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက စက်ပစ်တောင်ကျေးရွာ၌ ယခုဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေဖြင့် ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများကို နိုဝင်ဘာ၂၉ ရက်နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မိတ္ထီလာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးချမ်းငြိမ်းဝင်းနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးတိုးတတ်ရေး ကော်မတီဝင်များနှင့်အတူ စက်ပစ်တောင်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း ပံ့ပိုးရန်ပုံငွေတို့ဖြင့် ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

စက်ပစ်တောင်ကျေးရွာ၌ လမ်း အရှည်ပေ ၆၆၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း ပံ့ပိုးရန်ပုံငွေ ကျပ်သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၅၇ သိန်း စုစုပေါင်းငွေကျပ် ၂၀၇ သိန်းဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် နိုဝင်ဘာလပထမပတ်မှ စတင်ဆောင်ရွက်ခဲ့ရာယခုအခါ လုပ်ငန်းများ ၇၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မိတ္ထီလာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးချမ်းငြိမ်းဝင်းက ပြောပြ၍ သိရသည်။

**နီလာ**




## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၃၀-၁၁-၂၀၂၄

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၄၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၂၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၀၅၀၀၀/၁၁၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၀၃၅၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၈၁၀၀၀/၈၅၀၀၀ |
| ဧည့်မဲ့ (sic?) နွေဧယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၄၅၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၅၀၀၀/၆၇၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၅၀၀၀/၁၆၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၃၅၀၀/၁၄၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၇၃၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၃၃၇၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၇၃၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၃၀၉၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၃၂၆၅ |
| (သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာ ဖြစ်ပါသည်) | | |
| **အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ** | | |
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့ခိုင်ကောင်းအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၇၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၀၀ |
| (၉၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၅၀ |
| (၁၁၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၅၀၀ |

(၁၉၆)












နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက တိုင်းဒေသကြီးအတွင်း မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။

ရှေ့ဖုံးမှအဆက်

မွေးမြူရေးလုပ်ငန်းများအလိုက် မျိုးခြံများ ဆောင်ရွက်ထားရှိမှု၊ တိရစ္ဆာန်နှင့် တိရစ္ဆာန် ပစ္စည်းထုတ်လုပ်နိုင်မှု၊ အစာစပ်စက်ရုံများမှ အစာများထုတ်လုပ်ပေးလျက်ရှိမှု၊ မွေးမြူရေး ဇုန်များအလိုက် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ ငါး၊ ပုစွန်၊ ကဏန်း မွေးမြူထားရှိမှု၊ ရွှေမုယင်းဒေသရှိ ငါးမွေးမြူ ရေးကန်များနှင့် ငါးထုတ်လုပ်နိုင်မှု၊ တိုင်း ဒေသကြီးအတွင်း မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက် ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များ၊ တွံတေးမွေးမြူရေးဇုန်အား အပိုင်းအလိုက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိမှု နှင့် တိရစ္ဆာန်အမျိုးအစားအလိုက် မွေးမြူ ထုတ်လုပ်လျက်ရှိမှု၊ ရေရရှိရေးဆောင်ရွက် ပေးထားမှုတို့နှင့်ပတ်သက်၍ ရှင်းလင်း တင်ပြကြသည်။

**စနစ်ကျနသည့် မွေးမြူရေးစနစ်ကို ဖော်ဆောင်သွားရန်လိုပြီး မည်ကဲ့သို့မွေးမြူမည်၊ ထုတ်ကုန်များအား ကုန်ချောအဆင့်သို့ မည်ကဲ့သို့ထုတ်လုပ်မည်၊ ရေရှည်အကျိုး စီးပွားနှင့် စဉ်ဆက်မပြတ်သည့်ထုတ်လုပ်မှုဖြစ်စေရေး မည်ကဲ့သို့ဆောင်ရွက်မည်ကို စနစ်တကျဖြင့် တွက်ချက်ဆောင်ရွက်ရမည်ဖြစ်. . .**

**လက်ရှိဆောင်ရွက်ထားသည့် အခြေအနေများအရ ရန်ကုန်တိုင်းဒေသကြီး၏ အသား ဖူလုံမှုကို အတိုင်းအတာတစ်ခုအထိ အထောက်အကူပြုနိုင်သည်ကို တွေ့ရှိရပြီး စိုက်ပျိုး မွေးမြူရေးလုပ်ငန်းများ တိုးတက်အောင်မြင်စေရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်. . .**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တွံတေးမွေးမြူရေးဇုန်အတွင်းရှိ ဦးစိုးအောင်၏ ဆိတ်မွေးမြူရေးခြံ၌ ဆိတ်များမွေးမြူထားမှုအခြေအနေကို ကြည့်ရှုစဉ်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်က စိုက်ပျိုးမွေးမြူရေးလုပ်ငန်း များကို အကောင်အထည်ဖော်ဆောင်ရွက် ရာတွင် ရေရရှိရေးသည်အဓိကကျပြီး ဇုန်များ အလိုက်ရှိ မွေးမြူရေးလုပ်ငန်းနှင့်စိုက်ပျိုး ရေးလုပ်ငန်းများအတွက် လုံလောက်သည့် ရေပမာဏပေးဝေနိုင်ရေး စနစ်တကျတွက် ချက်ဆောင်ရွက်ပေးရန်လိုကြောင်း၊မွေးမြူ ရေးလုပ်ငန်းများအတွက် လိုအပ်သည့် တိရစ္ဆာန်အစာနှင့်ပတ်သက်၍လည်း ဇုန်များ အလိုက် ရပ်ဝေးမှမှာယူမည်ဆိုပါက ကုန်ကျ စရိတ်များ ပိုမိုများပြားနိုင်မည်ဖြစ်ကြောင်း၊ သွင်းအားစုနှင့် ထုတ်လုပ်မှုကုန်ကျစရိတ် များနည်းပါးမည်ဆိုပါက စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်များကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးနိုင်မည်ဖြစ်သဖြင့် ဇုန်များ အလိုက်ဒေသတွင်း ထွက်ရှိသည့်ကုန်ကြမ်း များဖြင့် တိရစ္ဆာန်အစာထုတ်လုပ်နိုင်ရေး ဆောင်ရွက်ရန်လိုကြောင်း၊ စိုက်ပျိုးရေး လုပ်ငန်းများမှထွက်ရှိလာသည့် စွန့်ပစ် ပစ္စည်းများကိုလည်း တိရစ္ဆာန်အစာ အဖြစ်အသုံးပြုနိုင်မည်ဖြစ်ကြောင်း။

ဇုန်များအလိုက် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်သကဲ့သို့ Green Zone Area များကိုလည်း ဖော်ဆောင်ပေးရန်လိုကြောင်း၊ လမ်းဘေးဝဲယာတစ်လျှောက် မြက်နှင့် အရိပ်ရလေကာပင်များကိုလည်း စိုက်ပျိုးရန် လိုကြောင်း၊ ဇုန်များအလိုက် လျှပ်စစ် ဓာတ်အားရရှိရေးအတွက်လည်း ဆောင်ရွက် ရန်လိုပြီး နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ် ထုတ်လုပ်ခြင်းများကို ဆောင်ရွက်မည်ဆို ပါက မွေးမြူရေးလုပ်ငန်းများအတွက် အထောက်အကူဖြစ်စေနိုင်မည်ဖြစ်ကြောင်း၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဒေသန္တရမွေးမြူခြင်းမဖြစ်စေလိုဘဲ စီးပွား ဖြစ် စနစ်တကျမွေးမြူဆောင်ရွက်သွားရန် လိုကြောင်း၊ လှောင်မွေးသည့်စနစ်ဖြစ်သဖြင့် တိရစ္ဆာန်များအတွက်လိုအပ်သည့် ရေနှင့် အစာများကို အပြည့်အဝကျွေးမွေးနိုင်ရန် လိုကြောင်း၊**စနစ်ကျနသည့် မွေးမြူရေး စနစ်ကို ဖော်ဆောင်သွားရန်လိုပြီး မည်ကဲ့သို့ မွေးမြူမည်၊ ထုတ်ကုန်များအား ကုန်ချော အဆင့်သို့ မည်ကဲ့သို့ထုတ်လုပ်မည်၊ ရေရှည် အကျိုးစီးပွားနှင့် စဉ်ဆက်မပြတ်သည့်ထုတ် လုပ်မှုဖြစ်စေရေး မည်ကဲ့သို့ဆောင်ရွက် မည်ကို စနစ်တကျဖြင့် တွက်ချက်ဆောင်ရွက် ရမည်ဖြစ်**ကြောင်း၊ ထိုမှတစ်ဆင့် စိုက်ပျိုး မွေးမြူရေးထုတ်ကုန်များကို အခြေခံသည့် စက်မှုကုန်ထုတ်လုပ်ငန်းများ (Agro Base Industry)ကို ဖော်ဆောင်သွားရမည်ဖြစ်ပြီး တန်ဖိုးမြင့်စက်မှုကုန်ထုတ်လုပ်ငန်းများကို ထုတ်လုပ်နိုင်ရမည်ဖြစ်ကြောင်း။

မွေးမြူရေးဇုန်များအလိုက် သဘာဝ ဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအစီ အမံများ၊ တိရစ္ဆာန်ကူးစက်ရောဂါကာကွယ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တွံတေး မွေးမြူရေးဇုန်အတွင်းရှိ ဦးဇာရား၏ ဥစားဘဲမွေးမြူရေးခြံ၌ ဘဲများမွေးမြူထားမှုအခြေအနေကို ကြည့်ရှုစဉ်။



ထိန်းချုပ်ရေးလုပ်ငန်းများကိုလည်း ကြိုတင်တွက်ချက် ပြင်ဆင်ဆောင်ရွက်ထားရှိရန်လိုကြောင်း၊ **လက်ရှိဆောင်ရွက်ထားသည့် အခြေအနေများအရ ရန်ကုန်တိုင်းဒေသကြီး၏ အသားဖူလုံမှုကို အတိုင်းအတာတစ်ခုအထိ အထောက်အကူပြုနိုင်သည်ကို တွေ့ရှိရပြီးစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတိုးတက်အောင်မြင်စေရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း။**

ရေအရင်းအမြစ်များတွင် မိုးကောင်းသောက်ရေ၊ ဆည်ရေ၊ မြစ်ချောင်းရေ၊ မြေအောက်ရေဟူ၍ရှိပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သည့်ရေကို မပြတ်မနေရရှိအောင် ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ နိုင်ငံတကာတွင် အောင်မြင်လျက်ရှိသည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို လေ့လာကြည့်မည်ဆိုပါကလည်း ရေသည် အဓိကအရင်းအမြစ်ဖြစ်သည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အောင်မြင်ခြင်းဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး နိုင်ငံ့စီးပွားတိုးတက်ရေးအတွက်လည်း များစွာအထောက်အကူဖြစ်စေနိုင်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတွင် ကိန်းဂဏန်းအချက်အလက်များအရ အောင်မြင်မှုရရှိနေသည်၊ အထွက်နှုန်းကောင်းနေသည်ကို ကျေနပ်နေ၍မရဘဲ မြေပြင်လက်တွေ့၌ အမှန်တကယ်အောင်မြင်မှုရှိရန်လိုကြောင်း၊ထို့ကြောင့် သက်ဆိုင်ရာဌာနအလိုက်မှ တာဝန်ရှိသူများအနေဖြင့် မြေပြင်အချက်အလက်များနှင့် ကိန်းဂဏန်းအချက်အလက်များ တူညီမှုရှိစေရေးဆောင်ရွက်ကြရန်လိုကြောင်း၊ လူသားတို့၏ နေ့စဉ်ဘဝတွင် စားဝတ်နေရေးဟူ၍ရှိပြီး စားရေးသည် အဓိကအရေးကြီးသည့်အချက်ဖြစ်ကြောင်း၊ အူမတောင့်မှ သီလစောင့်မည်ဖြစ်သဖြင့် မိမိတို့အုပ်ချုပ်သူ အစိုးရတာဝန်ရှိသူများအနေဖြင့် ပြည်သူများ၏စားရေးတွင် ဖူလုံမှုရှိစေရေး၊ အခြေခံစားကုန်များ ဈေးနှုန်းသက်သာစွာဖြင့် ရရှိရေး၊ ပတ်ဝန်းကျင်ကောင်းရရှိစေရေး ဖြေရှင်းဆောင်ရွက်ပေးရမည်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တွံတေးမွေးမြူရေးဇုန်အတွင်းရှိ ဦးမြင့်နိုင်၏ ငုံးမွေးမြူရေးခြံ၌ ငုံးများမွေးမြူထားမှုအခြေအနေကို ကြည့်ရှုစဉ်။

အဖွဲ့ဝင်များသည် တွံတေးမွေးမြူရေးဇုန်အတွင်းရှိ ဦးစိုးအောင်၏ ဆိတ်မွေးမြူရေးခြံ၊ ဦးအောင်လင်းဦး၏ ရွှေဘဲ(အသားတိုးဘဲ) မွေးမြူရေးခြံ၊ ဦးဇာရား၏ ဥစားဘဲမွေးမြူရေးခြံ၊ ဦးမြင့်နိုင်၏ ငုံးမွေးမြူရေးခြံ၊ ဦးကျော်မင်း၏ နို့စားနွားမွေးမြူရေးခြံနှင့် ဒေါ်လဲ့ရည်ဝင်း၏ ဝက်မွေးမြူရေးခြံတို့ကို လှည့်လည်ကြည့်ရှု၍ မွေးမြူရေးခြံအလိုက် တာဝန်ခံများ၏ ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များ ပြန်လည်မေးမြန်းဆွေးနွေးအကြံပြုပြောကြားခဲ့သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် မွေးမြူရေးဇုန်ရှင်းလင်းဆောင်၌ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ယခုအခါမွေးမြူရေးဇုန်အတွင်း လှောင်မွေးစနစ်ဖြင့် စတင်မွေးမြူခြင်းဖြစ်ကြောင်း၊ ခေတ်မီမွေးမြူရေးစနစ်သို့ ရောက်ရှိရဦးမည်ဖြစ်သော်လည်း စနစ်တကျမွေးမြူနိုင်သည့်စနစ်သို့ ရောက်ရှိနေပြီဖြစ်ကြောင်း၊ မွေးမြူရေးဇုန် စတင်အကောင်အထည်ဖော်ဆောင်ရွက်သည်မှာ တစ်နှစ်ကျော် ကာလခန့်မျှသာရှိသည်ဖြစ်သော်လည်း **“အစကောင်းမှ အနှောင်းသေချာ”** ဆိုသည့်အတိုင်း လုပ်ငန်းများစတင်ဆောင်ရွက်စဉ်ကတည်းကပင် စနစ်တကျဖြင့် ဆောင်ရွက်သွားရန်လိုကြောင်း၊ လှောင်မွေးစနစ်ဖြင့် မွေးမြူခြင်းဖြစ်သဖြင့် အစာ၊ ရေနှင့် အခြားလိုအပ်ချက်များ ပြည့်ဝစွာရရှိစေရေးအတွက် လိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

အဆိုပါ တွံတေးမြို့နယ်ရှိ တွံတေးမွေးမြူရေးဇုန်ကို ရန်ကုန်တိုင်းဒေသကြီးအတွင်း နေထိုင်ကြသော ပြည်သူလူထု သက်သာချောင်ချိရေးနှင့် အာဟာရပြည့်ဝသည့် စားသောက်ကုန်များစားသုံးနိုင်ရေး သားငါးထုတ်လုပ်မှုလုံလောက်မှုရှိစေရန် ရည်ရွယ်၍ ၂၀၂၃ ခုနှစ် ဇွန်လအတွင်း မြေဧရိယာ ၅၈၁ ဒသမ ၅၄ ဧကပေါ်တွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ မွေးမြူရေးဇုန်အား အပိုင်း သုံးပိုင်းခွဲခြား၍ ဆောင်ရွက်ခြင်းဖြစ်ပြီး ဇုန်များအလိုက် ကြက်၊ ဝက်၊ ဆိတ်၊ နွား၊ ငါး၊ ငုံး၊ ဘဲများကို မွေးမြူထားရှိကြောင်း၊ မွေးမြူရေးလုပ်ငန်းများအောင်မြင်မှုရရှိစေရေး တာဝန်ရှိသူများနှင့်လုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်းနှင့် နိုင်ငံတော်အစိုးရကလည်း လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၅၀၁)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တွံတေးမွေးမြူရေးဇုန်အတွင်းရှိ ဦးကျော်မင်း၏ နို့စားနွားမွေးမြူရေးခြံ၌ နွားများမွေးမြူထားမှုအခြေအနေကို ကြည့်ရှုစဉ်။

## ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအနေဖြင့် မလိုလားအပ်သော ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေး သတ်မှတ်ချက်များနှင့်အညီဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ခြင်း

၁။ ပြည်ပတွင် သွားရောက်လုပ်ကိုင်မည့်သူများအနေဖြင့် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Passport for Job-PJ)လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့မရှိဘဲ ပြည်ပအလည်အပတ်နိုင်ငံကူးလက်မှတ်(Passport for Visit-PV)ကိုသာ လျှောက်ထားရယူထားပြီး ပြည်ပအလုပ်အကိုင်ဗီဇာများရယူကာ လေကြောင်းခရီးဖြင့် ပြည်ပထွက်ခွာရန်ဆောင်ရွက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာက လေဆိပ်တွင်စိစစ်သည့်အခါ သတ်မှတ်ချက်များနှင့် မကိုက်ညီသည့်အတွက် ပြည်ပသို့ထွက်ခွာခွင့်မရခြင်းများကြောင့် လေယာဉ်လက်မှတ်ခအပါအဝင် အခြားသောကုန်ကျစရိတ်များ ဆုံးရှုံးရသည့်ဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ သို့ပါ၍ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများမဖြစ်ပေါ်စေရေးအတွက် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Passport for Job-PJ)လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင် အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့အား ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**အလုပ်သမားဝန်ကြီးဌာန**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ သတ္တမအကြိမ်မြောက် ထားဝယ်အမျိုးသားနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ

နေပြည်တော် ဒီဇင်ဘာ ၁

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ သတ္တမအကြိမ်မြောက် ထားဝယ်အမျိုးသားနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာမှာ အောက်ပါအတိုင်းဖြစ်သည်-

**ချစ်ခင်လေးစားအပ်ပါသော ထားဝယ်တိုင်းရင်းသား မိဘပြည်သူ ညီအစ်ကိုမောင်နှမများ ခင်ဗျား-**

ယနေ့ ၁၃၈၆ ခုနှစ် နတ်တော်လဆန်း ၁ ရက်၊ ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၁ ရက်တွင် ကျင်းပပြုလုပ်သော သတ္တမအကြိမ်မြောက် ထားဝယ်အမျိုးသားနေ့အခမ်းအနားတွင် ထားဝယ်တိုင်းရင်းသားများနှင့်တကွ မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြပါသော ပြည်ထောင်စုဖွား တိုင်းရင်းသားများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပြီး ကောင်းကျိုးလိုအင်ဆန္ဒများဖြင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

၂၀၁၇ ခုနှစ်မှစတင်၍ နှစ်စဉ် နတ်တော်လဆန်း ၁ ရက်တွင် ထားဝယ်လူမျိုးစုစည်းမှုကော်မတီ၏ ဦးဆောင်မှုဖြင့် ထားဝယ်အမျိုးသားနေ့ကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့သည်မှာ ယခုအခါ သတ္တမအကြိမ်မြောက်သို့ ရောက်ရှိခဲ့ပြီဖြစ်ပါသည်။ထိုကဲ့သို့ ထားဝယ်လူမျိုးတို့၏ စည်းလုံးညီညွတ်မှုကို ဖော်ပြခွင့်ရသည့် အမျိုးသားနေ့ အခမ်းအနားတွင် မိမိအနေဖြင့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခွင့်ရသည့်အတွက်လည်း များစွာဂုဏ်ယူမိပါသည်။

မြန်မာနိုင်ငံတွင် ထားဝယ်လူမျိုးများအပါအဝင် တိုင်းရင်းသားလူမျိုးပေါင်းစုံတို့သည် ရှေးနှစ်ပေါင်းများစွာကတည်းကပင် အတူတကွ ချစ်ကြည်ရင်းနှီးစွာနေထိုင်ခဲ့ကြပြီး တိုင်းရင်းသားအချင်းချင်း အပြန်အလှန် ကူးလူးဆက်ဆံခဲ့ကြသည်ကို တွေ့ရှိရပါသည်။ ကိုလိုနီနယ်ချဲ့တို့လက်အောက်ကျရောက်ခဲ့ချိန်တွင်လည်း ထားဝယ်တိုင်းရင်းသားတို့အနေဖြင့် အခြားသောမျိုးချစ်တိုင်းရင်းသားများနှင့်အတူ နယ်ချဲ့တို့ကို ဆန့်ကျင်တော်လှန်ခဲ့ခြင်းဖြင့် ပြည်ထောင်စုစိတ်ဓာတ်ခိုင်မာစွာ တည်ရှိမှုကို သက်သေပြသနိုင်ခဲ့ပါသည်။ လွတ်လပ်ရေးကြိုးပမ်းမှုကာလတွင်လည်း ထားဝယ်လူမျိုးတို့၏ နိုင်ငံတော်လွတ်လပ်ရေးရရှိရန်အတွက် စွန့်လွှတ်အနစ်နာခံစိတ်များဖြင့် အခြားသောမျိုးချစ်တိုင်းရင်းသားများနှင့်အတူ အသက်ခန္ဓာကို မငဲ့ကွက်ဘဲ ပါဝင်တိုက်ပွဲဝင်ခြင်းဖြင့် ပြည်ထောင်စုသားများ၏ သွေးချင်းနီးစပ်မှုကို ပြသနိုင်ခဲ့ပြီးဖြစ်ပါသည်။ ရှေးဘိုးဘွားတို့ထားရစ်ခဲ့သည့် လွတ်လပ်ရေးအမွေကို ထပ်မံမဆုံးရှုံးစေရေးအတွက် ထားဝယ်လူမျိုးများအပါအဝင် တိုင်းရင်းသားလူမျိုးအားလုံးတို့က တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်၊ စွန့်လွှတ်စွန့်စားသည့်စိတ်ဓာတ်များ ထက်သန်နေအောင် တည်ဆောက်နေကြရမည်ဖြစ်ပါသည်။

ထားဝယ်တိုင်းရင်းသားတို့အနေဖြင့်လည်း အခြားသောမြန်မာတိုင်းရင်းသားတို့နည်းတူ ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှုတွင် တူညီမှုရှိပါသည်။ ထိုဗုဒ္ဓဘာသာကိုအခြေခံသည့် ယဉ်ကျေးမှုဓလေ့ထုံးတမ်းများကိုလည်း ထားဝယ်လူမျိုးတို့အနေဖြင့် မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသည်ကို ဂုဏ်ယူဖွယ်ရာတွေ့မြင်ရပါသည်။ ထိုကဲ့သို့ ထားဝယ်တိုင်းရင်းသားတို့၏ ယဉ်ကျေးသိမ်မွေ့ပြီး နှစ်လိုဖွယ်ကောင်းသော ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ကမ္ဘာတည်သရွေ့ တည်ရှိနေအောင် လက်ဆင့်ကမ်းကာကွယ်စောင့်ရှောက်ကြရန်လိုပါသည်။

ထားဝယ်ဒေသသည် မြန်မာနိုင်ငံတောင်ပိုင်းတွင် တည်ရှိပြီး ပင်လယ်ကမ်းရိုးတန်းနှင့် မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက် သယံဇာတများပေါကြွယ်ဝသည်ကို တွေ့ရှိရပါသည်။ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ၊ ကုန်သွယ်မှုလုပ်ငန်းများ၊ ခရီးသွားလာရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန် အခြေခံကောင်းများနှင့် အခွင့်အလမ်းကောင်းများဖြင့် ပြည့်စုံသည့်ဒေသဖြစ်ပါသည်။ ထားဝယ်ဒေသသည် အခြားဒေသများနှင့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပြီး ကုန်းလမ်း၊ ရေလမ်းများဆုံရာနေရာတွင် တည်ရှိပါသည်။ ထိုကဲ့သို့ စီးပွားရေးအရအချက်အချာကျသည့် နေရာဖြစ်ခြင်းကြောင့်လည်း တစ်နှစ်ထက်တစ်နှစ် စီးပွားရေးဖွံ့ဖြိုးတိုးတက်နေပြီး မြန်မာနိုင်ငံစီးပွားရေးတိုးတက်မှုအတွက် အထောက်အကူပြုသည့် ဒေသအဖြစ် တည်ရှိနေပါသည်။ ထို့ပြင် ထားဝယ်အထူးစီးပွားရေးဇုန်သည်လည်း မြန်မာနိုင်ငံအတွက်သာမက ဒေသတွင်းနိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်နိုင်ခြင်းကြောင့် ဒေသခံထားဝယ်လူမျိုးတို့မှ လုပ်ငန်းတိုးတက်အောင်မြင်မှုရှိအောင် ဝိုင်းဝန်းကြိုးပမ်းကြရန်လိုပါသည်။

ယနေ့အချိန်အခါတွင် မိမိတို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရအနေဖြင့် နိုင်ငံတော်၏ ဒီမိုကရေစီလမ်းကြောင်း ခိုင်မာရေးအတွက် ရှေ့လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်နေသကဲ့သို့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများ၏ လူမှုစီးပွားဘဝများ ကောင်းမွန်လာစေရေးအတွက် အခြေခံအုတ်မြစ်များ ခိုင်မာစေရေး အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ထားဝယ်တိုင်းရင်းသားတို့အနေဖြင့် နိုင်ငံတော်အစိုးရ၏ ဆောင်ရွက်ချက်များကို အားပေးထောက်ခံပြီး ပြည်ထောင်စုအကျိုးအတွက် ဝိုင်းဝန်းဆောင်ရွက်ပေးနေသည်ကို တွေ့ရှိရပါသည်။ ထားဝယ်လူမျိုးတို့အနေဖြင့် ထားဝယ်ဒေသရှိ စီးပွားရေးဆိုင်ရာ အခွင့်အလမ်းကောင်းများကို အခြေပြုပြီး ပြည်ထောင်စုတစ်ဝန်းလုံး ဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးစားအကောင်အထည်ဖော်သွားရမည်ဖြစ်ပါသည်။

> **ပြည်ထောင်စုစိတ်ဓာတ်ကိုအရင်းခံ၍ ထားဝယ်ဒေသရှိ ရှိရင်းစွဲအရင်းအမြစ်များကို မှန်ကန်စွာအသုံးချပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်၍ ထားဝယ်လူမျိုးတို့၏ စည်းလုံးညီညွတ်မှုကို ဖော်ထုတ်ပြသနိုင်ပါစေကြောင်း တိုက်တွန်းနှိုးဆော် ...**

ထားဝယ်လူမျိုးတို့အနေဖြင့် သမိုင်းစဉ်ဆက် ဂုဏ်ယူဖွယ်ရာကောင်းမွန်ခဲ့သည့် သမိုင်းမှတ်တမ်းများကို ဆက်လက်ထိန်းသိမ်းပြီး မှတ်ကျောက်တင်ခံနိုင်မည့် သမိုင်းအသစ်များကို ဆက်လက်ရေးထိုးကြရမည်ဖြစ်ပါသည်။ ပြည်ထောင်စုစိတ်ဓာတ်ကို အရင်းခံ၍ ထားဝယ်ဒေသရှိ ရှိရင်းစွဲအရင်းအမြစ်များကို မှန်ကန်စွာအသုံးချပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်၍ ထားဝယ်လူမျိုးတို့၏ စည်းလုံးညီညွတ်မှုကို ဖော်ထုတ်ပြသနိုင်ပါစေကြောင်း တိုက်တွန်းနှိုးဆော်ရင်း ထားဝယ်အမျိုးသားနေ့ကို ဂုဏ်ပြုဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့အပ်ပါသည်။

ဗိုလ်ချုပ်မှူးကြီး
သတိုးမဟာသရေစည်သူ
သတိုးသီရိသုဓမ္မမင်းအောင်လှိုင်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ
နိုင်ငံတော်ဝန်ကြီးချုပ်

## လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇)ရရှိသူ လိုက်နာရမည့် စည်းကမ်းချက်များ

(က) ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း လယ်ယာမြေကို လုပ်ကိုင်ရမည်။

(ခ) လယ်ယာမြေနှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ စည်းကြပ်သောမြေခွန်နှင့် အခြားအခွန်အခများကို ပေးဆောင်ရမည်။

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်းနှင့် ပေးကမ်းခြင်းတို့ကို ဆောင်ရွက်သည့်အခါ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က သတ်မှတ်သည့်တန်ဖိုးနှင့်အညီ တည်ဆဲဥပဒေအရ သတ်မှတ်သော တံဆိပ်ခေါင်းခွန်နှင့်ဦးစီးဌာနက သတ်မှတ်သည့် စာချုပ်စာတမ်းမှတ်ပုံတင်ခတို့ကိုပေးဆောင်၍ သက်ဆိုင်ရာမြို့နယ် ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။

(ဃ) တည်ဆဲဥပဒေနှင့်အညီ အမွေဆက်ခံခြင်းဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရရှိသည့်အခါ သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။

(င) စိုက်ပျိုးထုတ်လုပ်မှုအရင်းအနှီးအတွက်သာ လယ်ယာမြေလုပ်ပိုင်ခွင့်ကိုပေါင်နှံခွင့်ရှိပြီး အစိုးရဘဏ် သို့မဟုတ် အစိုးရက အသိအမှတ်ပြုသောဘဏ်တွင်သာ ပေါင်နှံရမည်။

(စ) လယ်ယာမြေကို ခွင့်ပြုမိန့်မရရှိဘဲ အခြားနည်းသုံးစွဲခြင်းမပြုရ။

(ဆ) လယ်ယာမြေကို ရာသီသီးနှံအမျိုးအစားမှ အခြားသီးနှံအမျိုးအစားသို့ ခွင့်ပြုချက်မရှိဘဲ ပြောင်းလဲစိုက်ပျိုးခြင်းမပြုရ။

(ဇ) ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ လယ်ယာမြေကို လုပ်ထားခြင်းမပြုရ။ သို့ရာတွင် လယ်ယာမြေကို လုပ်ထားရန် အကြောင်းတစ်စုံတစ်ရာပေါ်ပေါက်ပါက မြေတည်ရှိရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှတစ်ဆင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြရမည်။ ယင်းသို့လုပ်ထားခြင်းသည်လည်း ရွှေ့ပြောင်းတောင်ယာမြေမှအပ နှစ်နှစ်ဆက်တိုက်ထက် မပိုစေရ။

(ဈ) လယ်ယာမြေလုပ်ပိုင်ခွင့်မရမီကာလအတွင်း သို့မဟုတ် လယ်ယာမြေလုပ်ပိုင်ခွင့်နှင့်စပ်လျဉ်း၍ အငြင်းပွားမှုဖြစ်ပေါ်နေသောကာလအတွင်း လယ်ယာမြေကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် ပေးကမ်းခြင်းမပြုရ။

ထို့ပြင် လယ်ယာမြေနှင့်စပ်လျဉ်း၍ သက်ဆိုင်သူ မည်သူမဆို သက်ဆိုင်ရာလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်က ဥပဒေနှင့်အညီ ချမှတ်ထားသောအမိန့်ကို လိုက်နာရမည်။

(လယ်ယာမြေဥပဒေပုဒ်မ ၁၂၊၁၃)

ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့

## လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇)ရရှိသူ၏ အခွင့်အရေးများ

(က) လယ်ယာမြေကို လက်ရှိထားပိုင်ခွင့်၊ လယ်ယာမြေလုပ်ပိုင်ခွင့်၊ ရာသီသီးနှံကို ပြောင်းလဲစိုက်ပျိုးနိုင်ခွင့်၊ ယင်းသို့လုပ်ပိုင်ခွင့်မှ ပေါ်ထွက်လာသည့် အကျိုးအမြတ်ကို ခံစားပိုင်ခွင့်၊

(ခ) လယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ လုပ်ပိုင်ခွင့်အား သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့် ပေးကမ်းခွင့်၊

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့်စပ်လျဉ်း၍ အငြင်းပွားမှုပေါ်ပေါက်လာပါက တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာတရားရုံး၏ အဆုံးအဖြတ်ခံယူနိုင်ခွင့်၊

(ဃ) သတ်မှတ်သည့်စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်းမရှိသရွေ့ လယ်ယာမြေလုပ်ပိုင်ခွင့်၊

(င) လယ်ယာမြေတွင် စိုက်ပျိုးရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ သို့မဟုတ် အစိုးရအသိအမှတ်ပြုထားသည့်အဖွဲ့အစည်း၊ အသင်းအဖွဲ့များ၏ ရင်းနှီးမြှုပ်နှံမှုဖြင့်လည်းကောင်း၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများနှင့်လည်းကောင်း အကျိုးတူလုပ်ကိုင်ခွင့်၊

(စ) လယ်ယာမြေတွင် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားပါဝင်သောအဖွဲ့အစည်းနှင့်ပူးပေါင်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ အကျိုးတူလုပ်ကိုင်ခွင့်။

(လယ်ယာမြေဥပဒေပုဒ်မ ၉)

ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ဝန်ကြီးဌာနကိုယ်စားပြုအားကစားအသင်းများ လေ့ကျင့်နေမှုကို ကြည့်ရှုအားပေး



**နေပြည်တော် နိုဝင်ဘာ ၃၀**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းသည် ယနေ့မွန်းလွဲပိုင်းတွင် ပဉ္စမအကြိမ်အမျိုးသားအားကစားပွဲတော်၌ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ကာကွယ်ရေးဝန်ကြီးဌာနကိုယ်စားပြု အားကစားအသင်းများ ဇေယျာသီရိ အားကစားကွင်းအတွင်း လေ့ကျင့်နေမှုကို သွားရောက်ကြည့်ရှုအားပေးသည်။

ဦးစွာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် ဇေယျာသီရိ အားကစားကွင်း(B)ရှိ၌ အမျိုးသား၊အမျိုးသမီးဘော်လီဘောအသင်းနှင့် ပိုက်ကျော်ခြင်းအသင်းတို့၏ လေ့ကျင့်နေမှုကို ကြည့်ရှုအားပေးပြီး အသင်းအုပ်ချုပ်သူနှင့် နည်းပြများက ပြိုင်ပွဲဝင်အားကစားသမားများစုဖွဲ့လေ့ကျင့်မှုအခြေအနေ၊ အုပ်ချုပ်ထောက်ပံ့ဆောင်ရွက်ပေးနိုင်မှုအခြေအနေနှင့် ပြိုင်ပွဲယှဉ်ပြိုင်မည့်အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဇေယျာသီရိဘောလုံး အားကစားကွင်းအတွင်း အမျိုးသား ဘောလုံးအသင်းနှင့်ပြေးခုန်ပစ်အားကစားသမားများလေ့ကျင့်နေမှုကို ကြည့်ရှုအားပေးပြီး အုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမား များကို ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ကြည့်ရှုအားပေးစဉ် ပြည်ထောင်စုဝန်ကြီးက ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော်တွင် ဝန်ကြီးဌာနကိုယ်စားပြုယှဉ်ပြိုင်ကြမည့် အားကစားသမားများအနေဖြင့် အသင်းအဖွဲ့စိတ်ဓာတ်၊ အားကစားစိတ်ဓာတ်အပြည့်ဖြင့် နိုင်ငံ့ဂုဏ်ကိုမြှင့်တင်နိုင်မည့် ဌာနဂုဏ်ဆောင်၊ နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများဖြစ်အောင် အလေးထားကြိုးစားကြရန်၊ တရားသောယှဉ်ပြိုင်နည်းဖြင့် ယှဉ်ပြိုင်ကြရန်၊ လေ့ကျင့်မှုများကို ဖွဲ၊ လုံ့လ၊ ဝီရိယအပြည့်ဖြင့်လေ့ကျင့်ကြရန်၊ ပြိုင်ပွဲကာလနီးကပ်လာ၍ ကျန်းမာကြံ့ခိုင်မှုပြည့်ဝနေစေရေး ဂရုစိုက်နေထိုင်ကြရန်၊ အားကစားဖြင့် နိုင်ငံနှင့်လူမျိုး၏ဂုဏ်ကို မြှင့်တင်နိုင်ရေး ရည်မှန်းချက်ထားဆောင်ရွက်သွားကြရန် မှာကြားပြီး အားကစားသမားများကို အင်အားဖြည့်အစားအစာများနှင့် ချီးမြှင့်ငွေပေးအပ်သည်။

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ကာကွယ်ရေးဝန်ကြီးဌာနအနေဖြင့် ဘောလုံး(အမျိုးသား)၊ ဘော်လီဘော (အမျိုးသား၊အမျိုးသမီး)၊ ပိုက်ကျော်ခြင်း (အမျိုးသား)၊ ဖူဆယ်(အမျိုးသား)၊ ပြေးခုန်ပစ်(အမျိုးသား၊အမျိုးသမီး)နှင့် ဂေါက်သီးရိုက်(အမျိုးသား) အားကစားနည်းခြောက်မျိုးကို အားကစားသမား ၁၃၃ ဦးဖြင့် ဝင်ရောက် ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ၂၀၂၄ ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၃၀**

၂၀၂၄ ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနေ့(World AIDS Day) အထိမ်းအမှတ်အခမ်းအနားကို ယမန်နေ့နံနက် ၈ နာရီခွဲတွင် ကျန်းမာရေးဝန်ကြီးဌာန ရုံးအမှတ်(၄)၌ ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်းက ၂၀၃၀ ပြည့်နှစ်တွင် အိပ်ချ်အိုင်ဗွီပိုး ကူးစက်မှုကင်းဝေးသော လူ့အဖွဲ့အစည်းတစ်ရပ် ပေါ်ထွက်လာစေရန်ရည်ရွယ်ပြီး ကျန်းမာရေးဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် ခုခံကျ/ကာလသားရောဂါတိုက်ဖျက်ရေးဌာနစိတ်သည် ခုခံအားကျဆင်းမှုကူးစက်ရောဂါဆိုင်ရာ အမျိုးသားမဟာဗျူဟာစီမံကိန်း (၂၀၂၁-၂၀၂၅)တွင် ပါရှိသည့် ဦးစားပေးနည်းဗျူဟာ (၅)ရပ်နှင့်အညီ အိပ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ် ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတော်က အေအာတီဆေးနှင့်ဆေးပစ္စည်းများဝယ်ယူရန် နှစ်စဉ်ဘဏ္ဍာငွေများတိုးမြှင့်ချထားပေးလျက်ရှိရာ အေအာတီဆေးကုသခြင်းလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ပေးနိုင်မှုကြောင့် အိပ်ချ်အိုင်ဗွီပိုးရှိ လူနာများသည် သက်တမ်းစေ့နေလာနိုင်ပါကြောင်း။

သွားလာရခက်ခဲသော နေရာများမှ လူနာများအတွက်လည်း ဆေးပြတ်လပ်မှုမရှိအောင်ဆေးနှင့်ဆေးပစ္စည်းများရောက်ရှိအောင်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အေအာတီဆေး သောက်သုံးနေသူများ၏ တစ်ဦးချင်းအချက်အလက်များ မှတ်တမ်းတင်ခြင်း၊လစဉ်အစီရင်ခံစာများပေးပို့ခြင်း၊ ဆေးနှင့်ဆေးပစ္စည်းစာရင်းများမှတ်တမ်းတင်ခြင်း၊တွက်ချက်ခြင်းတို့ကို အီလက်ထရောနစ်စနစ်ဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း။

ယခုနှစ်“ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနေ့” ဆောင်ပုဒ်ဖြစ်သည့် "Take the rights path" “အေအိုင်ဒီအက်စ်ကင်းဝေးဖို့သာတူညီမျှအလေးပေးလို့၊ အားလုံးဝိုင်းဝန်းပံ့ပိုးစို့” ဆိုသည့်အတိုင်း အိပ်ချ်အိုင်ဗွီကာကွယ်ရေးလုပ်ငန်းများကို လက်လှမ်းမီရန်ခက်ခဲသော ဦးတည်အုပ်စုဝင်များအပါအဝင် အိပ်ချ်အိုင်ဗွီကာကွယ်ကုသရေးဝန်ဆောင်မှုများကို လူတိုင်းသာတူညီမျှလက်လှမ်းမီရရှိရန်အတွက် ဦးတည်အုပ်စုဝင်များ၊ အိပ်ချ်အိုင်ဗွီပိုးရှိသူများအပါအဝင် အားလုံးပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။



ထို့နောက် ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် စာစီစာကုံး၊ ပန်းချီနှင့် ပိုစတာပြိုင်ပွဲများတွင် ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများကို ဆုချီးမြှင့်ခြင်း၊ မြန်မာနိုင်ငံတွင် အိပ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်ရောဂါကာကွယ်ကုသရေးလုပ်ငန်းများနှင့် ပတ်သက်၍ ကြိုးပမ်းဆောင်ရွက်မှု မှတ်တမ်းတင်ဗီဒီယိုကိုပြသခြင်း၊ တော်ဝင်ခရေအဖွဲ့ အလုပ်အမှုဆောင်ဥက္ကဋ္ဌက အိပ်ချ်အိုင်ဗွီပိုးနှင့်နေထိုင်သူများကိုယ်စား အမှာစကားပြောကြားပြီး ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များက အထိမ်းအမှတ်ပြခန်းငယ်ကို လှည့်လည်ကြည့်ရှုကြသည်။

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာနနှင့်နီးနွှယ်ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ခုခံကျ၊ ကာလသားရောဂါတိုက်ဖျက်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်လျက်ရှိသောပြည်သူလူထုအခြေပြုကွန်ရက်များမှကိုယ်စားလှယ်များတက်ရောက်ကြသည်။

၂၀၁၁ ခုနှစ်တွင် အိပ်ချ်အိုင်ဗွီပိုးရှိလူနာဦးရေ ၄၀၀၀၀ ခန့်ကိုသာ အေအာတီဆေးဖြင့်ကုသမှုပေးနိုင်ခဲ့ရာမှ ယခုနှစ်စက်တင်ဘာလကုန်ထိ ရရှိထားသော စာရင်းဇယားများအရ လူနာဦးရေ ၂၁၅၀၀၀ ကျော်ထိ ကုသမှုပေးနိုင်ခဲ့ပြီး ၂၀၁၁ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ငါးဆထိ တိုးမြှင့်ကုသပေးနိုင်ကြောင်း၊ အိပ်ချ်အိုင်ဗွီကူးစက်ခံရမှုအနေဖြင့် ၂၀၀၀ ပြည့်နှစ်တွင် အမြင့်ဆုံးဖြစ်ပွားခဲ့ပြီး အသစ်ကူးစက်မှု လူဦးရေ ၃၀၀၀၀ နီးပါးရှိခဲ့ပြီး ၂၀၂၃ ခုနှစ်တွင် လူဦးရေ ၁၀၄၀၀ ကျော်ရှိရာ သုံးပုံတစ်ပုံခန့်ထိ ကျဆင်းလာခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

**နေပြည်တော် နိုဝင်ဘာ ၃၀**

မကွေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ရန် အကြံပြုထားကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။




# မြန်မာနိုင်ငံ "စီးပွားရေးပညာ နှစ်(၁၀၀)"ရာပြည့်အလှူရှင်များ ဂုဏ်ပြုပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် တက်ရောက်ချီးမြှင့်

နေပြည်တော် နိုဝင်ဘာ ၃၀

မြန်မာနိုင်ငံ "စီးပွားရေးပညာ နှစ် (၁၀၀)" ရာပြည့် အလှူရှင်များ ဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ Aureum Palace Hotel Lake View Hall ၌ကျင်းပသည်။

ဦးစွာအခမ်းအနားကျင်းပရေးဦးဆောင်ကော်မတီဥက္ကဋ္ဌ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က မြန်မာနိုင်ငံ "စီးပွားရေးပညာနှစ် (၁၀၀)" ရာပြည့်အခမ်းအနားအောင်မြင်စွာကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှ စေတနာသဒ္ဓါတရား ထက်သန်စွာဖြင့် လှူဒါန်းပေးခဲ့ကြသည့် စီးပွားရေးတက္ကသိုလ်များမှ စီးပွားရေးဘွဲ့ရ လုပ်ငန်းရှင်များ၊ ကျောင်းသား၊ကျောင်းသူဟောင်းများ၊ စီးပွားရေးအဖွဲ့အစည်းများ၊ ငွေကြေးများလှူဒါန်းကြသကဲ့သို့ ဝန်ဆောင်မှုများ၊ နေရာထိုင်ခင်းများ စီစဉ်ပေးခဲ့သည့် ဟိုတယ်လုပ်ငန်းရှင်များနှင့် ဘဏ်လုပ်ငန်းရှင်များကို ကျေးဇူးအထူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက "စီးပွားရေးပညာ နှစ်(၁၀၀)"ရာပြည့်အခမ်းအနားအတွက် ငွေကျပ်သိန်း ၁၀၀ နှင့်အထက် အလှူရှင် ခုနစ်ဦးကိုလည်းကောင်း၊ အခမ်းအနားကျင်းပရေး ဦးဆောင်ကော်မတီဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦးက ဆရာကြီး၊ ဆရာမကြီးများနှင့် ဧည့်သည်တော်များကို တည်းခိုနေထိုင်ရေးနှင့် ဧည့်ခံကျွေးမွေးရေးတို့တွင် ကူညီပံ့ပိုးပေးခဲ့ကြသည့် အလှူရှင် ကိုးဦးကိုလည်းကောင်း၊ ဦးဆောင်ကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင်က ငွေကျပ် သိန်း ၂၀ နှင့် အထက် အလှူရှင် ခြောက်ဦးကိုလည်းကောင်း၊ ဦးဆောင်ကော်မတီအဖွဲ့ဝင် ဒုတိယစာရင်းစစ်ချုပ် ဒေါ်နိုင်သက်ဦးက ငွေကျပ် ၁၀ သိန်းနှင့်အထက် အလှူရှင် ခြောက်ဦးကိုလည်းကောင်း၊ ဦးဆောင်ကော်မတီအဖွဲ့ဝင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဇော်မြင့်နိုင်က ငွေကျပ် ငါးသိန်းနှင့်အထက် အလှူရှင် ခြောက်ဦးကို လည်းကောင်း ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ပြီး အလှူရှင်များကိုယ်စား အလှူရှင် ဦးဇေယျသူရမွန်(Zeya & Associates Co.,Ltd) က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)




## ဆိုင်ကလုန်းမုန်တိုင်း "ဖန်ဂယ်လ်" အရှိန်ကြောင့် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးရွာနိုင်

နေပြည်တော် နိုဝင်ဘာ ၃၀


ယနေ့ညနေ ၅ နာရီခွဲအချိန်တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင်ဖြစ်ပေါ်နေသော ဆိုင်ကလုန်းမုန်တိုင်း "ဖန်ဂယ်လ်" (FENGAL)သည် အနောက်ဘက်သို့ ရွေ့လျားခဲ့ပြီး မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့၏ အနောက်ဘက် ရေမိုင် ၇၆၅ မိုင်ခန့်၊ အိန္ဒိယနိုင်ငံ ချင်းနိုင်မြို့၏ တောင်-အရှေ့တောင်ဘက် ရေမိုင် ၄၅ မိုင်ခန့်နှင့် ပူဒူချယ်ရီမြို့၏ အရှေ့-အရှေ့မြောက်ဘက် ရေမိုင် ၄၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

ဆိုင်ကလုန်းမုန်တိုင်း "ဖန်ဂယ်လ်"၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့်အခြေအနေမရှိသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်သည်။

အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း "ဖန်ဂယ်လ်"သည် အနောက်ဘက်သို့ ဖြည်းညှင်းစွာရွေ့လျားနိုင်ပြီး ယနေ့ညပိုင်းတွင် အိန္ဒိယနိုင်ငံ တမီးလ်နာဒူး မြောက်ပိုင်းကမ်းခြေကို ပူဒူချယ်ရီမြို့အနီးမှ ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။

အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း "ဖန်ဂယ်လ်"၏ အရှိန်ကြောင့် နောက် ၂၄ နာရီအတွင်း နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးရွာနိုင်သည်။ (မိုး/ဇလ)

၃၀-၁၁-၂၀၂၄ ရက်နေ့ မြန်မာစံတော်ချိန် (၁၇:၃၀)နာရီအချိန် တိုင်းထွာချက်အရ ဆိုင်ကလုန်းမုန်တိုင်း "ဖန်ဂယ်လ် (FENGAL)" လမ်းကြောင်းပြမြေပုံ




☆ **ဆောင်းခိုငှက်များမှ**

သဘာဝအခြေခံခရီးသွားလုပ်ငန်းကိုလည်း အထောက်အပံ့ကောင်းတွေ ရရှိစေပါတယ်။ ငှက်ဝါသနာရှင်တွေနဲ့ ပြည်တွင်းပြည်ပခရီးသွားတွေ အပန်းဖြေရာနေရာတစ်ခုအဖြစ်နဲ့ ခရီးသွားလုပ်ငန်းကိုလည်း အကျိုးပြုနေတာမို့ မိုးယွန်းကြီးအင်းရဲ့ ဂေဟာစနစ် ကောင်းမွန်ရှင်သန်နေဖို့ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်နေပါတယ်" ဟု မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအုပ်ချုပ်ရေးမှူးရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောပြသည်။

ဧက ၂၅၆၀၀ ကျယ်ဝန်းသော မိုးယွန်းကြီးအင်းတွင် ယမန်နှစ်ဆောင်းခိုငှက်ရာသီ၌ ဆောင်းခိုငှက်မျိုးစိတ် ၁၁၂ မျိုးဝင်ရောက်ခဲ့ပြီး ယခုနှစ်တွင်လည်း ဆောင်းခိုငှက်မျိုးစိတ်ရာကျော်ဝင်ရောက်နိုင်ကြောင်း မိုးယွန်းကြီးအင်းတောရိုင်း တိရစ္ဆာန်ဘေးမဲ့တောအုပ်ချုပ်ရေးမှူးရုံးမှ ခန့်မှန်းထားသည်။

ယခုနှစ်ဝင်ရောက်လာသော ဆောင်းခိုငှက်မျိုးစိတ် ၂၉ မျိုးတွင် ဘဲရစ်၊ ဘဲပြာကလေး၊ ရေကြက်ဒုံ၊ တစ်တီတူး၊ ငါးဟစ်မွဲ၊ တောဝမ်းဘဲ၊ တလိုင်းခေါင်း၊ မယ်ညို၊ ခြေနီရေညှောင်ငှက်၊ မြစ်တွေးငှက်နှင့် စစ္စလီငှက်အပါအဝင် ရှားပါးမျိုးစိတ်ဝင် ခရုစုပ်ခေါင်းမည်းငှက်မျိုးစိတ်လည်း ဝင်ရောက်နားခိုလျက်ရှိကြောင်း သိရသည်။

ဇီဝမျိုးစုံမျိုးကွဲများ ရှင်သန်ကျက်စားရာ မိုးယွန်းကြီးအင်းဘေးမဲ့တောတွင် ဆောင်းရာသီ၌ နို့တိုက်သတ္တဝါ အမျိုး ၁၂၀၊ ကုန်းနေရေနေနှင့်တွားသွားသတ္တဝါ ၂၈ မျိုး၊ အင်းဆက် ၃၃ မျိုး၊ ဌာနေငှက် ၇၇ မျိုး၊ ငါးမျိုးစိတ် ၄၄ မျိုးနှင့် ရေနေပင် ၇၄ မျိုးတို့ ရှင်သန်တည်ရှိလေ့ရှိကြောင်း သိရသည်။

မိုးယွန်းကြီးအင်းသို့ ဝင်ရောက်လာသော ဆောင်းခိုငှက်များသည် ပျံသန်းရာလမ်းကြောင်း ကိုးခုအနက်မှ အာရှ-ဩစတြေးလျငှက်ပျံသန်းရာလမ်းကြောင်း၊ အာရှအလယ်ပျံသန်းရာလမ်းကြောင်းနှင့် အနောက်အာရှ-အရှေ့အာဖရိက လမ်းကြောင်းတို့မှ ဝင်ရောက်လာခြင်းဖြစ်ကြောင်း သိရသည်။ **ငြိမ်းသူ(သတင်းစဉ်)**



## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# မဟာအောင်မြေမြို့နယ်ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၃၀

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ရတနာဘူမိအရှေ့ရပ်ကွက် ရတနာကောသ ဘုရားဝင်းအတွင်းရှိ မန်းသီရိန်ဓမ္မာရုံ၌ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၄၆ ပါးနှင့် ဒေသခံပြည်သူ ၁၅၅ ဦးတို့ကို သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများနှင့်ကျန်းမာရေးအသိပညာပေး ဟောပြောဆွေးနွေးခြင်းများဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် သံဃာတော်များနှင့် ဒေသခံပြည်သူများကို နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ်တွင် ငွေကျပ် သိန်း ၆၃၅၀ ကျော်တန်ဖိုးရှိ ဘိန်းဖြူ ၂၆ ဒသမ ၃၅ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၄ ဒသမ ၈ သိန်း ဖမ်းဆီးရမိ

နေပြည်တော် နိုဝင်ဘာ ၃၀

ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ်တွင် ငွေကျပ် သိန်း ၆၃၅၀ ကျော်တန်ဖိုးရှိ ဘိန်းဖြူ ၂၆ ဒသမ ၃၅ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၄ ဒသမ ၈ သိန်း ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၂၄ ရက် နံနက် ၉ နာရီတွင် ရှမ်းပြည်နယ် (တောင်ပိုင်း) ရပ်စောက်မြို့နယ် ကျောက်ဂူ-နောင်ပိုးသွား ကားလမ်းတွင် ရာဇာဌေး မောင်းနှင်ပြီး ဇော်မျိုးထွေး လိုက်ပါလာသည့် AD Van မော်တော်ယာဉ်နှင့် ရဲမင်းသူမောင်းနှင်လာသည့် AD Van မော်တော်ယာဉ်တို့ကို သတင်းအရ ရှာဖွေရာ အဆိုပါယာဉ်နှစ်စီးဖြင့် သယ်ဆောင်လာသည့် ဘိန်းဖြူပါ ဆပ်ပြာခွက် ၂၆၃၅ ခွက်ဖြင့်ထည့်လျက် ဒေသကာလတန်ဖိုးငွေကျပ် သိန်း ၆၃၅၀ ကျော်တန်ဖိုးရှိ ဘိန်းဖြူ ၂၆ ဒသမ ၃၅ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၄ ဒသမ ၈ သိန်းနှင့် မြန်မာငွေကျပ် သိန်း ၁၉၀ တို့ကို ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ မူးယစ်ဆေးဝါးများ သယ်ဆောင်ရောင်းဝယ်ရာတွင် ပူးပေါင်းပါဝင်သူများဖြစ်သည့် အောင်ကျော်ဦး၊ ဝင်းဖြိုးအောင်၊ ဇင်ဖြိုးအောင်နှင့် မန္တယ်နီလွင်တို့ လေးဦးကို နိုဝင်ဘာ ၂၅ ရက်တွင် ပြည်ကြီးတံခွန်မြို့နယ် (စ)ရပ်ကွက်၌ ဆက်လက်ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့ကို ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။ (သတင်းစဉ်)



တရားခံများနှင့်အတူ သိမ်းဆည်းရမိသည့် မော်တော်ယာဉ်များနှင့် မူးယစ်ဆေးဝါးများကို တွေ့ရစဉ်။

# အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များနှင့် ပြည်သူ့ဆေးရုံများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်



နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်ရှိ စာသင်ကျောင်း၌ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့်ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ပေးစဉ်။

နေပြည်တော် နိုဝင်ဘာ ၃၀

၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် စာသင်ကျောင်းများ ဥပမိရပ်ကောင်းမွန်စေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်များတွင် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးလုပ်ငန်းများကို စုပေါင်းဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်အပါအဝင် မြို့နယ် ငါးမြို့နယ်တို့၌လည်းကောင်း၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ ကျိုင်းတုံတက္ကသိုလ်၌လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့ရှိ အမှတ် (၃)အခြေခံပညာအထက်တန်းကျောင်း၌လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်ပါအဝင် မြို့နယ် ၁၇ မြို့နယ်တို့၌လည်းကောင်း သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ နယ်မြေခံတပ်မတော်သားများက မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များက အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်များအတွင်း၊ အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ ရေကန်များတွင်အဘိတ်ဆေးများခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သည့်နေရာများကို ခြင်ဆေးဖျန်းခြင်းနှင့် ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းများကို စုပေါင်းဆောင်ရွက်ပေးကြသည်။

အလားတူ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းခတ်မြို့ ပြည်သူ့ဆေးရုံ၌လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ အထွေထွေရောဂါကု ဆေးရုံကြီး၌လည်းကောင်း နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များက ဆေးရုံဝင်းအတွင်း၊ အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်းနှင့် ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်းများကို စုပေါင်းဆောင်ရွက်ပေးကြသည်။

ထိုသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)



ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ ကျိုင်းတုံတက္ကသိုလ်၌ ဌာနဆိုင်ရာဝန်ထမ်းများနှင့်ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ပေးစဉ်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် နိုဝင်ဘာ ၃၀

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့်အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း နိုဝင်ဘာ ၂၉ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “min-myat 612”TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် ရွှေညောင်မြို့ မဟာအောင်မြေရပ်ကွက်နေ မင်းမြတ်စိုးအား ညနေ ၃ နာရီ ၁၅ မိနစ်တွင်လည်းကောင်း၊ “Nay-Win” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ် ဘုရားကုန်းကျေးရွာနေ နေဝင်းလှိုင်(ခ) နေဝင်းအား ညနေ ၄ နာရီ ၃၅ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# KNDF နှင့် PDF အမည်ခံ အကြမ်းဖက်သမားများ၏ပစ်ခတ်မှုကြောင့် သံဃာတော် တစ်ပါး ပျံလွန်တော်မူခဲ့ပြီး နှစ်ပါး ထိခိုက်ဒဏ်ရာရရှိ



ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင် ထီးစဲခါးရေတံခွန်ကျောင်းတိုက်ရှိ သံဃာတော်များထံ နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းစဉ်။



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ် ဒဏ်ရာရရှိခဲ့သော ဆရာတော်နှစ်ပါးအား ကျန်းမာရေးအခြေအနေများမေးမြန်းလျှောက်ထားစဉ်။

**နေပြည်တော် နိုဝင်ဘာ ၃၀**

ကယားပြည်နယ် လွိုင်လင်လေး မြို့နယ် ထီးစဲခါးကျေးရွာရှိ ထီးစဲခါး ကျောင်းတိုက်ဆရာတော်ဘဒ္ဒန္တပညာဝံသ အမှူးပြုသော သံဃာတော်ငါးပါးသည် ယနေ့နံနက် ၈ နာရီခန့်တွင် ကျောင်းတိုက်၌ စေတီတော်အသစ်တည်ထားကိုးကွယ်ရန် လိုအပ်သည့်ပစ္စည်းများဝယ်ယူရန်အတွက် မန္တလေးမြို့သို့ မော်တော်ယာဉ်ဖြင့် ထွက်ခွာလာစဉ် နံနက် ၈ နာရီ ၄၅ မိနစ်ခန့်တွင် လွိုင်ကော်-ဆီဆိုင်သွားကားလမ်း အောင်ကလပ်ကျေးရွာအနီးသို့ အရောက်၌ KNDF နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့်ပစ်ခတ်ခဲ့သဖြင့် သံဃာတော်များဖြစ်ကြသည့် ဘဒ္ဒန္တပီယေဿဘာသ၊ ဘဒ္ဒန္တစန္ဒိမာနှင့် ဘဒ္ဒန္တပဏ္ဍိတတို့တွင် လက်နက်ငယ်ကျည်ထိမှန်ဒဏ်ရာများရရှိခဲ့ပြီး ဘဒ္ဒန္တစန္ဒိမာသည် ရရှိခဲ့သည့်ဒဏ်ရာများဖြင့်ပျံလွန်တော်မူခဲ့ကြောင်း သိရသည်။

ထိုသို့ ဖြစ်စဉ်ဖြစ်ပွားခဲ့ကြောင်း သတင်းရရှိသည်နှင့် တစ်ပြိုင်နက် နယ်မြေခံ လုံခြုံရေးတပ်ဖွဲ့ဝင်များက အဆိုပါနေရာသို့ အမြန်ဆုံးသွားရောက်ပူးပေါင်းခဲ့ရာ အကြမ်းဖက်သမားများသည် ဆုတ်ခွာထွက်ပြေးသွားခဲ့ပြီး ၎င်းတို့၏ပစ်ခတ်မှုကြောင့် ပျံလွန်တော်မူခဲ့ရသည့် ဆရာတော်ဘဒ္ဒန္တစန္ဒိမာ၏ ရုပ်ကလာပ်တော်အား လွိုင်ကော်မြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံသို့ ပင့်ဆောင်ခဲ့ကြသည်။ ဆရာတော်၏ ရုပ်ကလာပ်တော်အား ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများကသွားရောက်ဖူးမြော်ခဲ့ကြပြီး အန္တိမစျာပနပူဇာပြုလုပ်ရန်အတွက် တာဝန်ရှိသူများထံ အလှူငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ထို့ပြင် လက်နက်ငယ်ကျည်ထိမှန်ဒဏ်ရာရရှိခဲ့ကြသည့် သံဃာတော်နှစ်ပါးကိုလည်း တောင်ကြီးမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံသို့ပင့်ဆောင်၍ လိုအပ်သည့်ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိပြီး အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်နှင့် တာဝန်ရှိသူများက သွားရောက်ဖူးမြော်၍ နဝကမ္မဝတ္ထုငွေ၊ သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့သည်။

အကြမ်းဖက်သမားများအနေဖြင့် ၎င်းတို့အပေါ် လိုလားထောက်ခံခြင်း မရှိသော အပြစ်မဲ့ပြည်သူများကိုသာမက ကိုးကွယ်ယုံကြည်ရာဖြစ်သော ရဟန်းသံဃာများကိုပင် အကြောင်းအမျိုးမျိုးပြ စွပ်စွဲ၍ သတ်ဖြတ်ခြင်းများကို ကျူးလွန်လျက်ရှိသည်။ ယခုကဲ့သို့ အများပြည်သူသွားလာအသုံးပြုလျက်ရှိသည့် လမ်းကြောင်းများပေါ်၌ အကြမ်းဖက်လုပ်ရပ်များလုပ်ဆောင်ခြင်းများကို ကာကွယ်တားဆီးနိုင်ရေးအတွက် ဒေသခံပြည်သူများအနေဖြင့်လည်း အကြမ်းဖက်သမားများ၏ လှုပ်ရှားသွားလာမှုများနှင့် မသင်္ကာဖွယ်လှုပ်ရှားမှုများ တွေ့ရှိရပါက သက်ဆိုင်ရာသို့ သတင်းပေးပို့ခြင်းဖြင့် ပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း သတင်းရရှိသည်။ (ဗဟ)

KNDF နှင့် PDF အမည်ခံအကြမ်းဖက်သမားများက သံဃာတော်များလိုက်ပါလာသည့် မော်တော်ယာဉ်အား လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့သည့် ဖြစ်စဉ်နေရာပြပုံ




# မကွေးတိုင်းဒေသကြီး မကွေးမြို့၌ "ချိုချို"စိန်ရွှေရတနာဆိုင်မှ ငွေကျပ် ၇၅၄ သိန်းခန့်တန်ဖိုးရှိ ရွှေထည်ပစ္စည်း အလေးချိန် ၁၃ ကျပ်သားခန့်အား သေနတ်ဖြင့်ပစ်ခတ်ခြိမ်းခြောက်၍ လုယက်မှုကျူးလွန်ခဲ့သူ တရားခံအမျိုးသားနှစ်ဦးကို သက်သေခံရွှေထည်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ



(ဝဲမှယာ)တရားခံ အောင်ဇော်ထွန်းနှင့် တရားခံ အောင်မင်းသူ(ခ)မိုးသန်းတို့ကို သက်သေခံပစ္စည်းများနှင့်အတူဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် နိုဝင်ဘာ ၃၀**

နိုဝင်ဘာ ၂၈ ရက် မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် အောင်ရတနာရပ်ကွက်ရှိ "ချိုချို" စိန်ရွှေရတနာဆိုင်သို့ အမျိုးသားနှစ်ဦး(စိစစ်ဆဲ)က ဆိုင်ကယ်တစ်စီးဖြင့် ရောက်ရှိလာပြီး ဆိုင်အတွင်းဝင်ရောက်ကာ သေနတ်ဖြင့်ပစ်ခတ်ခြိမ်းခြောက်၍ ဆိုင်အတွင်းရှိ မှန်ကောင်တာအားတူဖြင့် ထုခွဲကာ ဆွဲသီးပါရွှေဆွဲကြိုး အကုံး ၂၀၊ ရွှေကလစ် ၁၅ ခု၊ ရွှေအလေးချိန် ၁၃ ကျပ်သားခန့် စုစုပေါင်းတန်ဖိုးငွေကျပ် ၇၅၄ သိန်းခန့်ကို လုယက်ယူဆောင်သွားခဲ့ပြီး သေနတ်ပစ်ခတ်ခဲ့မှုကြောင့် ဆိုင်ပိုင်ရှင်ဖြစ်သူ ဦးထွန်းထွန်းဦး ၅၉ နှစ်နှင့် ဆိုင်အပြင် လမ်းမပေါ်တွင်ရှိနေသည့် ဦးအောင်မျိုးမြင့်ပိုင် ၂၇ နှစ်တို့တွင် ကျည်ထိမှန်ဒဏ်ရာများရရှိခဲ့သဖြင့် မကွေးမြို့မ ရဲစခန်းက(ပ)၁၂၃/၂၀၂၄၊ ရာဇသတ်ကြီး ပုဒ်မ ၃၉၄ ဖြင့်အမှုရေးဖွင့်၍ တရားခံများကို ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး ဆောင်ရွက်ခဲ့သည်။

အမှုမှတရားခံများအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက မြို့ပေါ်ရပ်ကွက်များအတွင်း လှည့်ကင်း၊ ပတ်ကင်းများဖြင့် စုံစမ်းရှာဖွေခြင်း၊ မြို့ဝင်၊ မြို့ထွက် စစ်ဆေးရေးဂိတ်များမှ ပိတ်ဆို့စစ်ဆေးရှာဖွေခြင်းများဆောင်ရွက်ခဲ့ရာ "ချိုချို" စိန်ရွှေရတနာဆိုင်ကို သေနတ်ဖြင့်ပစ်ခတ်ခြိမ်းခြောက်၍ ရွှေထည်ပစ္စည်းများ လုယက်မှုကျူးလွန်ခဲ့သူ တရားခံ အောင်ဇော်ထွန်း ၄၉ နှစ် (ဘ)ဦးမြသောင်း၊ အောင်မြေသိမ်ကုန်းရပ်ကွက် မင်းဘူးမြို့နယ်နေသူကို ယင်းနေ့ ည ၇ နာရီခွဲတွင် မကွေးမြို့နယ် ယင်းဆိပ်စစ်ဆေးရေးဂိတ်၌ ၎င်းစီးနင်းလာသည့် NewAnbo 125 အမျိုးအစားအနက်ရောင်ဆိုင်ကယ်တစ်စီးနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံအောင်ဇော်ထွန်း၏ ထွက်ဆိုချက်အရ ၎င်းနှင့်အတူ အောင်မင်းသူ(ခ)မိုးသန်း ၃၄ နှစ် (ဘ)ဦးခင်မောင်ဦး ရွှေပြည်သာမြို့နယ် ရန်ကုန်တိုင်းဒေသကြီးနေသူတို့ နှစ်ဦးသည် "ချိုချို" စိန်ရွှေရတနာဆိုင်ကို သေနတ်ဖြင့် ပစ်ခတ်ခြိမ်းခြောက်၍ ရွှေထည်ပစ္စည်းများကို လုယက်ယူဆောင်ခဲ့ပြီး လုယက်ယူဆောင်လာသည့် ရွှေထည်ပစ္စည်းများအား ရှားပင်လုကျေးရွာအနီးရှိ လျှိုတစ်ခုအတွင်း၌ ဝှက်ထားခဲ့ကြောင်း သိရှိရသဖြင့် နိုဝင်ဘာ ၂၉ ရက် နံနက် ၄ နာရီတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်ရှာဖွေခဲ့ရာ အဆိုပါနေရာတွင် အနက်ရောင် ဘေးလွယ်အိတ်အတွင်းမှ ရွှေဆွဲကြိုး ၁၈ ကုံး၊ ရွှေကလစ် ငါးခုနှင့် အခင်းဖြစ်စဉ်အသုံးပြုခဲ့သည့် GLOCK 19 အမျိုးအစားပစ္စတိုသေနတ် တစ်လက်၊ ကျည်အိမ် နှစ်ခု၊ ၎င်းကျည် ၁၁ တောင့်တို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့ပြီး ထွက်ပြေးတိမ်းရှောင်လျက်ရှိသည့် တရားခံ အောင်မင်းသူ(ခ)မိုးသန်းကို နိုဝင်ဘာ ၂၉ ရက် ည ၇ နာရီခွဲတွင် ပဲခူးတိုင်းဒေသကြီး ပြည်မြို့ ရွှေဆံတော်ဘုရားပေါ်ရှိ ကျားပျံဓမ္မာရုံ၌ ထပ်မံဖမ်းဆီးရမိခဲ့သည်။

တရားခံ အောင်ဇော်ထွန်းနှင့် အောင်မင်းသူ(ခ)မိုးသန်းတို့ နှစ်ဦးကို ထပ်မံစစ်ဆေးချက်အရ လုယက်မှုကျူးလွန်စဉ် ပစ်ခတ်သုံးစွဲခဲ့သည့် GLOCK 19 အမျိုးအစားပစ္စတိုသေနတ်နှင့် ကျည်အိမ် နှစ်ခု၊ ၎င်းကျည် ၁၄ တောင့်ကို တရားခံအောင်ဇော်ထွန်းက လွန်ခဲ့သည့် ၂၀၂၁ ခုနှစ်အတွင်း ကရင်ပြည်နယ် မြဝတီမြို့နယ်တွင် သွားရောက်အလုပ်လုပ်ကိုင်စဉ် အမျိုးသားတစ်ဦး(စိစစ်ဆဲ)ထံမှ ငွေကျပ် ၂၅ သိန်းဖြင့် ဝယ်ယူခဲ့ခြင်းဖြစ်ကြောင်း၊ "ချိုချို"စိန်ရွှေရတနာဆိုင်အားလုယက်မှုကျူးလွန်ရန် ၎င်းတို့နှစ်ဦးသည် လုယက်မှုမကျူးလွန်မီနှစ်ရက်ခန့်ကြိုတင်၍ စိန်ရွှေရတနာဆိုင်၏ရောင်းချနေမှုအခြေအနေနှင့် လူဝင်၊ လူထွက် အခြေအနေများကို စောင့်ကြည့်ခဲ့ကာ လုယက်မှုကျူးလွန်ရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖြစ်စဉ်တွင် သေနတ်ဖြင့်ပစ်ခတ်ခြိမ်းခြောက်၍ ရွှေထည်ပစ္စည်းများ လုယက်မှုကျူးလွန်ခဲ့သူ တရားခံ အောင်ဇော်ထွန်းနှင့် အောင်မင်းသူ(ခ)မိုးသန်းတို့နှစ်ဦးကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိပြီး အလားတူဒုစရိုက်မှုများ ကျူးလွန်နိုင်မှုမရှိစေရေး မိဘပြည်သူများအနေဖြင့် ဒုစရိုက်သမားများ၏ လှုပ်ရှားသွားလာမှုများကိုသိရှိပါက နီးစပ်ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များထံ အသိပေးသတင်းပေးပို့ တိုင်ကြားနိုင်ကြောင်းနှင့် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။ (ဗဟ)

# ဘရာဇီးနိုင်ငံတွင် မိုးခေါင်ရေရှားမှုနှင့် အပူချိန်မြင့်တက်မှုကြောင့် ကော်ဖီဈေးနှုန်းများ မြင့်တက်လာ



**ဘရာဇီးလီးယား နိုဝင်ဘာ ၃၀**

ဘရာဇီးနိုင်ငံတွင် မိုးခေါင်ရေရှားမှုနှင့် အပူချိန်မြင့်တက်မှုကြောင့် ကော်ဖီဈေးနှုန်းများ မြင့်တက်လာကြောင်း ဘရာဇီး ကော်ဖီစိုက်ပျိုးသူများက ပြောကြားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ကာလရှည် မိုးခေါင်ရေရှားမှုနှင့် အပူချိန်မြင့်တက်မှုကြောင့် ဘရာဇီးကော်ဖီစိုက်ပျိုးသူများသည် ယခုနှစ်ကော်ဖီသီးနှံများ ရိတ်သိမ်းချိန်၌ အထွက်နှုန်းကျဆင်းခဲ့ကြောင်း၊ ထို့ပြင် ကော်ဖီအရည်အသွေးလည်း အနည်းငယ်ကျဆင်းခဲ့သောကြောင့် ငွေကြေးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း ကော်ဖီကုန်သည်များကပြောကြားခဲ့သည်။

လက်ရှိတွင် ကော်ဖီစေ့ တစ်ပေါင်လျှင် အမြင့်ဆုံးအမေရိကန်ဒေါ်လာ ၃ ဒသမ ၃ ဒေါ်လာရှိကြောင်း၊ ယခင် ဈေးနှုန်းဖြစ်သော ၃ ဒသမ ၁ ဒေါ်လာနှင့် နှိုင်းယှဉ်ပါက ၁ ဒသမ ၅ ရာခိုင်နှုန်းဈေးနှုန်း မြင့်တက်ခဲ့ကြောင်း သိရသည်။

ဘရာဇီးနိုင်ငံထုတ်ကော်ဖီစေ့များသည် ကော်ဖီစိုက်ပျိုးသူများကြားတွင် အရည်အသွေးကောင်းမွန်သဖြင့် နာမည်ကျော်ကြားကြောင်း၊ သို့သော် ယခုကဲ့သို့ရာသီဥတုဖောက်ပြန်မှုက ကော်ဖီအရည်အသွေး ကျဆင်းစေသည့်အတွက် ဘရာဇီးကော်ဖီစိုက်ပျိုးသူများနှင့် ကော်ဖီတင်ပို့ဖြန့်ဖြူးသူများတွင် နစ်နာဆုံးရှုံးမှုများဖြစ်ပေါ်စေခဲ့ကြောင်း၊ ထို့ပြင် ကော်ဖီသောက်သုံးသူများလည်း ဈေးကြီးပေးဝယ်ယူနေရကြောင်း သိရသည်။

Ref : Russia Today

Trs : KZ

# အနောက်ဩစတြေးလျပြည်နယ် ကမ်းခြေဒေသများတွင် တောမီးလောင်ကျွမ်းမှုကြောင့် ဒေသခံတချို့ ဘေးလွတ်ရာရွှေ့ပြောင်းရန်ထုတ်ပြန်

**ကင်ဘာရာ နိုဝင်ဘာ ၃၀**

ဩစတြေးလျနိုင်ငံအနောက် ဩစတြေးလျပြည်နယ် ကမ်းခြေဒေသများအနီးတွင် နိုဝင်ဘာ ၂၈ ရက်က တောမီးလောင်ကျွမ်းမှုဖြစ်ပေါ်နေပြီး လူနေအိမ်များကို ခြိမ်းခြောက်နိုင်သည့်အတွက် ဒေသခံများကို ဘေးလွတ်ရာရွှေ့ပြောင်းရန် ဩစတြေးလျအရေးပေါ် စီမံခန့်ခွဲရေးအဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်ဟု နိုဝင်ဘာ ၂၉ ရက်သတင်းများအရ သိရသည်။

တောမီးအန္တရာယ်ခြိမ်းခြောက်ခံနေရသည့် ဧရိယာများမှာဝက်ချ်ကျွန်း၊ ဂရေးနယ်မြေ၊ ကာဗန်တက်စ်နယ်မြေ၊ နမ်ဘန်နယ်မြေနှင့် ကိုးဂျာလိုနယ်မြေ တို့ဖြစ်ကြောင်း၊ ဘေးလွတ်ရာရွှေ့ပြောင်းရန် ညွှန်ကြားချက်ရသည့် ဧရိယာအတွင်းနေထိုင်သော ဒေသခံများအနေဖြင့် ချက်ချင်းရွှေ့ပြောင်းရန်လိုအပ်ပြီး မရွှေ့ပြောင်းပါက အန္တရာယ်ရှိသည့် အခြေအနေဖြစ်ကြောင်း၊ တောမီးသည် ဝက်ချ်ကျွန်းရှိ တံငါသည်ရွာများကို အဓိက ကူးစက်လောင်ကျွမ်းနိုင်သည့် အခြေအနေဖြစ်ပြီး လက်ရှိ တောမီး လောင်ကျွမ်းနေသည့် ဧရိယာဖြင့် နီးကပ်စွာနေထိုင်သည့် ဒေသခံ ဦးရေ ၄၀ ထက် မနည်းရှိနေကြောင်း အရေးပေါ်စီမံခန့်ခွဲရေးအဖွဲ့အစည်းက သတိပေးချက် ထုတ်ပြန်ခဲ့သည်ဟု သိရသည်။

"တောမီးလောင်ကျွမ်းနေတဲ့ ဧရိယာနဲ့ နီးကပ်စွာနေထိုင်တဲ့ ဒေသခံတွေအနေနဲ့ ဘေးလွတ်ရာကို အမြန်ဆုံးရွှေ့ပြောင်းကြပါ။ အသက်အန္တရာယ်ခြိမ်းခြောက်နိုင်တဲ့အခြေအနေဖြစ်ပါတယ်။ အသက်အန္တရာယ်မရှိစေဖို့အတွက် အမြန်ဆုံး ရွှေ့ပြောင်းပြီး ယာယီရှောက်ဖျင်တဲတွေကိုလဲတစ်ပါတည်းယူဆောင်သွားကြပါ"ဟု အရေးပေါ်စီမံခန့်ခွဲရေးအဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today

Trs : Sai Sat

# မလေးရှားနိုင်ငံတွင် ရေကြီးရေလျှံမှုကြောင့် ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရသူ ၆၀၀၉၉ ဦးထက်မနည်းရှိနေ

**ကွာလာလမ်ပူ နိုဝင်ဘာ ၃၀**

မလေးရှားနိုင်ငံ အရှေ့ဘက်ပိုင်းနှင့် မြောက်ဘက်ပိုင်းပြည်နယ်တချို့တွင် ရေကြီးရေလျှံမှုဖြစ်ပွားနေပြီး ရေကြီးရေလျှံမှုကြောင့် ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရသူ ၆၀၀၉၉ ဦးထက်မနည်း ရှိနေပြီဖြစ်ကြောင်း မလေးရှားဝန်ကြီးချုပ် အန်ဝါအီဗရာဟင်က ပြောကြားခဲ့သည်ဟု နိုဝင်ဘာ ၂၉ ရက် သတင်းများအရ သိရသည်။

ရေဘေးအန္တရာယ်ဖြင့် အဆိုးရွားဆုံး ရင်ဆိုင်နေရသည့် ပြည်နယ်မှာ ကီလန်တန်ပြည်နယ်ဖြစ်ပြီး ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရသူ ၆၀၀၉၉ ဦးအနက် ၄၉၀၄၈ ဦးမှာ ကီလန်တန်ပြည်နယ်မှ ဖြစ်ကြောင်း၊ နိုဝင်ဘာလ ပထမပတ်မှစတင်၍ ရေကြီးရေလျှံမှုများစတင်ဖြစ်ပေါ်နေပြီး နိုဝင်ဘာ ၂၈ ရက်တွင် ရေကြီးရေလျှံမှုမှာ အန္တရာယ်ရှိလာသည့်အတွက် ဒေသခံများကို ဘေးလွတ်ရာရွှေ့ပြောင်းရန် ညွှန်ကြားခဲ့ခြင်းဖြစ်ပြီး National Disaster Management Agency ကလည်း ပြည်နယ်အလိုက်မှ အေဂျင်စီများကို ရေဘေးဒဏ်သင့်ပြည်သူများအတွက် ယာယီကယ်ဆယ်ရေးစခန်းများ ဆောက်လုပ်ကာ အမြန်ဆုံးနေရာချပေးထားရန် ညွှန်ကြားထားကြောင်း သိရသည်။

"နှစ်စဉ် နိုဝင်ဘာလကနေ မတ်လထိက မိုးရာသီဖြစ်တဲ့အတွက် မိုးရာသီရောက်တိုင်း ရေဘေးအန္တရာယ်နဲ့ ရင်ဆိုင်နေရတယ်။ လက်ရှိမှာတော့ ပြည်နယ်တချို့ ရေဘေးအန္တရာယ်တွေနဲ့ ရင်ဆိုင်နေရတယ်။ ရေဘေးသင့်ပြည်သူတွေကို ကီလန်တန်ပြည်နယ်၊ တာရန်ဂါနူပြည်နယ်၊ ကီဒါပြည်နယ်၊ ပါလစ်ပြည်နယ်၊ ဂျာဟိုးပြည်နယ်နဲ့ ပီရက်ခ်ပြည်နယ်တို့မှာ ယာယီကယ်ဆယ်ရေးစခန်း ၃၂၂ ခု တည်ဆောက်ပြီး ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရသူတွေကို နေရာချပေးထားပါတယ်"ဟု National Disaster Management Agency မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Sputnik News

Trs : Sai Sat



# အင်ဒိုနီးရှားနိုင်ငံမြောက်ပိုင်း ဆူမတြားပြည်နယ်တွင် ရေကြီးမှုနှင့် မြေပြိုမှုများကြောင့် သေဆုံးသူ ၂၇ ဦးထိ ရှိလာ

**ဂျကာတာ နိုဝင်ဘာ ၃၀**

အင်ဒိုနီးရှားနိုင်ငံ မြောက်ပိုင်း ဆူမတြားပြည်နယ်တွင် နိုဝင်ဘာ ၂၄ ရက်က စတင်ဖြစ်ပေါ်ခဲ့သော မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် ရုတ်တရက် ရေကြီးမှုနှင့် မြေပြိုမှုများ ဖြစ်ပွားခဲ့ပြီး သေဆုံးသူ ဦးရေသည် နိုဝင်ဘာ ၂၈ ရက်တွင် ၂၇ ဦးထိ ရှိလာကြောင်း အင်ဒိုနီးရှား သဘာဝဘေးအန္တရာယ်အေဂျင်စီက ထုတ်ပြန်ခဲ့သည်ဟု နိုဝင်ဘာ ၂၉ ရက် သတင်းများအရ သိရသည်။

မြောက်ပိုင်း ဆူမတြားပြည်နယ်ရှိ ဒီလီဆာဒန်ရီဂျင်စီရွာတွင် နိုဝင်ဘာ ၂၈ရက်က မြေပြိုမှု ဖြစ်ပွားခဲ့ရာလမ်းပေါ်တွင် သွားနေသော မီနီဘတ်စ်နှင့် အခြားမော်တော်ယာဉ်များပိမိကာ လူခုနစ်ဦး ထပ်မံသေဆုံးခဲ့သဖြင့် သေဆုံးသူဦးရေသည် ၂၇ ဦးထိ ရှိလာပြီး ထိခိုက်ဒဏ်ရာရသူဦးရေ ၂၀ ရှိခဲ့ကြောင်း၊ ကယ်ဆယ်ရေးအဖွဲ့များက မြေပြိုကျမှုကြောင့် လမ်းပေါ်တွင် ပိတ်မိနေသူများ အပါအဝင် ပျောက်ဆုံးနေသူများကို ရှာဖွေကယ်ဆယ်ရေးများ ပြုလုပ်နေကြောင်း မြောက်ဆူမတြားပြည်နယ် ရဲတပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ ဟာဒီက ပြောကြားခဲ့သည်။

လက်ရှိတွင် ရုတ်တရက် ရေကြီးမှုနှင့်မြေပြိုမှုကြောင့် မြောက်ပိုင်း ဆူမတြားပြည်နယ်ရှိ အိမ်များ၊ ဗလီများနှင့် စပါးခင်းများ ပျက်စီးခဲ့ရကြောင်း၊ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ပြည်နယ်မြို့တော် မီဒန်တွင် ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့ကြောင်း၊ အင်ဒိုနီးရှားနိုင်ငံတွင် အပူပိုင်းကျွန်းစုတစ်လျှောက် မိုးရွာသွန်းမှုတိုးလာခြင်းကြောင့် ပြင်းထန်သော ရာသီဥတုဖြစ်သော လာနီညာဖြစ်စဉ်သည် ယခုနှစ်ကုန်ပိုင်းထိ ဖြစ်လာနိုင် ဖွယ်ရှိသည်ဟု နိုင်ငံ၏ မိုးလေဝသအေဂျင်စီက သတိပေးထားကြောင်း သိရသည်။

Ref : Sputnik News

Trs : KZ

# အင်္ဂလန်နိုင်ငံ တွိုင်းဖို့ဒ်ဒေသတွင် ဆိုလာစွမ်းအင်တည်ဆောက်မည့်စီမံကိန်းကို ခွင့်ပြု

**လန်ဒန် နိုဝင်ဘာ ၃၀**

အင်္ဂလန်နိုင်ငံ ဘက်ရှိုင်းယားကောင်တီ တွိုင်းဖို့ဒ်ကျေးလက်ဒေသအနီးတွင် ဆိုလာစွမ်းအင်တည်ဆောက်သွားမည့် စီမံကိန်းကို အင်္ဂလန်သဘာဝပတ်ဝန်းကျင်အေဂျင်စီက ခွင့်ပြုလိုက်ပြီဖြစ်ကြောင်း ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

အဆိုပါ ဆိုလာစွမ်းအင် စီမံကိန်းကို ဧက ၄၀ ထိ တည်ဆောက်သွားမည်ဖြစ်ကြောင်း၊ ရေကြီးရေလျှံမှုပြဿနာများဖြင့် ရင်ဆိုင်ရနိုင်ကြောင်းသုံးသပ်ချက်များ ထွက်ပေါ်နေသော်လည်း အင်္ဂလန်နိုင်ငံအတွက် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ရုပ်ကြွင်းလောင်စာအသုံးပြုမှုကို လျှော့ချနိုင်ရန် လိုအပ်သည့်အတွက် ဆိုလာစွမ်းအင်စီမံကိန်းကို အမြန်ဆုံး တည်ဆောက်သွားမည်ဖြစ်ကြောင်း စီမံကိန်းဆောက်လုပ်ခွင့်ရရှိထားသည့် Noventum Power ကုမ္ပဏီက ထုတ်ပြန်ခဲ့သည်။

ဆိုလာစွမ်းအင် စီမံကိန်းတည်ဆောက်ရေးအတွက်လည်း လွှတ်တော်တွင် မဲပေးအတည်ပြုခဲ့ခြင်းဖြစ်ပြီး တည်ဆောက်သွားမည့်စီမံကိန်းနေရာရှိ စိုက်ပျိုးရေးနယ်မြေများကို ထိခိုက်စေနိုင်သကဲ့သို့ ရေကြီးရေလျှံမှုများဖြစ်ပေါ်လာနိုင်သည့် အခြေအနေကိုလည်း ထည့်သွင်းစဉ်းစားသွားသင့်ကြောင်း ဘက်ရှိုင်းယားကောင်တီမှ လွှတ်တော် အမတ်တစ်ဦးဖြစ်သူ အက်ဝက်ဒ်က ပြောကြားခဲ့သည်။

စီမံကိန်းတည်ဆောက်မည့်နေရာသည် ကုန်းနိမ့်ပိုင်းဖြစ်သည့်အတွက် မိုးရာသီတွင် အနီးပတ်ဝန်းကျင်ရှိ လူနေအိမ်များအတွက် ရေဘေးအန္တရာယ် ရင်ဆိုင်ရနိုင်သော်လည်း ဆိုလာစွမ်းအင်စီမံကိန်းကိုအောင်မြင်စွာတည်ဆောက်နိုင်ပါက လူနေအိမ်ပေါင်း ၄၀၀၀ ကျော်ကို လျှပ်စစ်စွမ်းအင် အပြည့်အဝ ပေးနိုင်မည်ဖြစ်သည်ဟု Noventum Power ကုမ္ပဏီက ရှင်းလင်းချက်ထုတ်ပြန် ခဲ့ကြောင်း သိရသည်။

Ref : Russia Today


Trs : Sai Sat

သစ်ပင်စိုက်ပါ တို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

ဝတ္ထုတိုကဏ္ဍ

# ဒီဘဝ ဒီမျှနဲ့ ကျေနပ်နေပါတယ်

ထွန်းလှိုင် (မြိုင်)



**ယမန်နေ့မှ အဆက်**

''အခြား မဟုတ်ဘူးဆရာ။ မြို့နယ်စာကြည့်တိုက်ဖွင့်လှစ်ဖို့ ဥက္ကဋ္ဌဆီ စာရောက်တယ်တဲ့။ အဲဒါ ဆရာကျော်နဲ့ ရွာမိရွာဖတွေ တိုင်ပင်ကြဖို့ ဥက္ကဋ္ဌကြီး အခေါ်ခိုင်းလို့ပါ''

ဆရာကျော် စိတ်ပေါ့သွားတယ်။ ကိုယ့်အပူကိုယ်ပဲသိတယ်။ ဆရာကျော်နဲ့ ကိုသိန်းဖေ ဥက္ကဋ္ဌအိမ်ရောက်တော့ လူစုံနေပြီ။ မလှမယ်တို့ အမျိုးသမီးအဖွဲ့လဲ ရောက်နေကြပြီ။ မလှမယ်နဲ့ မိပြူး လက်တို့ပြီး ပြောနေကြတယ်။ ကိုသိန်းဖေ အကြောင်းလား။ ကိုယ့်အကြောင်းလား မသိ။ ဆရာကျော် စိတ်မလုံမလဲဖြစ်နေတယ်။ ဥက္ကဋ္ဌကြီးက ကျေးရွာစာကြည့်တိုက် ဖွင့်လှစ်ဖို့ ဆွေးနွေးတယ်။ ဘကြီးသာတင့်က သူ့တင်းကုပ်ကို ကာပေးမယ် ပြောတယ်။ စားပွဲ၊ ကုလားထိုင်တွေက ရွာမိရွာဖတွေ တာဝန်ယူမယ် ပြောတယ်။ ကိုသိန်းဖေတို့ လူငယ်အဖွဲ့နဲ့ မလှမယ်တို့ အမျိုးသမီးအဖွဲ့ စာအုပ်စင်တစ်ခုစီ တာဝန်ယူဖို့နဲ့ ဆရာကျော်က စာအုပ်ရရှိရေး တာဝန်ယူလိုက်တယ်။ တစ်လအတွင်းမှာပဲ စာကြည့်တိုက်ဖွင့်လှစ်နိုင်ခဲ့တယ်။ ကျွန်းချောင်းရွာ ဘဝအလင်းရောင် စာကြည့်တိုက်ဖွင့်ပွဲအပြီးမှာ ဖိတ်ကြားထား သူတွေ အသီးသီးပြန်ကုန်ကြပြီ။ ဆရာကျော်ကတော့ တစ်ယောက်တည်း စာအုပ်စာရင်းတွေ လုပ်ရင်း ကျန်ခဲ့တယ်။

''ဘယ်လိုလဲ မလှမယ်။ ကျုပ်ကို အဖြေမပေးသေးဘူးလား။ မိဘတွေ သဘောတူပြီးသားဆိုတော့ ကျုပ်ကတော့ မလှမယ်နဲ့ လက်ထပ်ချင်ပြီဗျာ''

''ဖြည်းဖြည်းပေါ့ ကိုသိန်းဖေရယ်။ လှမယ် စဉ်းစားပါရစေအုံး။ ကိုသိန်းဖေကို လှမယ် ငြင်းစရာမရှိပါဘူး။ မိဘတွေ ပေးစားလို့ ယူရမယ်ဆိုတိုင်း အချစ်မပါတဲ့ အိမ်ထောင်ရေးတော့ လှမယ် အဖြစ်မခံနိုင်ပါဘူး''

''ဒါဆိုလဲ မြန်မြန်စဉ်းစားပါဟာ။ ဝါမဝင်ခင် အဖေတို့က မင်္ဂလာဆောင်ပေးချင်တာ''

စာကြည့်တိုက်ရဲ့ အနောက်ဘက်မှာ ကျွေးမွေးပြီးတဲ့ ပန်းကန်တွေသိမ်းရင်း ကိုသိန်းဖေနဲ့ မလှမယ်တို့ရဲ့ စကားပြောသံကို ဆရာကျော် ကြားနေရတယ်။ ဆရာကျော် စာအုပ်စာရင်းတွေ ဆက်မလုပ်နိုင်တော့။ ရည်းစား လူလု အူနုကျွဲခတ်သလို နေမထိထိုင်မသာဖြစ်နေတော့တယ်။ ဆရာကျော် စားပွဲထိုင်ပြီး အတွေးတွေလွန်နေတယ်။

''ဘာတွေစဉ်းစားလွန်နေတာလဲ ဆရာကျော်ရယ်။ လူတစ်ယောက်လုံးဝင်လာတာတောင် မသိရအောင်''

''ဘာ ဘာ ဘာမှ မဟုတ်ပါဘူး။ စာအုပ်ဆက်အလှူခံဖို့အတွက် သူငယ်ချင်းတွေကိုစဉ်းစားနေတာပါ''ဟုဆရာကျော် မုသားသုံးလိုက်ပြီ။

''ဆရာကျော်ကို တစ်ခုလောက် အကူအညီတောင်းချင်တယ်ဗျာ''

''ဆို ကိုသိန်းဖေ၊ ကျွန်တော် ဘာကူညီပေးရမတုံး''

''ဒီလိုပါ ဆရာရယ်။ ကျွန်တော်နဲ့ လှမယ်လက်ထပ်ဖို့ မိဘတွေ သဘောတူထားကြတယ်။ အဲဒါလက်ထပ်ဖို့ပြောတိုင်း လှမယ်က ဖြည်းဖြည်းပေါ့၊ စဉ်းစားပါရစေအုံးဆိုတဲ့ အဖြေတွေပဲ ပေးနေတယ်။ ဆရာနဲ့ လှမယ်လဲ ဆရာတပည့်လို ရင်းနှီးနေကြတာဆိုတော့ လှမယ်ကို နားချပေးပါအုံး ဆရာကျော်ရယ်။ ကြာရင် ကျွန်တော် ရူးရတော့မယ်ဗျ''

ဆရာကျော် အသည်းကို လှံနဲ့ အထိုးခံလိုက်ရပြီ။ ကိုယ့်ချစ်သူကို အောင်သွယ်ခိုင်းနေပြီ။ ကိုသိန်းဖေ ဆရာကျော့်အဖြစ်ကို တကယ်မသိလို့လား။ သိနေလို့များလား။ တမင်ပြောနေသလား ဝေခွဲမရ။ ကိုသိန်းဖေ မလှမယ်ကို လက်ထပ်ဖို့ နားပူနားဆာ လုပ်နေတာလဲ မလှမယ် ပြောပြလို့ သိခဲ့ပြီ။

''ဗျာ ဘယ်လို ကိုသိန်းဖေ''

''လှမယ်ကို ဆရာကျော် နားချပေးဖို့ ပြောတာပါဆရာ''

''ကျွန်တော် နားချလို့ လက်ခံရင် တော်ပါရဲ့ဗျာ။ လက်မခံရင် ကျွန်တော့်ကို အထင်အမြင်လွဲနေပါအုံးမယ် ကိုသိန်းဖေရယ်''

“ဆရာကျော်ပြောရင် ဖြစ်နိုင်ပါတယ်။ ကူညီပါအုံး။ မလှမယ်မှ မရရင် ကျွန်တော့်ဘဝ မျှော်လင့်ချက်တွေ ဆုံးရှုံးတော့မယ်ဆရာ"

ခက်ချေပြီ။ မရောင်းချင်ဘူးဟုဆိုချိန် ချိန်သာချိန် ဖြစ်နေပြီ။

''အေးပါဗျာ။ ဒီတစ်ခါတွေ့ရင် ပြောထားပေးပါ့မယ်''

မတတ်နိုင် စကားပြတ်ပြီးရော ပြောလိုက်ရတယ်။ ဆရာကျော့်ရင်ထဲ ဗလောင်ဆူနေတာ ကိုသိန်းဖေ သိမှသိပါလေစ။

ဆရာကျော်၊ ကိုသိန်းဖေတို့ လူငယ်အဖွဲ့၊ မလှမယ်တို့ အမျိုးသမီးအဖွဲ့၊ ရွာမိရွာဖများ ကျွန်းချောင်းဆည်ဖွင့်ပွဲအတွက် အလုပ်များနေကြတယ်။ မဏ္ဍပ်ဆောက်သူ၊ မုခ်ဦးဆောက်၊ အလံတိုင်ထူ၊ အခမ်းအနားအတွက် ပြင်ဆင်သူများ ပျားပန်းခပ်မျှ အလုပ်များနေကြတယ်။ ကိုသိန်းဖေတို့ ဒိုးပတ်ဝိုင်းက တညံညံ သီချင်းတိုက်ကြလို့ ရာအိမ်မှူးကိုတုတ်ကြီးက ညှော်ခံ ကျွေးမွေးချက်ပြုတ်ဖို့ စီမံနေကြတယ်။ မလှမယ်တို့က ညှော်ခံဖို့နဲ့ ဖဲကြိုးကိုင်လူရွေးနေကြတယ်။ ဆရာကျော်ကတော့ ဟိုနေရာလဲပါ၊ ဒီနေရာလဲပါနဲ့ မအားလပ်အောင် ဖြစ်နေတယ်။

''ဆရာကျော်ရေ ဖဲကြိုးကိုင်ဖို့ လူရွေးပေးပါအုံး။ မိန်းကလေး ၁၀ ယောက် စုထားတယ်။ တော်ကြာလှမယ်ရွေးပေးရင် မျက်နှာလိုက်ရာကျမှာ စိုးလို့ပါ"

''ဟာဗျာ မလှမယ်ပဲ ရွေးလိုက်ပါ။ ကျွန်တော် အလုပ်များနေလို့ပါ"

''ဘယ်ဖြစ်မလဲ ဆရာကျော်ရဲ့။ တော်ကြာ အချောအလှ မပါရင် ဆရာကျော်က လှမယ်ကို အပြစ်ပြောနေအုံးမယ်"

''မလှမယ်တို့က ချောပြီးသားပဲဗျာ''

''ဟာ ဆရာကျော်ကလဲ''

''ဒါဖြင့် ဒီလိုလုပ် ဖဲကြိုးကိုင်ခြောက်ယောက်ကို မလှမယ်က ဦးဆောင်လိုက်၊ နှစ်ယောက်ကို ဖဲကြိုးဖြတ်ဖို့ ကတ်ကြေးထည့် လင်ပန်းအကိုင်ခိုင်း၊ ကျန်နှစ်ယောက်ကို မြို့ကလူကြီးတွေအတွက် လန်းဆန်းကိုင်ခိုင်း၊ ဒါဆို ၁၀ ယောက်စလုံးပါရောပေါ့”

''ဒီအစီအစဉ်ကောင်းတယ် ဆရာကျော်။ လှမယ် မျက်နှာပူစရာ မလိုတော့ဘူး''

''ဩော်...လှမယ်ရေ၊ မိန်းကလေးတွေကို ရိုးရိုးယဉ်ယဉ်လေး ဝတ်ခိုင်းဗျာ။ ပဝါတွေလဲ ပါပါစေ"

''ဟုတ်ကဲ့ပါ ဆရာကျော်''

''ဟေ့... မိလှမယ်။ ညည်း ဆရာကျော်နဲ့ ဘာတွေ အကြည်ဆိုက်နေတာလဲ။ တို့ သိတယ်နော်။ လုပ်အားပေးတုန်းကလဲ တတွဲတွဲနဲ့ မဟုတ်မှလွဲရော"

''ဟာ မိပြူး နင်ထင်သလို မဟုတ်ပါဘူးဟဲ့။ ဖဲကြိုးကိစ္စ တိုင်ပင်တာပါဟယ်"

''အေးပါ အလုပ်ကိစ္စ၊ အလုပ်ကိစ္စဆိုပြီး အခြားကိစ္စရောက်သွားမှာစိုးလို့ပါ"

မလှမယ် ဘာမှ ပြန်မပြော။ ကျေနပ်နေမိတယ်။ တကယ်တော့ မလှမယ်လဲ ဆရာကျော်ကို မေတ္တာသက်ဝင်နေပြီ။ မဆွတ်ခင်က ညွတ်ချင်ပြီးသား။ ဆရာကျော့်အပြောကို မျှော်လင့်နေတာကြာခဲ့ပြီ။ ဒါပေမဲ့ ဆရာကျော် ဒီနေ့အထိ လှမယ်အပေါ် အေးတိအေးစက်နိုင်လွန်းတယ်။ အမှန်တကယ်တော့ ဆရာကျော့်အပူ မိလှမယ် မသိခဲ့လေသလား။

ကျွန်းချောင်းဆည်ဖွင့်ပွဲနေ့မှာတော့ တစ်ရွာလုံး ပျော်နေကြတယ်။ အသံချဲ့ စက်သံ၊ ဒိုးပတ်သံ စီစီညံလို့၊ ဆရာတော် ဦးဆောင်မှုနဲ့ လူကြီးတွေ မဏ္ဍပ်ထဲရောက်ကုန်ကြပြီ။ အခမ်းအနားမှူးရဲ့ အခမ်းအနားဖွင့်လှစ်ကြေညာအပြီးမှာတော့ လက်ခုပ်သံများ သောသောညံသွားတယ်။ သက်ဆိုင်ရာလူကြီးတွေ အသီးသီး အမှာစကားပြောပြီး ဖဲကြိုးဖြတ်ဖို့ မုခ်ဦးဆီလာနေကြပြီ။ မလှမယ်တို့ အချောအလှတွေက ဖဲကြိုးပူစီဖောင်းတွေကို အဆင်သင့် ကိုင်ထားကြတယ်။ တာဝန်ရှိသူတွေ ဖဲကြိုးဖြတ်ပြီး ဆည်ပေါင်ပေါ်ကို လမ်းလျှောက် သွားကြပြီ။ ဆရာကျော်နဲ့ မလှမယ်လဲ ဆည်ပေါင်ပေါ်အတူ လျှောက်နေကြတယ်။

အပြာရင့်ရောင်အင်္ကျီလက်ရှည်ရင်စေ့၊ ချိတ်ထဘီအပြာရင့်ပေါ် အဖြူစင်းကြိုးချိတ်၊ ပန်းနုရောင်တဘက်နဲ့ ဆံကေသာက တစ်ကိုယ်လုံး ဝဲဖြန့်ထားတဲ့ မလှမယ်ရဲ့ အလှက ပေါ်လွင်နေတယ်။ အပြုံးတွေ ကိုယ်စီနဲ့ ဆရာကျော်က–

''မလှမယ် ဒီနေ့ တော်တော်လှနေပါလား''

''သိပ်မြှောက်မနေနဲ့ ဆရာ။ တော်ကြာ လှမယ် ပူစီဖောင်းတွေနဲ့အတူ ကောင်းကင်ပေါ်ပါသွားလိမ့်မယ်''

''လှမယ် ပါသွားရင် ဆရာလိုက်ဖမ်းမှာပေါ့''

''တကယ်ပြောတာလား ဆရာ''

''နှစ်ကယ်ပြောတာပါ မလှမယ်။ ဟောဒီ ကျွန်းချောင်းဆည်ရဲ့ အလှနဲ့အတူ မလှမယ်ရဲ့ အလှကလဲ ဝင့်ကြွားနေတယ်။ ဆရာ့စိတ်ထဲမှာလဲ စွဲကျန်နေခဲ့မှာပါ''

ဆရာကျော်နဲ့ မလှမယ်တို့ကတော့ အပြုံးတွေ ကိုယ်စီနဲ့ပေါ့။ မမောနိုင်၊ မပန်းနိုင် ပျော်ရွှင်နေကြတဲ့ ဒိုးပတ်သံတွေ ဆည်မြောင်းချောင်းကန် ပြည့်လျှံဖြိုးအောင် စန္ဒရားလှထွတ်ရဲ့ တိမ်တမန်သီချင်းသံတွေက သောသောညံနေတယ်။ ဆရာကျော်နဲ့ မလှမယ်တို့ရဲ့ စကားသံတွေကတော့ သူတို့နှစ်ယောက်ပဲ ကြားနိုင်မယ်။

ကျွန်းချောင်းဆည်ဖွင့်ပွဲကြီး အောင်မြင်စွာဖွင့်လှစ်ပြီးခဲ့ပြီ။ တစ်နေကုန် ပင်ပန်းကြလို့ ကျွန်းချောင်းရွာတစ်ရွာလုံး အိပ်မောကျနေကြတယ်။ အိပ်မပျော်နိုင်သူနှစ်ယောက်ကတော့ ဆရာကျော်နဲ့ မလှမယ် အတွေးကိုယ်စီနဲ့ပေါ့။

''မိဘဆိုတာ သားသမီးကို ဆင်စီးမြင်းရံတာပဲ မြင်ချင်တာအေ့။ ဆင်နင်းမြင်းကန်တာတော့ ဘယ်မိဘမှ မမြင်ချင်ဘူး။ ညည်းဒီလိုနေရင် အရက်သမားနဲ့ရမလား။ ဖဲသမားနဲ့ ရမလား။ သူရင်းငှားနဲ့ ရမလား။ လက်ကြောမတင်းတဲ့ကောင်နဲ့ ရမလား။ ငါ့မှာဖြင့် ပူလိုက်ရတာ။ သိန်းဖေဆိုရင် မိဘတွေကလဲ ပြည့်စုံတယ်။ လယ်နဲ့ယာနဲ့။ နွားနဲ့။ အလုပ်ဆိုလဲ ကြိုးစားတယ်။ သူ့ခြေသူ့လက်နဲ့ လုပ်နေတာ။ ညည်း တစ်သက်လုံး ဘယ်တော့မှ မဆင်းရဲဘူး။ ဒီတော့ ငါစီစဉ်တာ မငြင်းပါနဲ့အေ"

မကြာခဏ နားချနေတဲ့ အမေ့အသံကိုလဲ မလှမယ် ကြားယောင်နေမိတယ်။ တကယ်တော့ မလှမယ် ကိုသိန်းဖေကို မောင်နှမအချစ်နဲ့ပဲ ချစ်ခဲ့တယ်။ ဆရာကျော်ကိုတော့ အိမ်မှာ အလှည့်ကျထမင်းကျွေးတဲ့ အချိန်ကစလို့ မေတ္တာသက်ဝင်ခဲ့တယ်။ ဆရာကျော်ရဲ့ တည်ငြိမ်မှု၊ လေးစားလောက်တဲ့ အရည်အချင်းနဲ့ သဘောထား၊ လူကြီးလူကောင်းဆန်မှုတွေက မလှမယ်အဖို့ တွယ်တာမြတ်နိုးစရာတွေ ဖြစ်နေတယ်။ ဆည်ဖွင့်ပွဲနေ့က ဆရာကျော်ရဲ့ ရေလာမြောင်းပေးစကားတွေက မလှမယ်အဖို့ အားတွေ

စာမျက်နှာ ၂၅ သို့ ➤

# မုံရွာမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၄၂၆၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**မုံရွာ နိုဝင်ဘာ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၄၂၆၃ ဧကထိ စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း မုံရွာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မုံရွာမြို့နယ်တွင် မြေပဲဧက ၆၈၅၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၄၂၆၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ မုံရွာမြို့နယ်မှာ မြေပဲဧက ၆၈၀၀ ကျော် စိုက်ပျိုးနိုင်ဖို့ လျာထားပါတယ်။ ဒီနေ့ထိဧက ၄၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ဆောင်ရွက်ပေးနေတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ အောင်မြင်ဖြစ်ထွန်းလျက်ရှိပါတယ်။ ဆီထွက်သီးနှံအနေနဲ့က အောင်မြင်တဲ့ အနေအထားမှာရှိပါတယ်။ မြေပဲ စိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက် တစ်နှစ် တိုးတက်လာပါတယ်"ဟု မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြသည်။

မုံရွာမြို့နယ်တွင် မြေပဲစိုက်ပျိုးရာတွင် တစ်ဧကလျှင် မျိုးတစ်တင်းခွဲ စိုက်ပျိုးရပြီး မျိုးစရိတ်၊ အလုပ်သမားခများနှင့်မြေဩဇာ၊ ပိုးသတ်ဆေးဖိုးများ အပါအဝင် ငွေကျပ် နှစ်သိန်းကျော်ကုန်ကျစရိတ်ရှိကြောင်းနှင့် တစ်ဧက စိုက်ပျိုးပါက တင်း ၅၀ ကျော် ထွက်ရှိကြောင်း မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ် ဦးစီးမှူး ဦးစိုးသက်အောင် ထံမှ သိရသည်။ (၂၀၆)

# ပင်းတယမြို့နယ် လယ်ပြင်ကျေးရွာ၌ ကျေးလက်ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုစစ်ဆေး

**ပင်းတယ နိုဝင်ဘာ ၃၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ်၊ လယ်ပြင်ကျေးရွာ၌ သန့်ရှင်းသော သောက်သုံးရေများ ရာသီမရွေးဖူလုံစွာရရှိရန်ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် ကျေးလက် ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို နိုဝင်ဘာ ၂၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ပင်းတယမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်နှင့် တာဝန်ရှိသူများက လယ်ပြင် ကျေးရွာတွင် ကျေးလက်နေ ပြည်သူများ သောက်သုံးရေများ အဆင်ပြေစွာ သုံးစွဲနိုင်ရေးအတွက် အရှည် ၁မိုင် ၄ဖာလုံ ရှိ စီမံမှံစမ်းရေ သွယ်ယူခြင်းလုပ်ငန်း၊ ရေမီတာ ရေပေးစနစ် တပ်ဆင်ခြင်းလုပ်ငန်း နှင့် ဂါလန် ၁၀၀၀၀ဆံ့ ရေစုကန် တည်ဆောက်ခြင်းနှင့် ဆက်စပ် လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှု စစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာရှိ ရေပေးဝေရေး ကော်မတီဝင်များနှင့် တွေ့ဆုံကာ လိုအပ်သည်များကို ဆွေးနွေး မှာကြားခဲ့သည်။

အဆိုပါ ကျေးလက်ရေရရှိရေး လုပ်ငန်းများနှင့် ဆက်စပ်လုပ်ငန်း များကို ပြည်ထောင်စုခွင့်ပြုရန်ပုံ ငွေကျပ် သိန်း ၄၅၀ အသုံးပြု၍ ပင်းတယမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန အင်ဂျင်နီယာ ဝန်ထမ်းများနှင့် ကျေးရွာသူ ကျေးရွာသားများ ပူးပေါင်း၍ ယခုနှစ် ဇူလိုင်လ ဒုတိယပတ်မှ စတင်အကောင် အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ အားလုံး ရာနှုန်းပြည့် ဆောင်ရွက် ပြီးစီးပြီဖြစ်ကြောင်း ပင်းတယ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန မြို့နယ် ဦးစီးမှူး ဦးအောင်ကျော်ထံမှ သိရသည်။ **ချိုသန်းညွန့်**

➤ **စာမျက်နှာ ၂၄ မှအဆက်**

ဖြစ်သလို မျှော်လင့်ချက်တွေလဲထားမိတယ်။ တစ်ချိန်မှာတော့ ပွင့်ပွင့်လင်းလင်း ချစ်ခွင့်တောင်းလာလိမ့်မယ်လို့ မလှမယ် မျှော်လင့်နေမိတယ်။

ကိုသိန်းဖေ မလှမယ်ကို လက်ထပ်ယူဖို့ အမျိုးမျိုးကြိုးစားနေမှန်း သိလျက်နဲ့ ဆည်ဖွင့်ပွဲနေ့က ဆရာကျော် မလှမယ်ကို တစ်စွန်းတစ်စ ရင်ဖွင့်ခဲ့တယ်။ နေမြင့်လေ အရှုးရင့်လေ ဆိုသလို ဆရာကျော့်အချစ်က မလှမယ်အပေါ်မှာ ပို၍ပို၍ များနေခဲ့ပြီ။ ကိုသိန်းဖေ ကိုယ်တိုင်ကလဲ မလှမယ်ကို နားချပေးဖို့ ပွင့်ပွင့်လင်းလင်း ဖွင့်ဟပြောဆိုထားတယ်။ ဆရာကျော်အနေနဲ့ ကျွန်းချောင်းကျေးရွာရဲ့ အများလေးစားမှုကို ခံထားရသူ၊ ရပ်ကျိုးရွာကျိုး သာရေးနာရေး၊ ဖွံ့ဖြိုးရေးလုပ်ငန်းတွေကို ကိုသိန်းဖေတို့အဖွဲ့နဲ့ အမြဲလိုလို ပူးပေါင်းလုပ်နေကြတာ။ မလှမယ်ကို ယူလိုက်ရင် မတရားရာ ကျမလား၊ တစ်ကိုယ်ကောင်း ဆန်လွန်းမလား။ မလှမယ်ကတော့ မဆွတ်ခင်က ညွတ်ချင်နေသူ။ ဆရာကျော် စဉ်းစားရကျပ်နေပြီ။ ရင်ထဲမှာ မွန်းကျပ်နေပြီ။ အချစ်နဲ့စစ်မှာ မတရားတာ မရှိဘူး ဆိုပေမဲ့ ဆရာကျော်အဖို့ ဆုံးဖြတ်ချက်ချဖို့ခက်နေပြီ။ ဆရာကျော် မလှမယ်ကိုလက်ထပ်ယူလိုက်ရင်များ ကိုသိန်းဖေတစ်ယောက်ပျက်စီး လေလွင့်သွားမလား။ ကျေးရွာအတွက် အကျိုးဆောင်လုပ်ငန်းတွေ နောက်ကျသွားမလား။ ကိုသိန်းဖေ ဖွင့်ပြောထားလျက်နဲ့ လုပ်ရက်လေ ဆရာကျော်ရယ်ဆိုပြီး အာဃာတအငြိုးကြီးက အရိပ်မည်းသဖွယ် လိုက်နေမလားစသည့် လားပေါင်းများစွာနဲ့ ဒွိဟဖြစ်နေတဲ့ ဆရာကျော်။ အခုတော့ ဆုံးဖြတ်ချက်တစ်ခု အခိုင်အမာချလိုက်နိုင်ခဲ့ပြီ။ ယခု လစာထုတ် မြို့ကိုသွားရင် ပညာရေးမှူးအုပ်ကို တင်ပြပြီး အခြားတစ်ရွာကိုပြောင်းဖို့ ဆုံးဖြတ်ချက်ချလိုက်ပြီ။

ဆရာကျော် ကျွန်းချောင်းကျေးရွာ မူလတန်းကျောင်းက ပြောင်းရွှေ့ရတော့မယ်ဆိုတော့ ကြိတ်မနိုင်ခဲမရ ဝမ်းနည်းကြေကွဲမှု ခံစားရမိတယ်။ ဆရာကျော်ချစ်တဲ့ ကျွန်းချောင်းမူလတန်းကျောင်းနဲ့ သူ့တပည့်တွေ၊ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းတွေ တပူးတွဲတွဲလုပ်ခဲ့တဲ့ ကိုသိန်းဖေ၊ ကိုတင်မြ၊ ကိုဖိုးစီတို့ လူငယ်တစ်သိုက်၊ ကျွန်းချောင်းဆည်နဲ့ ရွာသူ၊ ရွာသားတွေ၊ သူပြုစုပျိုးထောင်ခဲ့တဲ့ ဘဝအလင်းရောင်စာကြည့်တိုက်၊ အထီးကျန်ဘဝကို စိုပြည်စေခဲ့တဲ့ သူ့ချစ်သူ မလှမယ်တို့ကို ခွဲခွာသွားရမှာ ပူဆွေးသောကရောက်စေခဲ့တယ်။ နောက်ဆုံး ဆရာကျော် နှုတ်ဆက်ပွဲမှာ ရွာဦးကျောင်းဆရာတော်၊ ရပ်မိ၊ ရပ်ဖများ၊ ကိုသိန်းဖေတို့တစ်တွေ၊ ကျောင်းအုပ်ကြီးနဲ့ သူ့တပည့်တွေ ဝမ်းနည်းပက်လက် ဖြစ်နေကြတယ်။ မထွေးနိုင်မအံနိုင် ကျိတ်ပြီး ခံစားနေရတဲ့ မျက်ဝန်းမှာ မျက်ရည်အပြည့်နဲ့ မလှမယ်ရဲ့ မျက်နှာကို ဆရာကျော် ဘယ်လိုမှ မကြည့်ရက်။ ကိုယ့်အပူ လူသိမှာလဲစိုးလို့ အံကြိတ်ပြီး ခံစားခဲ့ရတယ်။

ဆရာကျော် ကျွန်းချောင်းကျေးရွာ မူလတန်းကျောင်းကနေ နတ်မောက်မြို့နယ် ယင်းချောင်းဘေးက လင်းဒလူးကျေးရွာ မူလတန်းကျောင်းမှာ ဇာတ်မြှုပ်နေလိုက်ရပေမဲ့ ကျွန်းချောင်းကျေးရွာနဲ့ မလှမယ်ကို ဘယ်တော့မှမမေ့ခဲ့။ နှစ်နှစ်လောက် အကြာမှာတော့ ကိုသိန်းဖေနဲ့ မလှမယ်တို့ လက်ထပ်လိုက်တဲ့သတင်းကို မြို့ကို လစာလာထုတ်ရင်း ကျွန်းချောင်းရွာမူလတန်းကျောင်းက ဆရာတစ်ယောက် ပြောလို့ သိခဲ့ရတယ်။ နဖူးစာရွာလည်လို့ ဆိုရိုးရှိခဲ့တယ်။ ဆရာကျော် အနေနဲ့တော့ နဖူးစာရွာကျော်သွားခဲ့တယ်။ အခြေအနေပေးလျက်နဲ့ အချစ်ဦးနဲ့ ဝေးခဲ့ရတယ်။ ကျွန်းချောင်းကျေးရွာ ကလေးတွေရဲ့ ပညာရေးဖွံ့ဖြိုး ရေးတွေ ဆောင်ရွက်ခဲ့ရလို့ ဆရာကျော်အဖို့ ဒီဘဝဒီမျှနဲ့ပဲ ကျေနပ်မိ တယ်။ လင်းဒလူးကျောင်းမှာ ကျောင်းအုပ်ထိ ရာထူးတိုးပြီး သောက အပူမီးမရှာတော့ဘဲ လူပျိုကြီးတစ်ကိုယ်တည်းပဲ မိဘအရိပ်မှာ ခိုလှုံရင်း နေခဲ့ပါတယ်။

## စုံသည် အချင်းလှ နတ်တော်လ

– စုံသည်အချင်းလှ
နတ်တော်လ တည်သည်ကို၊
ကောင်းကင်ရယ် မြေမဟီထွန်းတို့
ညွန်းဖွဲ့ စာဆို၊
ကောင်းကင်ကား အလင်းပို
လပြည့်လျှိုတဲ့ စန်းနက္ခတ်၊
မိဂသီ အမည်ထူးလို့
ကြည်နူး ရှုမပြတ်။

– ဟသ်ာသည် တာရာဖြစ်လို့
အလှသစ်တိုးလာ၊
မြင်းခြေနဲ့ လူသားရယ်က
လေးမြားကိုင်တာ၊
ပုံရိပ်တို့ ထင်ရှားကာ
ကောင်းကင်တစ်ဖြာ အလှတင့်၊
လှပတာ စုံကာကြွေးတာနဲ့
အချင်းများ ဆင့်။

– မြေမဟီနှင်းတို့ သက်ဆင်းလို့
မြောက်လေညင်းနဲ့ဆုံ၊
အေးမြသည် ဆင့်ကာပေါင်းတော့
ဆောင်းလ မည်ပုံ၊
ဟေမန္တ ရတုကြို
အလုံးစုံတယ် သဘာဝ၊
မြန်မာရယ် ပါဠိမှုရယ်က
ဓနု ခေါ်ကြ။

– ဂမုန်းရယ် သဇင်ပွင့်ပါလို့
စုံတင့်လှ အရောင်စုံ၊
ရနံ့လေးရယ် မွှေးသည်က
အေးကြည်ပျံ့ ထုံ၊
ကြည်နူးမှု ခံစားကြ
စုံလည်းစုံ နတ်တော်လ၊
သုံးရာသီ ရတုတွင်းရယ်က
ဆောင်း အချင်းကိုပြ။

– လူတို့သည် ကျင်းပခဲ့ကြတာက
ဟိုးရှေးက နတ်ပူဇော်၊
ယခုသော် စာဆိုကျင်းပါလို့
မြတ်ခြင်း ဂုဏ်ဖော်၊
ကုသိုလ်ပြုစုံသည်နော်
စာဆိုကျော် ဖော်သည့်ပွဲ၊
မြိုင်ဆိုင်စွာ ညီညွတ်ခြင်းရယ်နဲ့
လှအချင်း စုံပါသည်
ပုံပမာတည် ထူးရာ မပြတ်ပါတဲ့
ကျူးရာ ထပ်မြဲ
နှစ်တိုင်းဆင်နွှဲ။ ။

မောင်အောင်ဝေ(ညောင်ခြေထောက်)

# ကာကွယ်ရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်လာသော ဩစတြေးလျ-ဂျပန်-အမေရိကန်

ယူကရိန်းပဋိပက္ခနှင့် အရှေ့အလယ်ပိုင်းပဋိပက္ခတို့သည် ကမ္ဘာကြီးကိုခြွင်းချက်မရှိ အချိန်မရွေး စစ်ပွဲဖြစ်ပေါ်လာနိုင်ကြောင်း သတိပေးလျက်ရှိသည်။ သွေးမြေကျမည့် စစ်ပွဲများ ထပ်မံမဖြစ်ပေါ်စေရန် တားဆီးနိုင်ရေးသည် ပိုမိုအရေးပါလျက်ရှိသည်။ အထူးသဖြင့် မတော်တဆဖြစ်စဉ်များ ဖြစ်ပွားလေ့ရှိသည့် အင်ဒို-ပစိဖိတ်ဒေသတွင် စစ်ပွဲမဖြစ်ပွားရေး ဟန့်တားနိုင်ရန်သည်များစွာ အရေးပါလျက်ရှိသည်။

ဒေသတွင်းနိုင်ငံများ၏ ပူးပေါင်းကြိုးပမ်းမှုများကို စနစ်တကျစီမံထားနိုင်မည်ဆိုလျှင် အင်ဒို-ပစိဖိတ်ဒေသတွင် စစ်မက်ဖြစ်ပွားလာနိုင်မှုကို ဟန့်တားနိုင်မည်ဖြစ်သည်။ ဟန့်တားမှုအတွက် စုပေါင်းချဉ်းကပ်ခြင်းကို အမေရိကန်၊ ဂျပန်နှင့် ဩစတြေးလျသုံးနိုင်ငံပူးပေါင်းဆောင်ရွက်ခြင်းဖြင့်လုပ်ဆောင်နိုင်မည်ဖြစ်သည်။ ထိုသုံးနိုင်ငံသည် ဒေသတွင်းကာကွယ်မှုနှင့် ဟန့်တားမှုအတွက်ကိုပင်လျှင် အတူတကွ လုပ်ဆောင်သွားရန် ကတိကဝတ်ပြုထားသည်။ သုံးနိုင်ငံကာကွယ်ရေးဝန်ကြီးများ၏ အစည်းအဝေးများပုံမှန်လုပ်ဆောင်ခြင်းနှင့် စစ်ဘက်သုံးဒရုန်းများ၊ တာဝေးပစ်ဒုံးကျည်များနှင့် ဒုံးကျည်ကာကွယ်ရေးစနစ်များတွင် ရင်းနှီးမြှုပ်နှံမှုများ လုပ်ဆောင်ခြင်းဖြင့် ၎င်းတို့၏ ကတိကဝတ်များကို တွေ့မြင်နိုင်မည်ဖြစ်သည်။

အင်ဒို-ပစိဖိတ်ဒေသရှိ နိုင်ငံများသည် ဒေသတွင်း၌ တရုတ်နိုင်ငံ၏လှုပ်ရှားမှုများနှင့်စပ်လျဉ်း၍ စိုးရိမ်ပူပန်မှုမြင့်တက်လျက်ရှိပြီး ၎င်းတို့အနေဖြင့် အဆိုပါစိန်ခေါ်မှုများကို မတူညီသောနည်းလမ်းများဖြင့် စတင်ကိုင်တွယ်ဖြေရှင်းလျက်ရှိသည်။ ဩစတြေးလျ၊ ဗြိတိန်နှင့်အမေရိကန်တို့ကြား လုံခြုံရေးမိတ်ဖက်ဖြစ်သည့် AUKUS ဖွဲ့စည်းခြင်းနှင့် အမေရိကန်၊ ဂျပန်၊ ဩစတြေးလျနှင့် ဖိလစ်ပိုင်လေးနိုင်ငံအဖွဲ့ဖြစ်သည့် Squad တိုးချဲ့ဖွဲ့စည်းခြင်းတို့သည် သိသာထင်ရှားသောသာဓကများပင်ဖြစ်သည်။ အခြားအရေးပါသော အလားအလာသည် ဂျပန်-အမေရိကန်မဟာမိတ်ဖွဲ့မှုနှင့် အမေရိကန်နိုင်ငံ၏ ဒေသတွင်း မဟာမိတ်များကြား ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုဖြစ်သည့် မဟာဗျူဟာမြောက်မိတ်ဖက် ဖွဲ့စည်းမှုပင်ဖြစ်သည်။

ဂျပန်နိုင်ငံသည် အဆိုပါအလားအလာ၏ဗဟိုချက်ပင်ဖြစ်သည်။ ဂျပန်နိုင်ငံသည် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလတွင် အမျိုးသားလုံခြုံရေးမဟာဗျူဟာ၊ အမျိုးသားကာကွယ်ရေးမဟာဗျူဟာနှင့် ကာကွယ်ရေးတည်ဆောက်မှုအစီအစဉ်ဆိုသည့် မဟာဗျူဟာမြောက်စာတမ်း သုံးစောင်ထုတ်ပြန်ခြင်းဖြင့် ဒေသတွင်းလုံခြုံရေးအတွက် စတင်ဆောင်ရွက်ခဲ့သည်။ ဂျပန်နိုင်ငံအနေဖြင့် ဒုတိယကမ္ဘာစစ်ပြီးကတည်းက ပြင်းထန်ရှုပ်ထွေးသော လုံခြုံရေးဝန်းကျင်ကိုရင်ဆိုင်နေရကြောင်း အမျိုးသားကာကွယ်ရေးမဟာဗျူဟာက အသိအမှတ်ပြု လက်ခံထားရှိသည်။

ဂျပန်နိုင်ငံသည် အဆိုပါလုံခြုံရေးဝန်းကျင်ကို ကိုင်တွယ်ဖြေရှင်းရန် နည်းလမ်းသုံးခုချမှတ်ဆောင်ရွက်လျက်ရှိသည်။ ပထမအချက်အနေဖြင့် ဂျပန်နိုင်ငံသည် တာဝေးပစ်တိုက်ခိုက်ရေးစွမ်းဆောင်ရည်များအပါအဝင် ကာကွယ်ရေးစွမ်းဆောင်ရည်များ ခိုင်မာအားကောင်းစေရန် ဆောင်ရွက်ခြင်းဖြင့် ကိုယ်ပိုင်ကာကွယ်ရေးစွမ်းဆောင်ရည်များ မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။ ဒုတိယအချက်အနေဖြင့် ဂျပန်နိုင်ငံသည် ၎င်း၏မဟာမိတ် အမေရိကန်နိုင်ငံနှင့် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ တတိယအချက်အနေဖြင့် ဂျပန်နိုင်ငံသည် စိတ်တူကိုယ်တူနိုင်ငံများ၊ အထူးသဖြင့် ဂျပန်နိုင်ငံ၏ သံခင်းတမန်ခင်းမျှော်မှန်းချက်ဖြစ်သည့် လွတ်လပ်ပွင့်လင်းသော အင်ဒို-ပစိဖိတ်(FOIP)ကို ထောက်ခံသည့်နိုင်ငံများနှင့် လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများလုပ်ဆောင်လျက်ရှိသည်။

ဩစတြေးလျနိုင်ငံအနေဖြင့်လည်း အလားတူမဟာဗျူဟာရည်မှန်းချက်ကို ဖော်ဆောင်လျက်ရှိသည်။ ၂၀၂၄ ခုနှစ် ဧပြီလတွင် ထုတ်ပြန်ခဲ့သော ဩစတြေးလျနိုင်ငံ၏ အမျိုးသားကာကွယ်ရေးမဟာဗျူဟာသည် ငြင်းဆိုမှုမဟာဗျူဟာကို အခြေခံအုတ်မြစ်အဖြစ်ချမှတ်ကာ ဟန့်တားမှုစွမ်းဆောင်ရည်အတွက် ဒေသတွင်းလုံခြုံရေးမိတ်ဖက်များကို အလေးထားဖော်ပြထားသည်။ ထို့ပြင် ၂၀၂၂ ခုနှစ် အောက်တိုဘာလတွင် ဂျပန်နှင့်ဩစတြေးလျနိုင်ငံတို့သည် ၎င်းတို့၏မဟာဗျူဟာမြောက်မိတ်ဖွဲ့မှုကို



တရားဝင်အတည်ပြုခဲ့ပြီး မဟာဗျူဟာမြောက်ပေါင်းစည်းမှုမြှင့်တင်ခြင်းနှင့် အင်ဒို-ပစိဖိတ်ဒေသတွင် အေးချမ်း၊ တည်ငြိမ်မှုမြှင့်တင်ခြင်းတို့အတွက် လုံခြုံရေးမိတ်ဖက်ဖွဲ့စည်းမှုဆိုင်ရာ ပူးတွဲကြေညာချက်ကိုလက်မှတ်ရေးထိုးခဲ့သည်။ ဒေသတွင်းလုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုများသည် ဒေသတွင်းနိုင်ငံများ စည်းလုံးညီညွတ်မှု မြှင့်တင်နိုင်ကြောင်းကို ဂျပန်နှင့် ဩစတြေးလျတို့၏ သာဓကများက သက်သေပြလျက်ရှိသည်။ ၎င်းတို့အနေဖြင့် ဟန့်တားမှုသည် နီးကပ်သော ကာကွယ်ရေးပူးပေါင်းဆောင်ရွက်မှုအောင်မြင်ရေးအတွက် အရေးပါလျက်ရှိကြောင်းကိုနားလည်သဘောပေါက်ထားသည်။

ဟန့်တားနိုင်မှုသည် ရန်သူအပေါ်လွှမ်းမိုးမှုရှိရေးအတွက် စိတ်ဓာတ်စစ်ဆင်ရေးဆောင်ရွက်ရာ၌ အရေးပါလျက်ရှိသည်။ ထို့ကြောင့် ထိရောက်မှုရှိသောစုပေါင်းဟန့်တားမှုသည် အခြေအနေသုံးရပ်နှင့် ကိုက်ညီရန်လိုအပ်သည်။ ပထမအချက်မှာ ဟန့်တားမှုသည် ရန်သူကို တုံ့ပြန်ရန်အတွက် လက်တွေ့ကျပြီး အလားအလာကောင်းရမည်ဖြစ်သည်။ ဒုတိယအချက်မှာ ရန်လိုသောလုပ်ရပ်သည် စုပေါင်းတုံ့ပြန်မှုနှင့်ရင်ဆိုင်ရမည်ဖြစ်ကြောင်း ရန်သူကိုစည်းရုံးသိမ်းသွင်းသွားရမည်ဖြစ်သည်။ တတိယအချက်မှာ စုပေါင်းလုပ်ဆောင်သူများသည် ငြိမ်းချမ်းချိန်၌ပင်လျှင် ခိုင်မာသော ဆုံးဖြတ်ချက်ရှိကြောင်း ရန်သူကိုပြသသွားရမည်ဖြစ်သည်။ စုပေါင်းဟန့်တားမှုအကောင်အထည်ဖော်သည့်အချိန်တွင် ရှေ့တန်းနေရာများတွင်တပ်ဖြန့်ချထားခြင်းနှင့် တပ်ဖွဲ့အင်အားတိုးမြှင့်ခြင်းတို့သည် ထည့်သွင်းစဉ်းစားရမည့် အဓိကအမြင်သဘောထားများပင်ဖြစ်သည်။

**ရှေ့တန်းနေရာတွင်တပ်ဖြန့်ချထားခြင်း**

ရှေ့တန်းနေရာတွင် တပ်ဖြန့်ချထားခြင်းသည် ရှေ့တန်းအခြေစိုက်စခန်းများတွင် တပ်ဖွဲ့ဝင်များကိုအလှည့်ကျ သို့မဟုတ် အမြဲတမ်းတပ်ဖြန့်ချထားခြင်းပင်ဖြစ်သည်။ ထိုသို့လုပ်ဆောင်ရာတွင် ပူးတွဲစစ်ရေးလေ့ကျင့်ခန်းများ၊ ဆိပ်ကမ်းများ၌ဆိုက်ကပ်ခြင်းနှင့် လုံခြုံရေးအထောက်အကူပေးခြင်း၊ ဝင်ရောက်ခွင့်နှင့်ထိန်းသိမ်းခွင့် သဘောတူညီချက်များပါဝင်သည်။

တရုတ်နိုင်ငံနှင့်နီးကပ်စွာတည်ရှိနေသော ဂျပန်နိုင်ငံသည် တရုတ်စစ်ဘက်ခြိမ်းခြောက်မှုများ၏ ရှေ့တန်းကျကျနေရာတွင်တည်ရှိနေသည်။ တရုတ်နိုင်ငံသည် ဒုံးကျည်စွမ်းဆောင်ရည်များ တိုးချဲ့လျက်ရှိသောကြောင့် အနီးအနားရှိတပ်မတော်များကို စိန်ခေါ်မှုဖြစ်ပေါ်စေလျက်ရှိသည်။ ထို့ကြောင့် ဂျပန်နိုင်ငံအနေဖြင့် စစ်ရေးလှုပ်ရှားမှုများ လုပ်ဆောင်ခြင်းသည် စွန့်စားမှုဖြစ်နိုင်သဖြင့် တရုတ်နိုင်ငံနှင့် ခပ်လှမ်းလှမ်းနေရာတွင် တပ်ဖြန့်ချသွားရန် လိုအပ်သည်။

အမေရိကန်မရိန်းတပ်ဖွဲ့၏ စစ်ဆင်ရေးဆိုင်ရာ သဘောတရားဖြစ်သည့် အဆင့်မြင့်စစ်အခြေစိုက်စခန်းတိုးချဲ့စစ်ဆင်ခြင်း (EABO)သည် အင်ဒို-ပစိဖိတ်ဒေသတွင် အဓိကထားလုပ်ဆောင်လျက်ရှိသည်။ ထိုသဘောတရားအရ အမေရိကန်မရိန်းတပ်ဖွဲ့များသည် သင်္ဘောဖျက်ဒုံးကျည်များတပ်ဆင်ကာ ရှေ့တန်းကျသောနေရာများတွင် စစ်ဆင်ရေးတာဝန်ထမ်းဆောင်လျက်ရှိသည်။

တစ်နည်းအားဖြင့် ဂျပန်နိုင်ငံတွင် အမေရိကန်ရှေ့တန်းအခြေစိုက်စခန်းများ တည်ရှိခြင်းသည် တရုတ်နိုင်ငံ၏ အင်အားတိုးချဲ့လိုမှုအပေါ် တိုက်ရိုက်စိန်ခေါ်မှုဖြစ်ပေါ်စေလျက်ရှိသည်။ ကြိုတင်နေရာချထားသောစွမ်းဆောင်ရည်များသည် ပဋိပက္ခကို လျင်မြန်စွာတုံ့ပြန်နိုင်ရေး အမေရိကန်နိုင်ငံနှင့်၎င်း၏ မဟာမိတ်များအတွက် အရေးပါလျက်ရှိသည်။ ဒရုန်းအရေအတွက်များစွာနှင့် ရွေ့လျားဒုံးကျည်များကို ကြိုတင်ဖြန့်ကြက်ထားမည်ဆိုလျှင် ပင်လယ်ရေကြောင်းဝန်းကျင်တွင် မဟာဗျူဟာမြောက်အကျိုးဖြစ်ထွန်းစေမည်ဖြစ်သည်။ ထို့ပြင် ဂျပန်၊ အမေရိကန်နှင့် ၎င်း၏မဟာမိတ်များသည် ပင်လယ်ပြင်တွင် ဒရုန်းနှင့်ရွေ့လျားဒုံးကျည်များ ဖြန့်ကြက်နိုင်မည်ဖြစ်သည်။

**တပ်ဖွဲ့ဝင်အင်အားတိုးချဲ့ခြင်း**

တပ်ဖွဲ့ဝင်အင်အားတိုးချဲ့ခြင်း သဘောတရားကိုလည်း ထည့်သွင်းစဉ်းစားသွားရန် လိုအပ်သည်။ မဟာမိတ်များရှိခြင်း၏ ခိုင်မာအားကောင်းသော အရေးသာမှုသည် စွမ်းဆောင်ရည်များစုစည်းခြင်းပင်ဖြစ်သည်။ အမေရိကန်နိုင်ငံ၏စွမ်းဆောင်ရည်များကိုဒေသတွင်းမဟာမိတ်များနှင့် ပေါင်းစည်းသွားမည်ဆိုလျှင် မဟာမိတ်တပ်ဖွဲ့များ၏တိုက်ခိုက်ရေးစွမ်းဆောင်ရည်ကို သိသိသာသာမြှင့်တင်နိုင်သော တပ်ဖွဲ့ဝင်အင်အား တိုးချဲ့နိုင်မည်ဖြစ်သည်။ ထိုသဘောတရားသည် ကြိုတင်တပ်ဖြန့်ချထားသော စစ်အသုံးအဆောင်ပစ္စည်းများနှင့် လက်နက်ခဲယမ်းများ ပိုမိုလိုအပ်သည်။ ရှေ့တန်းနေရာတွင် ပူးတွဲခဲယမ်းတိုက်များနှင့် လောင်စာဆီသိုလှောင်သည့် စတေရှင်များ ထူထောင်ထားရှိခြင်းသည် ဖြစ်နိုင်ခြေတစ်ခုပင်ဖြစ်သည်။

ဩစတြေးလျနိုင်ငံနှင့် ဂျပန်နိုင်ငံတို့သည် ရန်သူ၏ အလျင်အမြန်ရွေ့ပြောင်း တာဝန်ထမ်းဆောင်နိုင်မှုကိုဆန့်ကျင်ရန် တာဝေးပစ်ဒုံးကျည်၊ ရေငုပ်သင်္ဘောများနှင့် ဒရုန်းများကဲ့သို့သောစစ်ဆင်ရေးစွမ်းဆောင်ရည်များစတင်ဝယ်ယူလျက်ရှိသည်။ အဆိုပါစွမ်းဆောင်ရည်များတွင် အမေရိကန်နိုင်ငံမှ ဩစတြေးလျနှင့်ဂျပန်တို့ ဝယ်ယူထားသည့် Tomahawk ဒုံးကျည်များ ပါဝင်သည်။

အမေရိကန်နိုင်ငံနှင့်ဂျပန်နိုင်ငံတို့သည် Tomahawk ဒုံးကျည်များ တပ်ဖြန့်ချထားရေးအတွက် ပူးတွဲစစ်ရေးလေ့ကျင့်ခန်းများ ပြုလုပ်ထားပြီးဖြစ်သည်။ ၂၀၂၄ ခုနှစ် ဇူလိုင် ၂၈ ရက်တွင် ကြေညာခဲ့သည့် အမေရိကန်-ဂျပန်လုံခြုံရေးဆွေးနွေးမှုကော်မတီ ပူးတွဲထုတ်ပြန်ချက်အရ ၎င်းတို့အနေဖြင့် ဒုံးကျည်စစ်ဆင်ရေးတွင် နီးကပ်စွာပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ အနာဂတ်တွင် အမေရိကန်၊ ဂျပန်နှင့်ဩစတြေးလျတို့သည် ဒုံးကျည်နယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်သွားဖွယ်ရာရှိသည်။

ထို့ပြင် အမျိုးအစားတူညီသော စစ်လက်နက်ပစ္စည်းများပိုင်ဆိုင်ထားရှိခြင်းသည် ပူးတွဲတိုက်စွမ်းအားကို သိသိသာသာမြှင့်တင်နိုင်မည်ဖြစ်သည်။ အမေရိကန် လေတပ်သည် Rapid Dragon ဟုခေါ်သည့်ဒုံးကျည်ဖြန့်ကြက်ရေးစနစ်ကို သုတေသနပြု တည်ဆောက်လျက်ရှိသည်။ ၎င်းစနစ်သည် C-130 လေယာဉ်များကို တာဝေးပစ်ခဲယမ်းများချပေးစေနိုင်မည်ဖြစ်သည်။ ဩစတြေးလျနှင့် ဂျပန်အပါအဝင် နိုင်ငံများစွာသည် C-130 လေယာဉ်ကို အသုံးပြုလျက်ရှိသောကြောင့် Rapid Dragon ၏ အကျိုးအမြတ်ကို ခံစားရမည်ဖြစ်ပြီး လေယာဉ်အဆင့်မြှင့်တင်တည်ဆောက်ရန်မလိုဘဲ ဒုံးကျည်စနစ်ကို အသုံးပြုနိုင်မည်ဖြစ် သည်။ ထိုနိုင်ငံနှစ်နိုင်ငံအနေဖြင့် တူညီသောဒုံးကျည်စနစ်ကို နည်းပညာပိုင်းအရ အသုံးပြုသွားနိုင်မည်ဖြစ်သည့်အတွက် အင်ဒို-ပစိဖိတ်ဒေသတွင် တိုက်စွမ်းအားတိုးတက်လာစေမည်ဖြစ်သည်။ ထိုဒေသ အတွင်းရှိနိုင်ငံများသည် ရှေ့တန်းအခြေစိုက်စခန်း များတွင် တပ်ဖြန့်ချထားနိုင်ပြီး လေယာဉ်များသည် ပြေးလမ်းတို၌ ဆင်းသက်၊ ပျံတက်နိုင်မည်ဆိုလျှင် ပြိုင်ဘက်ရန်သူ၏စိတ်တွင် စုပေါင်းကြိုးပမ်းမှုများကြောင့် ထိခိုက်ဆုံးရှုံးမှုရှိနိုင်သည်ဆိုသော အတွေးဝင်လာစေမည်ဖြစ်သည်။

ထို့ကြောင့် အမေရိကန်၊ ဂျပန်နှင့် ဩစတြေးလျနိုင်ငံတို့သည် စုပေါင်းဟန့်တားမှုစွမ်းဆောင်ရည်အတွက် စဉ်ဆက်မပြတ်လုပ်ဆောင်လျက်ရှိသည်။ အမှန်တွင် ပိုမိုထိရောက်သောဟန့်တားမှုစွမ်းရည်သည် ဒေသတွင်းနိုင်ငံများကြား ပိုမိုပေါင်းစည်းဆောင်ရွက်မှုနှင့် စဉ်ဆက်မပြတ်ချဉ်းကပ်မှုများ လုပ်ဆောင်သွားရန် လိုအပ်ပေသည်။

**ကိုးကား**

-The Australia- Japan-US Trilateral: Forming Collective Deterrence in the Indo-Pacific by The Diplomat.

**မောင်စိန်အိ(နဘဲမြေ)**

# ပန်းတနော်မြို့နယ်မှ ရန်ကုန်စျေးကွက်သို့ အောက်တိုဘာလအတွင်း ငါးတန်ပိသဿချိန် ၇၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရ



**ပန်းတနော် နိုဝင်ဘာ ၃၀**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်မှ ရန်ကုန်စျေးကွက်သို့ အောက်တိုဘာလအတွင်း ငါးတန်ပိဿာချိန် ၇၀၀၀၀ ထိတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ပန်းတနော်မြို့နယ် ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်နိုင်မော်က ပြောပြသည်။

ပန်းတနော်မြို့နယ်မှ ရန်ကုန်စျေးကွက်သို့ စက်တင်ဘာလအတွင်းက ငါးတန်ပိဿာချိန် ၆၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး အောက်တိုဘာ ၁ ရက်မှ ၃၁ ရက်ထိ တစ်လအတွင်း ငါးတန်ပိဿာချိန် ၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါငါးတန်များကို ရန်ကုန်စျေးကွက်သို့ တင်ပို့ရောင်းချနေကြောင်း သိရသည်။

"ပြီးခဲ့တဲ့ အောက်တိုဘာလအတွင်းငါးတန်ပိဿာချိန် ၇၀၀၀၀ ထိ ရန်ကုန်စျေးကွက်ကို တင်ပို့ရောင်းချခဲ့ရတယ်။ ပန်းတနော်မြို့နယ်ကနေထွက်တဲ့ ရေထွက်ကုန်ငါးတန်ကို ရန်ကုန်စျေးကွက်ကို တင်ပို့ရောင်းချတာဖြစ်ပါတယ်။ ရန်ကုန်စျေးကွက်ကို ပြီးခဲ့တဲ့ တစ်လအတွင်းကော အခုလက်ရှိကော ရေထွက်ကုန်တွေအရောင်းအဝယ်ကောင်းပါတယ်။ ငါးတန်က ပြည်တွင်းစျေးကွက်မှာကို အရောင်းအဝယ်သွက်လက်နေပါတယ်။ တင်ပို့အားတက်လာတော့ ငါးတန်လုပ်ငန်းလုပ်ကိုင်သူတွေ အဆင်ပြေလာပါတယ်"ဟု ပန်းတနော်မြို့နယ် ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်နိုင်မော်က ပြောပြသည်။

ပန်းတနော်မြို့နယ်မှ ရန်ကုန်စျေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ငါးတန် ၁၀ ပိဿာလျှင် ငွေကျပ် ၁၁၅၀၀၀ ထိ ဈေးပေါက်နေကြောင်း၊ အဆိုပါငါးတန်များကို ရန်ကုန်စျေးကွက်သို့ ပိုမိုတင်ပို့ရောင်းချနေရခြင်းကြောင့် မွေးမြူရေးလုပ်ငန်းရှင်များ၊ ငါးရောင်းဝယ်ရေးကုန်သည်များ၊ ငါးကန်လုပ်သားများ၊ ကုန်တင်ကားအငှားလိုက်သူများအဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# တိုက်ကြီးမြို့နယ် ညောင်ကုန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုစစ်ဆေး

**တိုက်ကြီး နိုဝင်ဘာ ၃၀**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးခရိုင် တိုက်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ဖြင့် ညောင်ကုန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို နိုဝင်ဘာ ၂၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တိုက်ကြီးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမျိုးအောင်၊ တိုက်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဥမ္မာရွှေနှင့်တာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ညောင်ကုန်းကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့် တွေ့ဆုံ၍ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများအပေါ် ဆွေးနွေးမှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ညောင်ကုန်းကျေးရွာ၌ လမ်းအရှည်ပေ ၅၆၀၊ အကျယ် ၁၀ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ယခုဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် သိန်း ၃၀ စုစုပေါင်း ငွေကျပ် သိန်း ၁၈၀ ဖြင့် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ အနီးကပ်ကြီးကြပ်မှု၊ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင်ဆောင်ရွက်ခြင်း ဖြစ်ကြောင်း သိရသည်။

**အိပိုးပိုး**

# ရွှေဘိုမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၉၅၈၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**ရွှေဘို နိုဝင်ဘာ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၉၅၈၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရွှေဘိုမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၉၅၈၇ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၉၅၈၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ရွှေဘိုမြို့နယ်မှာ နှမ်း ၉၅၈၇ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၉၅၈၁ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်လျက်ရှိပါတယ်။ နှမ်းစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ နှမ်းကို မိုးမှာထက် ဆောင်းမှာပဲ စိုက်ပျိုးကြတာ ဖြစ်ပါတယ်။ ဆီထွက်သီးနှံ အနေနဲ့ကတော့ အောင်မြင်တဲ့အနေအထားမှာ ရှိပါတယ်"ဟု ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ပြောပြသည်။



ရွှေဘိုမြို့နယ်တွင် နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့် မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာ ပေးလျက်ရှိကြောင်း သိရသည်။

GAP နည်းစနစ်ဖြင့် စိုက်ပျိုးသည့်သီးနှံများသည် အခြားစိုက်ပျိုးနည်းများဖြင့် စိုက်ပျိုးသည့် သီးနှံများထက် အရည်အသွေးပိုမိုကောင်းမွန်ခြင်း၊ ဈေးနှုန်းပိုမိုရရှိခြင်း၊ ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်များကိုပါ တင်ပို့ရောင်းချနိုင်သည့် အကျိုးကျေးဇူးများကြောင့် GAP နည်းစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့် တောင်သူများအနေဖြင့် အကျိုးစီးပွားပိုမိုဖြစ်ထွန်းကာ လူမှုစီးပွားဘဝများပါ တိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။ (၂၀၆)

# မင်းလှမြို့နယ် ရွှေလောင်းကျေးရွာ၌ ကုန်ထုတ်လမ်းသိပ်သည်းမှု တိုင်းတာစစ်ဆေး

**မင်းလှ နိုဝင်ဘာ ၃၀**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ရွှေလောင်းကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ဒုတိယမြေသားလွှာ သိပ်သည်းမှု တိုင်းတာစစ်ဆေးခြင်းကို နိုဝင်ဘာ ၂၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းတိုင်းတာစစ်ဆေးရာတွင် သာယာဝတီခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန်းလွင်နှင့် မင်းလှမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်ထွန်းနှင့် အင်ဂျင်နီယာဝန်ထမ်းများသည် Lucky Power-9 ကုမ္ပဏီမှ တာဝန်ရှိသူများနှင့်အတူ ကုန်ထုတ်လမ်း အရှည် ၂ မိုင် ၄ ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မဂဝံမြေခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို သတ်မှတ်စံချိန်စံညွှန်း ပြည့်မီမှုရှိစေရန်အတွက် မြေသားဒုတိယအလွှာ သိပ်သည်းမှုကို စနစ်တကျ တိုင်းတာစစ်ဆေးခဲ့ပြီး ခရိုင်ဦးစီးမှူးက ကုမ္ပဏီမှ တာဝန်ရှိသူများကို ကျန်ရှိလုပ်ငန်းများ လျင်မြန်စွာပြီးစီးအောင် ဆောင်ရွက်ရန် မှာကြားခဲ့သည်။

အဆိုပါ ရွှေလောင်းကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းကို မင်းလှမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုအစိုးရ ခွင့်ပြုရန်ပုံငွေကျပ် ၃၃၁ဒသမ ၇၁ သန်းဖြင့် Lucky Power-9 ကုမ္ပဏီမှ စက်တင်ဘာလပထမက စတင်ဆောင်ရွက်ခဲ့ရာ ယနေ့တွင် လုပ်ငန်းများ ၄၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မင်းလှမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**သန်းသန်းစိုး**

# ကျိုင်းတုံမြို့နယ် တာခွယ်ကျေးရွာ၌ စီမံကိန်းမိတ်ဆက်ခြင်းနှင့် ကျေးရွာလုပ်ငန်းအဖွဲ့ ဖွဲ့စည်း

**ကျိုင်းတုံ နိုဝင်ဘာ ၃၀**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံခရိုင် ကျိုင်းတုံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာခွယ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကျေးရွာလုပ်ငန်းအဖွဲ့ ဖွဲ့စည်းခြင်းကို နိုဝင်ဘာ ၂၉ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကျိုင်းတုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုင်းအောင်ခမ်းက တာခွယ်ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့်ဝန်ထမ်းများက ကျေးရွာလုပ်ငန်းအဖွဲ့ ဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များနှင့် ပတ်သက်၍ ကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးကာ တက်ရောက်လာကြသော တာခွယ်ကျေးရွာမှ ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို အမှန်တကယ် ဆောင်ရွက်နိုင်သည့် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

ကျိုင်းတုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အနေဖြင့် ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေရန်ရည်ရွယ်၍ ချောင်းဖျားကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် သိန်း ၂၀၀ ထုတ်ချေး ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်ခိုင်**


ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်

နှာချေ၊ ချောင်းဆိုးရာတွင် ပါးစပ်နှင့် နှာခေါင်းတို့ကို ပဝါ၊ တစ်ရှူးတို့ဖြင့် လုံအောင်ဖုံးအုပ်ပါ (သို့မဟုတ်) တံတောင်ဆစ်ကွေးနှင့် ဖုံးအုပ်ပြီး နှာချေချောင်းဆိုးပါ။



# ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါကင်းဝေးဖို့ အားလုံးဝိုင်းဝန်းပံ့ပိုးစို့

နှစ်စဉ် ဒီဇင်ဘာ ၁ ရက်သည် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ဖြစ်သည်။ ကမ္ဘာ့ AIDS ရောဂါတိုက်ဖျက်ရေးနေ့ဟုလည်း သတ်မှတ်ကြသည်။ HIVပိုး ကြောင့် ဖြစ်ပွားသည့် AIDS ရောဂါကူးစက်ပျံ့နှံ့မှုကို သတိရှိစေရန် ရည်ရွယ်၍ ကမ္ဘာတစ်ဝန်းတွင် ဒီဇင်ဘာ ၁ ရက်ရောက်တိုင်း အထိမ်းအမှတ်ပွဲများ ပြုလုပ်ကျင်းပကြသည်။

HIV ပိုးကူးစက်ခံရသူ လုံးဝပပျောက်ရေးနှင့် AIDS ရောဂါကြောင့် သေဆုံးသူလုံးဝပပျောက်ရေးအတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က "Getting to Zero"ဟူသောဆောင်ပုဒ်ချမှတ်၍ AIDS ရောဂါတိုက်ဖျက်ရေးလုပ်ငန်းများကို ကမ္ဘာ့နိုင်ငံများနှင့် အတူ လက်တွဲပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

**HIV ပိုးစတင်တွေ့ရှိပုံ**

HIVပိုးသည် အာဖရိကတိုက်ရှိတောအုပ်များထဲမှ လူဝံ၊ မျောက် စသည့်သတ္တဝါများထံ၌ ရှိခဲ့ကြသည်ဟု ယူဆထားကြသည်။ ထိုသတ္တဝါများဆီမှ HIV ပိုးသည် အသွင်ပြောင်းလာပြီး လူသားတို့ထံ ရောက်ရှိကူးစက်ခဲ့ကြောင်း အချို့သိပ္ပံပညာရှင်များက ရေးသားဖော်ပြကြလေသည်။

AIDSရောဂါကို အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်တွင် ၁၉၈၁ ခုနှစ်က စတင်တွေ့ရှိခဲ့ပြီးနောက် ကပ်ရောဂါအသွင်ဖြင့် နိုင်ငံများစွာသို့ ကူးစက်ပျံ့နှံ့ရောက်ရှိခဲ့သည်။ AIDS ရောဂါကို HIV ပိုးကောင်ရေလျော့နည်းကျဆင်းလာစေရန်၊ မပြန့်ပွားစေရန်နှင့် ထိန်းချုပ်နိုင်ရန်အတွက် ယခုအခါ ပဋိဇီဝဆေးဝါးများ ပေါ်ထွက်လာခဲ့ပြီဖြစ်ရာ ဆေးပညာလောကအတွက် အောင်မြင်မှုတစ်ခုပင်ဖြစ်သည်။

**ရောဂါကူးစက်နိုင်ပုံ**

AIDS ရောဂါသည် HIV ပိုးပါဝင်သည့် သွေး၊ သုက်ရည်၊ ခန္ဓာကိုယ်ထဲသို့ ဝင်ရောက်ခြင်းဖြင့် ရောဂါကူးစက်နိုင်သည်။ HIV ပိုးရှိမရှိကို စနစ်တကျစစ်ဆေးပြီးမှသာ သိရှိနိုင်မည်ဖြစ်သည်။ HIV ပိုးသည် ကူးစက်ခံရသူ၏ ခန္ဓာကိုယ်၌ရှိသော ခုခံအားစနစ်ကို တိုက်ခိုက်သည့် ဗိုင်းရပ်ပိုးတစ်မျိုးဖြစ်သည်။ AIDS ရောဂါသည် ခုခံအားစနစ်ကျဆင်းခြင်းကြောင့် ခန္ဓာကိုယ်အတွင်း၌ အခြားသောရောဂါဖြစ်စေသည့် ဗက်တီးရီးယားပိုးများနှင့် HIV ပိုးများကို ပြန်လည်ခုခံနိုင်ခြင်းမရှိတော့ပေ။ ထိုသို့ပြန့်ပွားလာသည့်အခြေအနေသို့ ရောက်ရှိလာခြင်းကို ခုခံအားကျဆင်းမှုရောဂါ (AIDS) ဟုခေါ်သည်။ HIV ပိုးကို ကုသခြင်းမရှိခဲ့ပါက ခန္ဓာကိုယ်ထဲတွင် ပိုးများပွားလာ၍ ကိုယ်ခံအားကျဆင်းလာကာ ကျန်းမာရေးယိုယွင်းလာပြီး အသက်အန္တရာယ်ဆုံးရှုံးသည်ထိ ဖြစ်နိုင်သည်။

HIV ပိုးရှိသူနှင့် ဖိုမဆက်ဆံခြင်း၊ အမျိုးသားချင်း လိင်တူဆက်ဆံခြင်း၊ လိင်ဆက်ဆံဖော်များခြင်းတို့သည် HIV ပိုးကူးစက်ရန် အခြေအနေများလေသည်။ HIVပိုးပါသည့် သွေးသွင်းမိပါကလည်း ရောဂါကူးစက်နိုင်သည်။ ထို့ပြင် မူးယစ်ဆေးဝါးသုံးစွဲသူများ၊ မူးယစ်ဆေးကို သွေးကြောထဲ ထိုးသွင်းသူများ၊ ဆေးထိုးအပ်ကို မျှဝေသုံးစွဲသူများသည် HIVပိုး ကူးစက်ရန် အလွန်နီးစပ်သည်။ ရောဂါပိုးရှိသည့် ကိုယ်ဝန်ဆောင်မိခင်မှ သန္ဓေသားကိုလည်း ကူးစက်နိုင်သဖြင့် HIV ပိုးမဖြစ်ပွားစေရန် အစဉ်အမြဲသတိပြု၍ နေထိုင်သင့်သည်။

AIDS ရောဂါဖြစ်စေသော HIV ပိုးကူးစက်ခံရပါက သွေးထဲတွင် ပိုးရှိကြောင်း ချက်ချင်းမပြပေ။ HIV ပိုးသည် ကူးစက်ခံရသူ၏ ခန္ဓာကိုယ်၌ ပွားများနေပြီး ကာလအတော်ကြာမှသာ သွေးထဲ၌ ရောဂါပိုးရှိကြောင်း ပြလေသည်။ ဆေးပညာရှင်များ၏အဆိုအရ နှစ်လမှတစ်နှစ်ခန့်ကြာမြင့်တက်သည်။

AIDS ရောဂါဖြစ်ပြီး ခုခံအားကျဆင်းပါက အခြားရောဂါမျိုးစုံဝင်ရောက်လာကာ သက်တမ်းစေ့မနေရဘဲ အသက်ဆုံးရှုံးရလေသည်။ လူတို့၏ခန္ဓာကိုယ်တွင် ရောဂါပိုးများစွာရှိသော်လည်း ထိုရောဂါပိုးများစွာသည် ကိုယ်ခံအားကောင်းနေပါက လူသားတို့၏ ခန္ဓာကိုယ်ထဲသို့မဝင်ရောက်နိုင်ပေ။ ဖျားနာခြင်း၊ အအေးမိချောင်းဆိုးခြင်းများသည် လူတို့၏ ကိုယ်ခံစွမ်းအားမြင့်မားမှုအပေါ်မူတည်၍ ရက်ပိုင်း၊ အချိန်ပိုင်းအတွင်း သက်သာပျောက်ကင်းလေသည်။ အဘယ်ကြောင့်ဆိုသော် သွေးထဲ၌ရှိသော သွေးဖြူဥများသည် အပြင်မှဝင်ရောက်လာသော ရောဂါပိုးများကိုဖျက်ဆီးကာကွယ်တိုက်ဖျက်ပေးနိုင်သောကြောင့်ဖြစ်သည်။ HIV ပိုးသည် သွေးဖြူဥထဲသို့ဝင်၍ မျိုးတူပိုးများများထုတ်လုပ်ပြီး သွေးဖြူဥများကို ပျက်စီးစေသဖြင့် ခုခံအားစနစ်ပျက်စီးသွားပြီး ကိုယ်ခံအားများ လျော့ကျသွားလေသည်။ ထိုအခါ ပြင်ပမှဝင်လာသော အခြားရောဂါပိုးများကို မတိုက်ဖျက်နိုင်တော့ဘဲ ရောဂါမျိုးစုံ၏ဒဏ်ကို ခံစားကြရလေသည်။

လူတို့၏ ခုခံအားကျဆင်းသွားသဖြင့် အဆုတ်တီဘီရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါ၊ အပြင်းစားရေယုန်နှင့် ဦးနှောက်ရောင်ရောဂါတို့ကဲ့သို့သော စိုးရိမ်စရာကောင်းသည့်ရောဂါများအလွယ်တကူဝင်ရောက်လာပြီး အသက်အန္တရာယ်ကို ခြိမ်းခြောက်လျက်ရှိသည်။

**AIDS ရောဂါ၏ လက္ခဏာများ**

ခုခံအားကျဆင်းမှုရောဂါ (AIDS) ၏ လက္ခဏာများမှာ-

(၁) အဆုတ်ရောင်ခြင်း၊
(၂) မှတ်ဉာဏ်ပျောက်ဆုံးခြင်း၊ စိတ်ဓာတ်ကျခြင်းနှင့် အခြားအာရုံကြောဆိုင်ရာ ချို့ယွင်းမှုများ ဖြစ်ပေါ်ခြင်း၊
(၃) ကြာရှည်စွာ ဝမ်းပျက်ဝမ်းလျှောခြင်း၊
(၄) အလွန်အမင်း ပင်ပန်းနွမ်းနယ်ခြင်း၊
(၅) မကြာခဏ အဖျားရှိခြင်း၊
(၆) ညအချိန် ချွေးထွက်များခြင်း၊
(၇) ကိုယ်အလေးချိန် လျင်မြန်စွာ ကျဆင်းခြင်း၊
(၈) အရေပြားအပေါ်၊ ပါးစပ်အတွင်း၊ နှာခေါင်းအတွင်း၊ မျက်ခွံအပေါ်တို့တွင် အဖုအပိမ့်များထခြင်း၊
(၉) လိင်အင်္ဂါနှင့် စအိုတွင် အနာပေါက်ခြင်း၊
(၁၀) အသက်ရှူမမှန်ခြင်း၊
(၁၁) အကြောင်းပြချက်မရှိ သွေးယိုခြင်း၊
(၁၂) ချိုင်းကြားနှင့် ပေါင်ခြံတို့တွင် သားနံ့ရည်ကြိတ်များရောင်ခြင်း စသည်တို့ဖြစ်သည်။

HIV ပိုးကူးစက်ခြင်းမှ AIDS ရောဂါအဖြစ်သို့ တိုးမြှင့်လာပြီး AIDS ရောဂါသည် နောက်ဆုံးအဆင့်ဖြစ်သည်။

**AIDS ရောဂါမဖြစ်ပွားရန် လိုက်နာသင့်သည့် အချက်များ**

HIV ပိုးသည် အကောင်းပကတိအရေပြားကို ဖောက်ထွင်းဝင်ရောက်နိုင်ခြင်း မရှိသော်လည်း ဒွါရပေါက်များရှိ အမြှေးပါးမှတစ်ဆင့် စိမ့်ဝင်ကူးစက်နိုင်သည်။ ထို့ကြောင့် HIV ပိုးမကူးစက်စေရန် အရေးကြီးဆုံးအချက်မှာ အပျော်အပါးလိုက်စားမှုကို ရှောင်ကြဉ်ရန် လိုအပ်လှသည်။

ဆေးထိုးအပ်၊ ဆေးထိုးပြွန်များ၊ သွားတိုက်တံ၊ မုတ်ဆိတ်ရိတ်ဓားတို့ကို မျှဝေသုံးစွဲခြင်း မပြုသင့်ပေ။ HIV ပိုးရှိသူတစ်ဦးသည် မိမိတွင်ပိုးရှိကြောင်း သိရှိပါက ရောဂါပိုးထပ်မံမဖြစ်စေရန် အထူးသတိထားသင့်သည်။ HIV ပိုးရှိရုံဖြင့် AIDS ရောဂါမဖြစ်နိုင်သေးပေ။ HIV ပိုးကူးစက်ခံရပါက စိတ်ဓာတ်မကျဘဲ အချိန်မီဆေးဝါးကုသမှုခံယူရမည်ဖြစ်သည်။ မိမိပယောဂကြောင့် အခြားသူများကို HIV ပိုးထပ်မံ မကူးစက်လေအောင်အစစအရာရာ ဂရုပြုနေထိုင်ရမည်ဖြစ်သည်။

ကျန်းမာရေးဌာနက ဖြန့်ဝေပေးအပ်သော ARV ဆေးဝါးများကို မှန်မှန်သောက်သုံးခြင်း၊ HIV ပိုးဖြစ်ပွားနိုင်သည့် အချက်များကို ရှောင်ရှားနေထိုင်ခြင်း၊ ဆရာဝန်လမ်းညွှန်မှုအတိုင်း နေထိုင်ခြင်းဖြင့် လူ့ဘဝသက်တမ်းစေ့ နေထိုင်နိုင်မည်ဖြစ်သည်။ ယခုအခါ နောက်ဆုံးပေါ် HIV ဆေးကုထုံးအသစ်များ ပေါ်ပေါက်နေပြီဖြစ်ရာ ကျန်းမာရေးကဏ္ဍအတွက် အားတက်ဖွယ်ရာကောင်းလှသည်။

AIDS ရောဂါဖြစ်ပွားပါက ဆရာဝန်များ၏ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရန်၊ ရှောင်ရန်အချက်များကို အထူးဂရုပြု လိုက်နာသင့်သည်။ ရောဂါဝေဒနာရှင်များအနေဖြင့် တစ်ကိုယ်ရည်သန့်ရှင်းရေးကို အထူးဂရုပြုသင့်ပြီး ကိုယ်ခံအားတက်စေသော အစားအစာများ၊ သန့်ရှင်းလတ်ဆတ်သော သစ်သီးသစ်ဥများကို မှီဝဲစားသုံးကြရမည်ဖြစ်သည်။

**မြန်မာနိုင်ငံ၏ AIDS ရောဂါတိုက်ဖျက်ရေးလုပ်ငန်းများ**

AIDS ရောဂါသည် ပြည်သူလူထုတစ်ရပ်လုံး၏ ကျန်းမာရေးပြဿနာဖြစ်ပြီး သေဆုံးခြင်းကို ဖြစ်ပေါ်စေသဖြင့် အထူးဂရုပြုရမည်ဖြစ်သည်။ မြန်မာနိုင်ငံသည် အရှေ့တောင်အာရှနိုင်ငံများအနက် HIV ပိုးကူးစက်ဖြစ်ပွားမှုနှင့် သေဆုံးမှုမြင့်မားသော နိုင်ငံများစာရင်းတွင် ပါဝင်သည်။

ထိရောက်သောကုသခြင်းနှင့်ကာကွယ်တားဆီးခြင်းလုပ်ငန်းများကြောင့် AIDS ရောဂါ အသစ်ဖြစ်ပွားမှုနှင့် သေဆုံးမှုတို့ ကျဆင်းလာလေသည်။ ထို့ကြောင့် HIV ပိုးရှိ၊ မရှိကို သွေးစစ်ဆေးခြင်းအားဖြင့် လိုအပ်သောကုသခြင်းနှင့် ကာကွယ်တားဆီးရေး စသည့် အခွင့်အလမ်းများကို ရယူနိုင်မည်ဖြစ်သည်။ နိုင်ငံတော်အစိုးရသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့်ပူးပေါင်း၍ AIDS ရောဂါတိုက်ဖျက်ရေးလုပ်ငန်းများကို အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ AIDS ရောဂါနှင့်ပတ်သက်၍ အသိပညာဖြန့်ဝေပေးခြင်းလုပ်ငန်းများကို ရေဒီယို၊ ရုပ်မြင်သံကြားများမှတစ်ဆင့် အသိပညာပေးခြင်း၊ အခြေခံပညာကျောင်းများတွင် ဟောပြောပွဲများ ပြုလုပ်ကျင်းပခြင်း၊ HIV ရောဂါပိုးရှိသူတိုင်း ARV ဆေးများ ဖြန့်ဝေပေးခြင်းများကို ပြုလုပ်ဆောင်ရွက်ပေးလျက်ရှိသည်။ ARV ဆေးသည် HIV ပိုးကောင်ရေ အရေအတွက်ကျဆင်းလာအောင်ပြုလုပ်နိုင်ရာ ထိုဆေးကို ဆရာဝန်ညွှန်ကြားသည့်အတိုင်း အချိန်မှန်မှန်သောက်သုံးရန် လိုအပ်လှသည်။

မြန်မာနိုင်ငံတွင် ခုခံအားကျဆင်းမှု ကူးစက်ရောဂါဆိုင်ရာ အမျိုးသားမဟာဗျူဟာစီမံကိန်း (၂၀၁၁-၂၀၁၅) တွင်ပါရှိသည့် ဦးစားပေး နည်းဗျူဟာငါးရပ်နှင့်အညီ ၂၀၃၀ ပြည့်နှစ်တွင် HIV ပိုးကူးစက်မှုကင်းဝေးသည့် လူ့အဖွဲ့အစည်းတစ်ရပ် ပေါ်ထွက်လာစေရန်ထိ ရည်ရွယ်ဆောင်ရွက်လျက်ရှိပါသည်။

**AIDS ကင်းဝေဖို့ အားလုံးဝိုင်းဝန်းပံ့ပိုးစို့**

AIDS ဝေဒနာရှင်များကို ပြည်သူအားလုံးက နွေးထွေးစွာ ပြုမူဆက်ဆံရေးနှင့် စိတ်ပိုင်းဆိုင်ရာ ပံ့ပိုးမှုများသည် ဝေဒနာရှင်အတွက် လွန်စွာအရေးကြီးလေသည်။ စိတ်ဓာတ်ခွန်အားရရှိအောင် ပြောဆိုဆက်ဆံခြင်း၊ အားပေးနှစ်သိမ့်ခြင်းနှင့် လူ့သက်တမ်းစေ့ နေထိုင်၍ ရကြောင်းတို့ကို သိရှိအောင် ပြောကြားကာ စိတ်ဓာတ်မကျရန်၊ စိတ်ဓာတ်သည် အရေးကြီးကြောင်းတို့ကို ပြောဆိုအားပေးသင့်သည်။

HIV ပိုးကူးစက်ခံရပါက အချိန်မီကုသရန် လိုအပ်လှသည်။ AIDS ရောဂါတိုက်ဖျက်ရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် မှတ်ယူကာ ပြည်သူအားလုံးက ဝိုင်းဝန်းတိုက်ဖျက်ကြရမည်ဖြစ်သည်။ ထို့ကြောင့် ကာကွယ်ခြင်းသည် ကုသခြင်းထက် ကောင်းသည်ဟူသောစကားအရ AIDS ရောဂါမဖြစ်ပွားစေရန် ပြည်သူအားလုံးက အလေးထားလိုက်နာဆောင်ရွက်ကြရန် အထူးလိုအပ်လှသည်။

ထို့ကြောင့် AIDS ရောဂါကင်းဝေးသော လူ့ဘောင်လောက တည်ဆောက်နိုင်ရေးအတွက် ပြည်သူလူထုအားလုံးက ဝိုင်းဝန်းပံ့ပိုးဆောင်ရွက်ပါရန် ဒီဇင်ဘာ ၁ ရက်တွင် ကျရောက်မည့် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ကို ဂုဏ်ပြုရေးသားလိုက်ပါသည်။

> ❖AIDS ဝေဒနာရှင်များကို ပြည်သူအားလုံးက နွေးထွေးစွာ ပြုမူဆက်ဆံရေးနှင့် စိတ်ပိုင်းဆိုင်ရာပံ့ပိုးမှုများသည် ဝေဒနာရှင်အတွက် လွန်စွာအရေးကြီးလေသည်။ စိတ်ဓာတ်ခွန်အားရရှိအောင် ပြောဆိုဆက်ဆံခြင်း၊ အားပေးနှစ်သိမ့်ခြင်းနှင့် လူ့သက်တမ်းစေ့ နေထိုင်၍ရကြောင်းတို့ကို သိရှိအောင်ပြောကြားကာ စိတ်ဓာတ်မကျရန်၊ စိတ်ဓာတ်သည် အရေးကြီးကြောင်းတို့ကို ပြောဆိုအားပေးသင့်သည်။ HIV ပိုးကူးစက်ခံရပါက အချိန်မီကုသရန် လိုအပ်လှသည်။ ❖

**ကိုးကား**


- ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ စာအုပ်စာတမ်းများ၊
- နေ့စဉ်ထုတ်သတင်းစာများ၊
- ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ဝေသော စာအုပ်စာတမ်းများ၊


**ဇင်မင်းစိုး(ဗိုလ်ကလေး)**

# ချစ်စရာ့အရွယ် စာဖတ်မယ်

ကလေး စာပေကဏ္ဍ

# သမင်ညီငယ်၏ နောင်တ

ကလေးတို့ရေ ဒီတစ်ပတ် ပြောပြမဲ့ ပုံပြင်ကလေးကတော့ သမင်ညီငယ်၏နောင်တဆိုတဲ့ ပုံပြင်ကလေး ဖြစ်ပါတယ်ကွယ်။

တစ်ခါတုန်းက တောကြီးတစ်တောထဲမှာ တိရစ္ဆာန်ကြီးငယ်တို့ နေထိုင်ကျက်စားကြသတဲ့။ အဲဒီတိရစ္ဆာန်တွေထဲမှာ သမင်မကြီးတစ်ကောင်က မွေးဖွားထားတဲ့ သမင်ငယ်နှစ်ကောင်လဲ ပါဝင်တာပေါ့ကွယ်။ သမင်ကလေးနှစ်ကောင်ဟာ ကိုယ်လုံးကိုယ်ထည်နဲ့ အမွေး၊ အဆင်းတို့ လှပကြတယ်။ သမင်ကလေးနှစ်ကောင်က ကြီးပြင်းလာလေ လှလာလေပဲတဲ့ကွယ်။ ဦးချိုအခက်အလက်တွေလဲ ပိုရှည်လာပြီး ဦးခေါင်းအလှဝေဝေဆာဆာဖြစ်လာတယ်။

သမင်ကလေးနှစ်ကောင်အနက် သမင်ညီက အလှအပမက်မောပြီး သမင်အစ်ကိုကတော့ အလှအပကို ကိုယ်နဲ့လိုက်လျောညီထွေပဲ ပြုပြင်မွမ်းမံသင့်တယ်လို့ ခံယူထားတယ်။ သမင်ကလေး နှစ်ကောင်ဟာ တောထဲကရေအိုင်မှာ နေ့စဉ်ရေသောက်ဆင်းရင်း သူတို့ဦးချိုအလှကို ရေထဲမှာ မြင်ကြရတယ်။ သမင်ညီဟာ သူ့ခေါင်းက လှပတဲ့ဦးချိုတွေကိုကြည့်ပြီး ဦးချိုအလှမပျက်စီးအောင် ထိန်းသိမ်းမယ်လို့ တွေးတောသတဲ့။ သမင်အစ်ကိုကတော့ ဦးချိုအလှကို ကြည့်ပြီး ဦးချိုအခက်အလက်တွေက လှပတာမှန်တယ်။ ဒါပေမဲ့ ဒီဦးချိုတွေက တစ်နေ့တခြား ပိုပြီး ရှည်လျားရင့်ရော်လာလို့ ကောင်းကျိုးမဖြစ်နိုင်ရင်တော့ ပြုပြင်ပေးရမယ်လို့ တွေးတောသတဲ့ကွယ်။

တစ်နေ့မှာ တောထဲကို မုဆိုးတစ်ယောက် ဒူးလေးထမ်းပြီး ဝင်လာတာကို သမင်ညီနောင် တွေ့လိုက်ရတယ်။ သူတို့နှစ်ကောင်က မုဆိုးလာတဲ့ လမ်းရဲ့ဘေးဘက် ခပ်လှမ်းလှမ်းမှာရှိနေလို့ ထွက်မပြေးဘဲ အသာဝပ်ပြီး ပုန်းနေလိုက်ကြတယ်။ မုဆိုးလဲ သမင်နှစ်ကောင်ကိုမမြင်ဘဲ ရှေ့တည့်တည့်ဆက်သွားလို့ သမင်နှစ်ကောင်လဲ မုဆိုးရဲ့ဘေးအန္တရာယ်က လွတ်သွားခဲ့တယ်။

အဲဒီနောက်ပိုင်းမှာ သမင်အစ်ကိုက သူတို့အသက်ရှင်နေထိုင်နိုင်မဲ့ရှေ့ရေးကို တွေးတယ်။ တကယ်လို့ မုဆိုးက တောထဲကို အကြိမ်ကြိမ်လာရင် တစ်နေ့မဟုတ်တစ်နေ့ ငါတို့ကိုတွေ့သွားနိုင်တယ်။ ငါတို့ မုဆိုးရန်ကလွတ်အောင် အမြန်ထွက်ပြေးလို့ရတယ်။ ဒါပေမဲ့ ငါတို့ခေါင်းက ဦးချိုတွေကရှည်လျားပြီး အခက်အလက်တွေ ပိုရှုပ်ထွေးလာတော့ ပြေးလွှားတဲ့အခါ ချုံနွယ်တွေနဲ့ငြိပြီး မပြေးနိုင်မှာကို စိုးရိမ်ရတယ်။ ဒါကြောင့် ဒီဦးချိုတွေကို တိုအောင်ချိုးဖွဲ့ပစ်မှ ဖြစ်မယ်လို့ဆုံးဖြတ်ချက်ချပြီး ဦးချိုအဟောင်းတွေကို



နေ့တိုင်း ကျောက်တောင်စောင်းနဲ့တိုက်ပြီး ချိုးဖို့ ကြိုးစားပါတော့တယ်။

သမင်ညီကတော့ သူ့ရဲ့ဦးချိုအလှတွေကိုကြည့်ပြီး တိုက်ဖြတ်ရိုက်ချိုးဖို့နှမြောနေတယ်။ သူ့အတွေးထဲမှာလဲ ငါ့ရဲ့လှပတဲ့ ဦးချိုတွေရအောင် နှစ်အတော်ကြာအောင် စောင့်ခဲ့ရတယ်။ ဒီလိုစောင့်ပြီးမှ ရလာတဲ့ ဦးချိုတွေကို တိုက်ဖြတ်ရိုက်ချိုးမယ်ဆိုရင်လဲ ပင်ပန်းနာကျင်အုံးမယ်။ နောက်ထပ် ဦးချိုလှလှပြန်ရဖို့ အချိန်အကြာကြီး ပြန်စောင့်ရအုံးမယ်။ တကယ်လို့ မုဆိုးနဲ့တွေ့ရင် ငါလွတ်အောင်ပြေးနိုင်တယ်။ ပြေးလမ်းကို သိပြီးသားမို့ တအားကုန်ပြေးရင် လွတ်မြောက်မှာပဲလို့ တွေးတောပြီး ဦးချိုအလှတွေကို ဒီအတိုင်းဆက်ထားလိုက်ပါတယ်။ သမင်အစ်ကိုက သူ့ညီကို ဦးချိုတွေ တိုက်ဖြတ်ချိုးထားဖို့ ပြောဆိုတိုက်တွန်းပေမဲ့ နားမထောင်ဘူးတဲ့ကွယ်။

ရက်ပေါင်းအတော်ကြာတဲ့အခါ မုဆိုးဟာ လေးမြားလက်နက်အပြည့်အစုံနဲ့ တောထဲကို ရောက်လာပြန်တယ်။ သူနဲ့အတူ တောလိုက်ခွေးတစ်ကောင်လဲပါလာတယ်။ အဲဒီမှာ သမင်ညီနောင် ရေသောက်ဆင်းပြီးပြန်အလာနဲ့ တည့်တည့်တိုးလေတယ်။ မုဆိုးကိုမြင်တာနဲ့တစ်ပြိုင်နက် သမင်အစ်ကိုနဲ့ သမင်ညီက ပြေးကြဖို့ဟန်ပြင်လိုက်တယ်။ မုဆိုးမှာပါလာတဲ့ တောလိုက်ခွေးကိုလဲလွတ်အောင် ပြေးကြရတယ်။ မုဆိုးက ခွေးနဲ့ညှပ်ပြီး လိုက်လာတဲ့အတွက် သမင်ညီနောင်ဟာ လမ်းရိုးအတိုင်း ပြေးလို့မရတော့ဘဲ သစ်ပင်ချုံနွယ်တွေကြားက ကွေ့ပတ်ပြေးရသတဲ့ကွယ်။ သမင်အစ်ကိုဟာ သေဘေးက လွတ်သွားသတဲ့ကွယ်။

သမင်ညီလဲ မုဆိုးမဖမ်းမိဖို့ ခြေဦးတည့်ရာကို ဇွတ်တရွတ်ပြေးလေတယ်။ ပြေးလမ်းမှာ သစ်ပင်နဲ့ ချုံနွယ်တွေရှိနေလို့ ပြေးချင်တိုင်း ပြေးလို့မရပြန်ဘူးတဲ့ကွယ် ။ ဒီလိုနဲ့ တစ်နေရာအရောက်မှာ သမင်ညီရဲ့ဦးချိုနဲ့ ချုံနွယ်ပင်တို့ ငြိတွယ်သွားလေတယ်။ သမင်ညီက ရုန်းပေမဲ့ ခိုင်ခံ့နေတဲ့ချုံနွယ်ကြောင့် ရုန်းမရဘဲဖြစ်နေတယ်။ အဲဒီအချိန်မှာ မုဆိုးက အနီးရောက်လာပြီး သမင်ကို အလွယ်တကူဖမ်းယူဖို့ ဟန်ပြင်လိုက်တယ်။

မုဆိုးနဲ့ဝေးရာကိုပြေးလွှားနိုင်ခဲ့တဲ့ သမင်အစ်ကိုက သမင်ညီကို စိတ်မချလို့ တစ်ဖက်လမ်းကနေ စောင့်ကြည့်တဲ့အခါ သမင်ညီရဲ့ဦးချို ချုံနွယ်နဲ့ငြိနေတာကို တွေ့လိုက်ရတယ်။ သမင်အစ်ကိုလဲ ရုတ်တရက် အကြံရပြီး ချော်လဲလို့ ခြေကျိုးဟန်ဆောင်ကာ မုဆိုးမြင်အောင်ပြလိုက်တယ်။ သမင်အစ်ကိုကို မြင်သွားတဲ့ မုဆိုးဟာ ကျိန်းသေရတော့မှာဖြစ်တဲ့ သမင်ညီကို ခဏထားပြီး သမင်အစ်ကိုနောက်ကို လိုက်လေတယ်။ ခရီးအတော်ဝေးတဲ့ထိ မုဆိုးကိုမျှားခေါ်ပြီးတော့ တစ်ဖက်လမ်းကနေ သမင်ညီထံ ပြန်ပြေးလာတယ်။ သမင်အစ်ကိုက သမင်ညီနားရောက်တာနဲ့ ရုန်းကန်ခိုင်းပြီး သူက ကိုယ်လုံးနဲ့ပြေးတွန်းကာ ညီကိုလွတ်အောင် ကူညီလိုက်တယ်။ အစ်ကိုရဲ့တွန်းအားနဲ့ ညီရဲ့ရုန်းအားတို့ကြောင့် ဦးချိုနဲ့ငြိနေတဲ့ နွယ်ကြိုးဟာ ပြတ်သွားပြီး နှစ်ကောင်စလုံး မုဆိုးနဲ့လွတ်ရာကို ပြေးနိုင်ခဲ့သတဲ့။

သေရမဲ့ဆဲဆဲ မုဆိုးလက်က လွတ်ခဲ့ရတဲ့ သမင်ညီဟာ သူ့ရဲ့အမှားတွေအတွက် နောင်တရပြီး အစ်ကိုကို ခွင့်လွှတ်ပါလို့တောင်းပန်တယ်။ နောက် သမင်အစ်ကိုပြောတဲ့အတိုင်း ဦးချိုကိုချိုးဖြတ်ဖို့ စတင်ကြိုးစားလေတော့သတဲ့ကွယ်။

ကလေးတို့လဲ ဒီပုံပြင်လေးထဲက သမင်ညီငယ်ရဲ့ အဖြစ်ကို သင်ခန်းစာယူပြီး အလှအပကို အလွန်အကျွံမမက်မောဖို့၊ ကြီးသူရဲ့စကားကို နားထောင်ဖို့၊ အမှားကို သိမြင်ကာ အမှန်ပြင်ဖို့လိုအပ်ပါတယ်ကွယ်။

**ညွန့်ဝင်း(နတ်တလင်း)**

## ကျောင်းသားလူငယ်


- ကျောင်းသားလူငယ် ဆိုသည်မှာ
  စာပေလိုက်စားပါ။
- ပညာရေးသာ စိတ်ဝင်စား
  ပန်းတိုင်ရောက်စေသား။
- ရိုးသားလှုပ်ရှား ကျောင်းတော်ဝယ်
  ပညာကြိုးစားကွယ်။
- လူငယ်မောင်မယ် ထူးချွန်ရေး
  စိတ်ကောင်းမွေးမြူပေး။
- ကိုယ်စိတ်ယဉ်ကျေး ဆက်ဆံလေ
  စံပြဖြစ်ပါစေ။
- မျိုးဆက်သစ်တွေ ဂုဏ်ရည်ဖြိုး
  နိုင်ငံ့ဂုဏ်သယ်ပိုး။ ။



**မောင်ခဲတံ(ပညာရေး)**


## နှလုံးသားလှပါ

- နှလုံးသားလေး အလှဆင်
  မျက်နှာချိုပြုံးရွှင်။
- စိတ်ဓာတ်ပြုပြင် မေတ္တာထား
  အများကူညီသွား။
- ရိုးရိုးသားသား နေထိုင်ပါ
  အလုပ်ကြိုးစားကာ။
- မိဘဆရာ ဩဝါဒ
  နာခံမှတ်သားကြ။
- ယဉ်ကျေးဘဝ မြတ်နိုးစေ
  ဆဲဆိုကင်းပလေ။
- လှကျက်သရေ တန်ဖိုးရှိ
  ကျင့်သုံးနေထိုင်ဘိ။ ။



**ဖြိုးထက်(ရေစကြို)**




# ကလေးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၃၁၅၈ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကလေး နိုဝင်ဘာ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၃၁၅၈ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ကေ ၁၃၆၆၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၃၁၅၈ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ်ဆောင်းသီးနှံ စိုက်ပျိုးရာသီ ကလေးမြို့နယ်မှာ ပဲတီစိမ်းကေ ၁၀၀၀၀ ကျော် စိုက်ပျိုးဖို့အတွက်လျာထားပါတယ်။ ဒီနေ့ထိ ကေ ၃၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး ပဲတီစိမ်းတိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်စေဖို့နဲ့ မျိုးကောင်း၊ မျိုးသန့်တွေသုံးစွဲဖို့ ပညာပေးတာတွေရှိပါတယ်"ဟု ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်ထွန်းဝင်းက ပြောပြသည်။

ယခုနှစ် ကလေးမြို့နယ်တွင် ပဲတီစိမ်းစိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်း၊ မျိုးသန့်ရရှိရေး၊ ပိုးမွှားကျရောက်မှု ကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးဆောင်ရွက်လျက်ရှိကြောင်း ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်ထွန်းဝင်းက ပြောပြ၍ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်းစိုက်ပျိုးရာတွင် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများ၊ ရိတ်သိမ်းချိန်လွန်နည်းပညာပေးခြင်း လုပ်ငန်းများကို ဒေသခံတောင်သူများနှင့် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ (၂၀၆)

ခြင်ဆေးခွေသုံးလျှင် သတိယှဉ် အောက်တွင်ခံခွက် မမေ့နှင့်

# ကံမမြို့နယ် ပွတ်စုကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း မြေနီကျောက်စရစ်ခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**ကံမ နိုဝင်ဘာ ၃၀**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ပွတ်စုကျေးရွာ၌ တိုင်းဒေသကြီး ရန်ပုံငွေဖြင့် ကျေးလက်ကုန်ထုတ်လမ်း မြေနီကျောက်စရစ်ခင်းခြင်း လုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို နိုဝင်ဘာ ၂၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သရက်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမိုးဝင်း၊ ကံမမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းကျော်ကျော်မျိုးနှင့်ဝန်ထမ်းများက ကျေးရွာလမ်းဖြစ်မြောက်ရေး ကော်မတီဝင်များနှင့်အတူ ပွတ်စုကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းမြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းနှင့် Slab Culvert နှစ်စင်း တည်ဆောက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များနှင့်တွေ့ဆုံကာ စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေးဆောင်ရွက်ပေးမည့် အခြေအနေများကို ဆွေးနွေးပြောကြားသည်။

ကံမမြို့နယ် ပွတ်စုကျေးရွာ၌ အရှည် ငါးဖာလုံ၊ အကျယ် ၁၀ ပေ၊ အမြင့်ကိုးလက်မရှိ ကျေးလက်ကုန်ထုတ်လမ်း မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းနှင့် အရှည် ၁၆ ပေ၊ အကျယ် ၁၀ ပေ၊ အမြင့်သုံးပေရှိ Slab Culvert နှစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းများကို တိုင်းဒေသကြီး ရန်ပုံငွေကျပ် ၃၈ ဒသမ ၂ သန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများက တာဝန်ယူ၍ ဇွန် ၇ ရက်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

ကိုညို







## မန္တလေးမြို့အတွက် ဝန်ထမ်းအမြန်အလိုရှိသည်

၁။ Office Staff အမျိုးသမီး (၁)ဦး
- (၁၀)တန်းအောင်ဖြစ်ရမည်။
- အသက် ၁၈ နှစ်အထက်နှင့် ကျန်းမာရေးကောင်းမွန်ရမည်။
- လုပ်ငန်းအတွေ့အကြုံမရှိလည်း လျှောက်ထားနိုင်ပါသည်။
- Computer Basic တတ်မြောက်ထားရမည်။
- အိမ်ထောင်မရှိသူ ဖြစ်ရမည်။
- လစာ ညှိနှိုင်း။

၂။ အထွေထွေလုပ်သား ဝန်ထမ်း (၂)ဦး
- အသက် ၁၈ နှစ်အထက်။
- ကျန်းမာသန်စွမ်းသူဖြစ်ရမည်။
- အလုပ်ကြိုးစားသူဖြစ်ရမည်။
- နေ၊ စား ငြိမ်း။
- အိမ်ထောင်မရှိသူ ဦးစားပေးမည်။
- လစာ ညှိနှိုင်း။

၂။ လုံခြုံရေး ဝန်ထမ်း (၁)ဦး
- အသက် ၃၀ မှ ၅၀ အတွင်းဖြစ်ရမည်။
- မိမိလုပ်ငန်းခွင်အား လုံခြုံရေးအသိ၊ လုံခြုံရေးသတိနှင့် တာဝန်ယူဆောင်ရွက်ရမည်ဖြစ်ပါသည်။
- အကျင့်စာရိတ္တကောင်းမွန်ပြီး ပြစ်မှုကင်းရှင်းသူဖြစ်ရမည်။
- နေ၊ စား ငြိမ်း။
- လစာ ညှိနှိုင်း။

အထက်ပါရာထူးများအတွက် စိတ်ပါဝင်စားပါက ၀၉-၄၃၁၀ ၃၀၂၅/ ၀၉-၇၉၂၈၈၈၃၉ သို့ ဆက်သွယ်စုံစမ်း၍ မန္တလေးမြို့တွင် CV Form နှင့်တကွ လာရောက်လျှောက်ထားနိုင်ပါသည်။ ရက်အကန့်အသတ်မရှိ လျှောက်ထားနိုင်ပါသည်။

## မွေးသက္ကရာဇ်အမှန်

အမရပူရမြို့နယ်၊ ယန္တရားအခြေခံပညာအထက်တန်းကျောင်း အလယ်တန်းပြဆရာ ဦးမောင်မောင်လေး (ဘ) ဦးဒွေး ၉/အမရ(နိုင်)၀၃၀၄၉၆၏ မွေးသက္ကရာဇ်အမှန်မှာ နိုင်ငံသားစိစစ်ရေးကတ်အရ ၂.၆.၁၉၆၃ ဖြစ်ပါကြောင်း။

ဦးမောင်မောင်လေး
၂.၆.၁၉၆၃

## သင့်သွေးဖြင့် အသက်ကယ်ပါ

# အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် ''1111'' အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme-PFP) ကိုအသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် ''1111'' ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့်ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး အဖွဲ့များက Short Code နံပါတ် ''1111'' ဖြင့် SMS ပေးပို့မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီး ကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော် တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**



❖ **ငြိမ်းချမ်းရေးမူဝါဒ(၆)ရပ်ဟာ NCA စာချုပ်ရဲ့ အနှစ်သာရအတိုင်းဖြစ်သလို ခေတ်အဆက်ဆက် ငြိမ်းချမ်းရေးကြိုးပမ်းမှုသမိုင်းတွေက ရရှိလာတဲ့ "အသိတရား"ဖြစ်ပြီး လက်ရှိ ငြိမ်းချမ်းရေးတည်ဆောက်မှု ခိုင်မြဲစေဖို့အတွက် လုပ်ဆောင်ရမယ့် "အရှိတရား" လည်းဖြစ်တယ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် မတ် ၂၇ ရက်တွင် ကျင်းပသော (၇၉)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားတွင် ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောသို့ ဆောင်းခိုငှက်များ စတင်ဝင်ရောက်



မိုးယွန်းကြီးအင်း၌ စစ္စလီငှက်များကို တွေ့ရစဉ်။

ရန်ကုန် နိုဝင်ဘာ ၃၀

မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောသို့ ယခုနှစ် ဆောင်းရာသီအစပိုင်းတွင် ဆောင်းခိုငှက် ၂၉ မျိုး စတင်ဝင်ရောက်နေပြီဖြစ်ကြောင်း မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအုပ်ချုပ်ရေးမှူးရုံးမှ သိရသည်။

ဧက ၂၅၆၀၀ ကျယ်ဝန်းသော မိုးယွန်းကြီးအင်းတွင် ယမန်နှစ် ဆောင်းခိုငှက်ရာသီ၌ ဆောင်းခိုငှက်မျိုးစိတ် ၁၁၂ မျိုး ဝင်ရောက်ခဲ့ပြီး ယခုနှစ်တွင်လည်း ဆောင်းခိုငှက်မျိုးစိတ်ရာကျော်ဝင်ရောက်နိုင်ကြောင်း မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအုပ်ချုပ်ရေးမှူးရုံးမှ ခန့်မှန်းထားသည်။

"မိုးယွန်းကြီးအင်းကို ဆောင်းခိုငှက်တွေ ဝင်ရောက်လာတယ်ဆိုတာ အင်းထဲမှာ အစာရေစာပေါများပြီး နေရာဒေသကောင်းမွန်ကြောင်းကို ပြသနေတာဖြစ်ပြီး

စာမျက်နှာ ၂၀ ကော်လံ ၁ ☆

## ၂၀၂၃ ခုနှစ်အတွက် (၇၅)နှစ်မြောက် စိန်ရတု အမျိုးသားစာပေဆု ဆုနှင်းသဘင် အခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မည်

၂၀၂၃ ခုနှစ်အတွက် (၇၅)နှစ်မြောက် စိန်ရတုအမျိုးသားစာပေဆု ဆုနှင်းသဘင်အခမ်းအနားကို ဒီဇင်ဘာ ၁ ရက် **(ယနေ့)** နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၁ (MICC-I)၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီ ၄၅ မိနစ်မှစတင်၍ MRTV-HD၊ MRTV Parliament၊ MWD HD Channel၊ MWD Variety HD Channel နှင့် မြန်မာ့အသံရေဒီယို၊ သဇင် FM၊ MOI Website၊ MOI Youtube၊ MRTV App အပါအဝင် MRTV Online Platform တို့မှ တိုက်ရိုက်(LIVE)ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း မိဘပြည်သူများကို ကြိုတင်အသိပေးအပ်ပါသည်။

## KNDF နှင့် PDF အမည်ခံ အကြမ်းဖက်သမားများ၏ ပစ်ခတ်မှုကြောင့် သံဃာတော် တစ်ပါး ပျံလွန်တော်မူခဲ့ပြီး နှစ်ပါး ထိခိုက်ဒဏ်ရာရရှိ

စာမျက်နှာ - ၂၂

**အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များနှင့် ပြည်သူ့ဆေးရုံများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်** စာမျက်နှာ - ၂၁

**ဆိုင်ကလုန်းမုန်တိုင်း "ဖန်ဂယ်လ်" အရှိန်ကြောင့် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးရွာနိုင်** စာမျက်နှာ - ၂၀

**မကွေးတိုင်းဒေသကြီး မကွေးမြို့၌ "ချိုချို" စိန်ရွှေရတနာဆိုင်မှ ငွေကျပ် ၇၅၄ သိန်းခန့်တန်ဖိုးရှိ ရွှေထည်ပစ္စည်းအလေးချိန် ၁၃ ကျပ်သားခန့်အား သေနတ်ဖြင့်ပစ်ခတ်ခြိမ်းခြောက်၍ လုယက်မှုကျူးလွန်ခဲ့သူတရားခံ အမျိုးသားနှစ်ဦးကို သက်သေခံရွှေထည်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ** စာမျက်နှာ - ၂၂

MYAWADDY TRADING LIMITED





ပို့ကုန် လယ်ယာထွက်သီးနှံ၊ ဆန်စပါး၊ သကြား၊ ရာဘာ၊ ရေထွက်ပစ္စည်း၊ အခြားပို့ကုန်အမျိုးမျိုး။

သွင်းကုန် စားအုန်းဆီ၊ လူ့အသုံးအဆောင်၊ ရေနံနှင့်ဓာတုပစ္စည်း၊ဓာတ်မြေဩဇာ၊ ကတ္တရာ။

Tel: 95-01-8373255,8373265,8373267, 8373291

Fax: 95-01-8373257